# တာရာမင်းဝေ

## ကိုယ့်လက်နဲ့ ဖမ်းမိတဲ့ နဂါးငွေ့တန်း

**မောင်မျိုး**

စီစဉ်သည်



(၁)

ဝေဠု စိတ်ညစ်နေသည်။

သူငယ်ချင်းတွေနဲ့လည်း တွေ့လိုစိတ် မရှိ။ တစ်ကိုယ်တည်း ခြေဦးတည့်ရာ လျှောက်သွားနေမိသည်။ လမ်းဘေးတိုက်နံရံတစ်ခုကို မှီပြီး နိုင်ငံခြားမင်းသားစတိုင်လ်နှင့် ရပ်နေမိသေးသည်။ နေရ ထိုင်ရတာ ဘယ်လိုကြီးမှန်းကို မသိ။

ကြည်လင်သောကောင်းကင်ကို မော့ကြည့်ရာမှာတောင် စိတ်က ကြည်လင်မလာ။

'မိုးကောင်းကင်ကြီး ကျုံ့လာနေတယ်လို့ သိပ္ပံပညာရှင်တွေက ပြောကြတယ်။ အိုဇုန်းလွှာတွေကလည်း ပေါက်လို့ ပြဲလို့တဲ့…။ အင်း… မိုးပေါ်မှာနေတဲ့ နတ်တွေတော့ ပြဿနာပဲ'

တောင်စဉ်ရေမရတွေ လျှောက်တွေးနေမိသည်။

'နတ်တွေကြုံတဲ့ ဒုက္ခက အရေးမကြီးဘူး၊ ငါကြုံနေရတဲ့ ဒုက္ခက အရေးကြီးတယ်…။ ဗေဒင် ဝင်မေးကြည့်ရင် ကောင်းမယ်ထင်တယ်။ ဟုတ်တယ်…။ တစ်ခုခု ထူးလိုထူးငြား ဗေဒင် ဝင်မေးကြည့်

မယ်…'။

တစ်လမ်းဝင် တစ်လမ်းထွက် ဗေဒင်ဆိုင်းဘုတ်တွေကို လိုက်ကြည့်နေမိသည်။

**ဆရာထိုမျိုး (အင်ထိင်စာ)**
**ဝိဇ္ဇာနည်းတူ မြန်မာဗေဒင်**
**❖ ဓါတ်ရိုက်၊ ဓါတ်ဆင်၊ အစီအရင်များလျှောက်ထုင်ပေးသည်။ ❖**

'အင်း…ဒီဗေဒင်ဆရာဆီတော့ မမေးချင်ဘူး၊ တော်ကြာ…ငါ့ကို လျှောက်ပြောလွှတ်နေဦးမယ်'

ဆက်လျှောက်ရင်း နောက်ဆိုင်းဘုတ်တစ်ခုကို တွေ့ရသည်။

**ဆရာကျော်ဝဏ္ဏ (တသံတ)**
**နက္ခတ်၊ လက္ခဏာ၊ သင်္ချာဗေဒနှင့်ဆန်းပညာရှင်အကျော်အမော်**
**'သင့်ကို ကြည့်ကျက်ဟောမည်'**

'ဟင်…ဒါမျိုးကျတော့လည်း မဖြစ်သေးပါဘူး'

ဆိုင်းဘုတ်တွေကို တစ်ခုပြီးတစ်ခု လိုက်လေ့လာသလို ဖြစ်နေသည်။

ကြာတော့လည်း စိတ်ရှုပ်တာတွေ ပိုရှုပ်လာသည်။ မမေးတော့ဘူးဟု ဆုံးဖြတ်မိကာမှ စိတ်ဝင်စားဆရာ ဆိုင်းဘုတ်တစ်ခုကို သွားတွေ့သည်။

**ဆရာကြီး လွှမ်းဝေနိုင်**
**'ရှေ့ပြေးဟော ပညာရှင်'**
**(မှတ်ချက်– နောက်ကြောင်းကိုလည်း ဟောနိုင်သည်။)**
**အိဂျစ်၊ အိန္ဒိယ၊ တိဗက်မှ လျှို့ဝှက်နက်နဲသော ဂမ္ဘီရပညာရပ်များဖြင့်**
**သင့်လိုအင်ကို ဖြည့်ဆည်းပေးမည်။**





'အင်း…ဒီဆရာကြီးကတော့ မဆိုးဘူးထင်တယ်'

ဗေဒင်ဟောခန်းက ဒုတိယအထပ်မှာဖြစ်၏။ လှေကားအတိုင်း တက်သွားလိုက်သည်။ ဟောခန်းအဝမှာ 'အကြားအမြင် ပညာခန်း' ဟူသော ဆိုင်းဘုတ်ကို တပ်ထားပြန်သည်။

ဟောခန်းအဝမှာပဲ ရပ်နေလိုက်သေးသည်။ သို့သော်…မည်သည့်ခေါ်သံမှ ထွက်မလာ။ ထို့ကြောင့် အခန်းထဲသို့ ကိုယ့်အသိစိတ်ဓါတ်နှင့်ကိုယ် ဝင်သွားလိုက်သည်။

အခန်းထဲမှ စားပွဲတစ်လုံးမှာ လူတစ်ယောက် ဂျာနယ်ထိုင်ဖတ်နေသည်။ သူဝင်သွားမှ အလန့်တကြား မော့ကြည့်၏။

ဝေဠုက…

"ဆရာကြီးလွှမ်းဝေနိုင် ရှိသလား"

"ဩော်…ဟုတ်ကဲ့…ရှိပါတယ်၊ ဗေဒင်မေးဖို့လား"

"ဟုတ်ပါတယ်"

"ခဏနော်"

"ဟုတ်ကဲ့"

ထိုလူက ဆရာကြီးလွှမ်းဝေနိုင်ကို သွားခေါ်ပေးခြင်း မဟုတ်ပါ။ သူ့ဘာသာ ဂျာနယ်ဆက်ဖတ်နေသည်။ ခဏကြာမှ ဆရာကြီးက အပြင်သို့ သူ့အလိုလိုထွက်လာပြီး ဝေဠုကို မြင်သည်။ 'ဩော…'ဟု အသံပြုပြီး…

"ဗေဒင် မေးချင်တယ်…ထင်တယ်"

"ဟုတ်ပါတယ်"

"လာလေ…"

အတွင်းခန်းထဲ ခေါ်သွားပြီး စားပွဲတစ်လုံးရှေ့မှာ ထိုင်ခိုင်းသည်။ ဝေဠုကို ပြုံးပြပြီး တစ်စုံတစ်ရာကို ပြောမည်အပြု…

ဝေဠုက…

"ဟုတ်ကဲ့ဆရာကြီး…အပြည့်အစုံမှတ်မိပါတယ်၊ (၅)ကြွင်း၊ အင်္ဂါ၊ ရာဇဖွားပါ။ ဒီမှာက ဒေါ်လေးလုပ်ပေးထားတဲ့ ကျွန်တော့်ရဲ့ ဇာတာပါ၊ ကွန်ပျူတာနဲ့ ဖွဲ့ထားတာပါ"

"သြော်…အေး…အေး…ပေး"

ဆရာကြီးက ဝေဠု၏ဇာတာကို ငုံ့ကြည့် စစ်ဆေးနေ၏။ အတော်ကြာမှ မော့ကြည့်၏။ သူ မမေးခင်မှာဘဲ ဝေဠုက ဖြေလိုက်သည်။

"ကျွန်တော်က ရှေ့ဖြစ် နောက်ဖြစ်တွေကို သိချင်တာမျိုး မဟုတ်ပါဘူး ခင်ဗျ။ ကျွန်တော့်မှာ ဖြစ်နေတဲ့ ထူးခြားချက်တစ်ခုဟာ ဘာကြောင့် ဖြစ်နေတာလဲဆိုတာကို သိချင်တာ…။ ယတြာချေ၊ အစီအရင်တွေလုပ်ရင် ပျောက်ပျက်သွားနိုင်မလားလို့ လာမေးတာပါ"

ဆရာကြီးက သူ့ကို နားမလည်သလို ကြည့်၏။ ထိုစဉ် အချိန်မှာပဲ ဝေဠုက ထပ်ပြောသည်။

"အင်း…ဆရာကြီးက ဝမ်းတွေလျှောနေတာကိုး…၊အခုလည်း ဝမ်းထဲက ရစ်လာပြန်ပြီ မဟုတ်လား၊ အိမ်သာ သွားချင်သွားပါ ဆရာကြီး၊ ကျွန်တော် စောင့်နေပါ့မယ်"

"ဟင်…"

ဆရာကြီးက တအံ့တသြဖြစ်နေ၏။ သို့သော်…ဝေဠုကို ဘာမှ မတုံ့ပြန်အား။ ဗိုက်ကို နှိပ်ပြီး…

"ခဏ…"

နောက်ဖေးဘက် ဝင်သွားသည်။ သိပ်မကြာပါ…ပြန်ရောက်လာပြီး ကုလားထိုင်မှာ ဝင်ထိုင်သည်။ ဘာမှ မပြောသေးဘဲ ဝေဠု၏ မျက်နှာကို စေ့စေ့ကြည့်နေ၏။

"ကလင်…ကလင်"

အခန်းထောင့်မှ တယ်လီဖုန်းက မြည်လာသည်။ ဆရာကြီးက တယ်လီဖုန်းကို မျက်မှောင်ကြုတ်ပြီး လှည့်ကြည့်၏။ ထတော့ မကိုင်သေး။

"ကျွန်တော့်ကို အားနာစရာမလိုပါဘူး၊ ဆရာကြီး ဖုန်းပြောချင် သွားပြောပါ၊ ရပါတယ်…။ ဆရာကြီး ထင်သလို အိမ်က ဆရာကြီးရဲ့ မိန်းမ ဖြစ်ချင်ဖြစ်နေမှာပါ"

ဆရာကြီးက သွားမကိုင်ပါ။ ရှေ့ခန်းမှလူက ဝင်လာပြီး ကိုင်၏။





"ဟုတ်ကဲ့…ဟုတ်ကဲ့…ဆရာကြီး သက်သာပါတယ်၊ ဝမ်းသိပ် မသွားတော့ဘူး၊ ဟုတ်ကဲ့ဆရာမ…ဟုတ်ကဲ့…ဒီမှာ ဗေဒင်မေးသူရောက် နေလို့၊ ဟုတ်ကဲ့…ဟုတ်ကဲ့…"

ထိုလူ ဖုန်းပြောနေချိန်မှာ ဆရာကြီးက ဘာမှမပြောနိုင် ဖြစ်နေ၏။ ပါးစပ်အဟောင်းသားနှင့် ဝေဠုကို ငေးကြည့်နေသည်။ ဝေဠု သက်ပြင်းချမိသည်။

ဆရာကြီးက…

"မင်းက…မင်းက ဘာဖြစ်လို့ ငါ့စိတ်ထဲက ခံစားချက်တွေကို လိုက်သိနေတာလဲ"

ဝေဠုက လေပူကြီး မှုတ်ထုတ်ကာ…

"ဟုတ်ကဲ့ဆရာကြီး…ကျွန်တော် သိချင်တာလည်း အဲ့ဒါကို ပါပဲ"

"ဘာ…"

"ဟုတ်ပါတယ် ဆရာကြီး၊ ဘယ်လိုဖြစ်တယ် မသိပါဘူး၊ ကျွန်တော်ဟာ ကျွန်တော့်အနီးမှာရှိနေတဲ့ လူတစ်ယောက်ရဲ့ ခံစား ချက်တွေကို အလိုအလျောက် လိုက်ခံစားနေရတာယ်။ အနီးကလူရဲ့ ဝေဒနာကို ကိုယ့်ဝေဒနာလိုမျိုး လိုက်ခံစားရတာပါ။ အဲဒါ ဘာဖြစ်လဲဆို တာကို သိချင်လို့ ဆရာ့ဆီ ဝင်မေးတာပါ"

ဆရာကြီးက ဝေဠုကို မသင်္ကာသလို ကြည့်၏။

"မဟုတ်ပါဘူး ဆရာကြီး။ ကျွန်တော် ရိုးရိုးသားသားရောက် လာတာပါ၊ ဆရာကြီးကို ပညာလာစမ်းတာ မဟုတ်ပါဘူး"

ဆရာကြီးက သူ့ကို မင်သက်ပြီး ကြည့်နေ၏။ ပြီး…ဝုန်း ခနဲ ထရပ်သည်။ ဝေဠု ကပျာကယာ ပြန်ငြင်းလိုက်သည်။

"အာ…အဲ့ဒါလည်း မဟုတ်ပါဘူး ဆရာကြီး၊ ကျွန်တော်ဟာ ဆရာကြီးနဲ့ မတည့်တဲ့ ဓါတ်ခန်းက လွှတ်လိုက်တဲ့ ပညာသည်မဟုတ် ပါဘူး၊ ဘာမှမဆိုင်ဘူး ဆရာကြီး"

"ဟို…အင်း…"

ဆရာကြီးက ဝေဠု၏မျက်နှာမှ အကြည့်မလွှဲဘဲ နှုတ်ကလည်း

ဗလုံးဗထွေးတွေ ရေရွတ်နေ၏။ ဝေဌေ တစ်စုံတရာကို သိလိုက်ပြန်သည်။

''အာ…အာ…အဲဒါက ပိုမဟုတ်ဘူး ဆရာကြီး''

ခြေကာကာ လက်ကာကာ ငြင်းမိ၏။ သို့သော်…မရ။ ဆရာကြီး၏ မျက်နှာက ပြုံးချိုလာပြီး…

''ဒါတော့ဟုတ်မှာပါ ဆရာရယ်၊ ကျွန်တော့်ကို မငြင်းပါနဲ့တော့။ ဆရာဟာ ကျွန်တော့်ကို ပညာတွေမြှင့်တင်ပေးဖို့ ရောက်လာတဲ့ ပုဂ္ဂိုလ်ထူးပါ။ ဝမ်းသာလိုက်တာ ဆရာရယ်၊ ကျွန်တော့်ဆုတောင်းပြည့်တာပါပဲ။ ဘုရားရှိခိုးတိုင်း ပဌာန်းဆက်ရှိတဲ့ ပညာသည်တွေက ပညာလာဆက်သင်ပေးဖို့ ဆုတောင်းခဲ့တာပါ''

''အာ…မဟုတ်ဘူး၊ မဟုတ်ဘူး''

''ဟုတ်ပါတယ် ဆရာရယ်၊ လာပါ…ဘုရားခန်းကို ကြွပါ''

''ဟာ…''

ရှေ့ခန်းသို့ ပြန်ထွက်သွားပြီးသားဖြစ်သော စာရေးက နောက်ခန်းထဲသို့ ပြန်ဝင်လာပြီး သူတို့နှစ်ယောက်ကို အထူးအဆန်းလို ကြည့်နေ၏။

''တော်ပြီ…တော်ပြီ''

ဝေဌေ သူတို့ရှေ့မှ အတင်းပြေးထွက်ပြီး အောက်သို့ အလျင်အမြန် ပြေးထွက်ခဲ့သည်။ လမ်းပေါ်ရောက်မှ အသက်ဝဝရှူရ၏။ ခြေလှမ်းအရှိန်ကို မလျော့ရဲဘဲ ထိုနေရာမှ ဝေးရာသို့ သုတ်ခြေတင်ပြီး လျှောက်ရပြန်သည်။ စိတ်တိုမိ၏။

'ငါ့နှယ်ကွာ…'

လွတ်ရာကျွတ်ရာရောက်မှ အမောဖြေရန် သတိရ၏။ ဘတ်စတဲန်းတစ်ခုတွင် ဝင်ထိုင်လိုက်သည်။ စီးကရက်တစ်လိပ်ကို အိတ်ထဲမှ ထုတ်ယူပြီး မီးညှိကာ အားရပါးရ ရှိုက်ဖွာလိုက်သည်။

တစ်ဖွာနှစ်ဖွာပဲ ရှိုက်ရသေးသည်။ စိတ်ထဲမှာ ကလိကလိဖြစ်ကာ လာလေသည်။ နံဘေးဘက် လှည့်ကြည့်မိပြီး သက်ပြင်းမောကြီး ချမိပြန်၏။ ကိုယ့်ဘဝကိုယ် စိတ်နာလှပါပြီ။

'အင့်'





အိတ်ထဲမှ စီးကရက် နောက်တစ်လိပ်ကို ထုတ်ကာ နံဘေးမှ ခပ်နွမ်းနွမ်းလူကို ပေးလိုက်၏။ ထိုလူ ဝမ်းသာသွားသည်။

''ဟာ…ဟုတ်ကဲ့၊ ကျေးဇူးပဲ''

မီးခြစ်ထုတ်ပြီး မီးညှိပေးလိုက်သည်။ ပြီး…

ထိုနေရာမှလည်း ထ ထွက်လာလိုက်တော့သည်။ ထိုလူက သူ့ကို မယုံကြည်နိုင်သော မျက်လုံးများနှင့် ငေးကြည့်ကာ ကျန်ခဲ့သည်။

ကိုယ် စီးကရက်သောက်တာကို ကြည့်ပြီး သူလည်း ဘေးကနေ သောက်ချင်စိတ်က ဖွားဖွားပေါ်နေတာ…ကိုယ်သိသားပဲ။ အဲ့ဒါတွေကြောင့် ကိုယ့်ကိုကိုယ်လည်း ဒီလောက်အထိ စိတ်ညစ်နေတာ…။

ပြောရရင်လည်း ဘယ်သူကမှ ယုံကြမှာ မဟုတ်ဘူး။ ကိုယ်ကိုတိုင်တောင် မယုံချင်ဘူး။

'ဟူး'

လေပူကြီး မှုတ်ထုတ်ရပြန်သည်။

❀❀❀

ကောင်မလေးရေ…
နှင့်ရင်ခွင်ထဲကို ငါဝင်ကြည့်ချင်တယ်။
(ဘာတွေရှိသလဲလို့…)

လက်မှတ်ကို ကိုင်ပြီး ငါရောက်ခဲ့ပါရဲ့။
အံ့သြစရာ…
နှင်ဟာ…ရုံစောင့်ကြီးဖြစ်နေတယ်။
လက်မှတ်ကို ဆွဲယူပြီး တစ်ဝက်ကို ဆုတ်ပစ်လိုက်တယ်။

အဲဒါဟာ…ဝင်ခွင့်ပြုတာလား…။
ဒါမှမဟုတ်…





(၂)

**ကားမှတ်တိုင်ရောက်တော့** ထုံးစံအတိုင်း လူအုပ်ကြီးက ဝေဠု**ကို ဆီးကြိုနေသည်။** ကျောင်းသွားချိန်တိုင်း ဒီလိုကြိုနေကြမို့ ရိုးသွားမည်ဟုထင်လျှင် မှားသွားလိမ့်မည်။ ဘယ်တော့မှ မရိုးရပေ။ လုတက်ရမှာ (အထူးသဖြင့် အမျိုးသမီးများနှင့်) အားနာတတ်သော ဝေဠုအဖို့ကတော့ ကားဂိတ်မှာ အချိန်အတော်ကြာအောင် ခြေထောက်နှစ်ချောင်းလုံးနှင့် ရပ်နေရ၏။

ထို့ကြောင့် လူအုပ်နည်းနည်းကျဲသော အစွန်းဘက်သို့ ရွှေ့ရပ်ကာ သူ့ရှေ့တည့်တည့် လာရပ်မည့်ကားကိုပဲ စောင့်နေလိုက်တော့သည်။ ကံကောင်းချင်တော့ ဆယ်မိနစ်ခန့်အကြာ သူ့ရှေ့ကို ရှေးဟောင်းဘတ်စကားကြီးတစ်စီး လာရပ်၏။ ဒီလို ဘတ်စကားမျိုးက ဒီဘက်တွင်တော့ စီးသူနည်းတတ်သည်မို့ လုပင်မတက်လိုက်ရ…၊ သူကားပေါ်ရောက်သွားသည်။

ကားထဲမှာတော့ ရိုးရာမပျက် ကြပ်မြဲကြပ်ဆဲ။ စပယ်ယာ၏ ပါးစပ်ဖြင့် တွန်းပို့မှုကြောင့် ဝေဠု တဖြည်းဖြည်း အထဲ ရောက်ရောက်

သွားရ၏။ ကြပ်လိုက်သည်မှာလည်း အသက်ရှူ၍ပင် မဝချေတော့။

"တိုးဦး...တိုးဦး...ဆင်းရင် သေသေချာချာကို လေးဘီးစလုံး ရပ်ပေးမှာ...အထဲမှာ...(၇)ရက်သားသမီးတွေ မြန်မာ့ဆိုင်းဝိုင်းကြီးကို လှည့်လို့ရသေးတယ်...ဝင်ဦး..."

စပယ်ယာ၏ အသံကို စိတ်ပျက်မိနေဆဲ...သူ့စိတ်ထဲ မရိုးမရွ ဖြစ်လာသည်။

သူ့ရှေ့မှာ ထိုင်နေသော အမျိုးသမီးကြီး၏ လည်ပင်းမှ အုန်းဆံကြိုးခန့်ရှိသော ဆွဲကြိုးကြီးကို သူ လက်နှင့်လှမ်းကိုင်ကြည့်ချင်နေသလိုလို...၊ သူ့ညာဘက်ဘေးမှ ကုမ္ပဏီဝန်ထမ်းဖြစ်ဟန်တူသော စမတ်ကျကျလူတစ်ယောက်၏ အိတ်ထောင်ထဲတွင် အလုထည့်ထားပုံရသော တစ်ထောင်တန်တစ်ရွက်ကို လက်လှမ်းချင်နေသလိုလို။

ဘယ်လိုကြီးမှန်းကို မသိ ဖြစ်လာရ၏။

သူ့စိတ်သူ မနည်းထိန်းချုပ်နေရသည်။ စောရနက္ခတ်နှင့် ယှဉ်မွေးလာသည်ဟုလည်း သူ့ကို ဘယ်သူကမှ မပြောဘူးပါ။ တစ်ခါမှလည်း သူ ဒီလိုမဖြစ်ဘူးပါ။ ခုလောလောဆယ်တော့ သူ မိန်းမကြီး၏ ဆွဲကြိုးကို လှမ်းဆွဲချင်သလိုလို၊ သူများအိတ်ထဲ လက်လျှိုနှိုက်ချင်သလိုလို...ဖြစ်နေတာ သေချာသည်။

ဝေငြူ မသက်ာ၍ ဘေးကိုကြည့်လိုက်တော့ လားလား...သူ့ဘယ်ဘက်မှာ ကုလားဒိန်တစ်ယောက်။ မျက်စိက ကျီးကန်းမျောက်ဖြစ်ရုံမက လက်ကလည်း ဟိုရောက်သည်ရောက်...ဖြစ်နေသည်ကို တွေ့ရ၏။

ဒါကြောင့်ကိုး...ဟု တွေးရင်း...သူ ထို 'ခါးပိုက်နှိုက်'ကို စိတ်ပျက်လက်ပျက်ကြည့်မိ၏။ ထိုလူကလည်း သူ့ကို ပြန်ကြည့်တော့ သူက 'မလုပ်နဲ့...'ဟူသော သဘောနှင့် ခေါင်းခါပြလိုက်သည်။ ထိုသူက သူ့ကို အူကြောင်ကြောင်ကြည့်ပြီး 'ဘာလို့လဲ'ဟု မျက်နှာရိပ်ဖြင့် ပြန်မေး၏။

သူလည်း ဘာပြောရမှန်းမသိ၍ ခေါင်းချည်း ဖိခါပြနေရသည်။ ခါးပိုက်နှိုက်ဆိုတာကလည်း အမှန်တော့ နာမည်နှင့် လိုက်သည်မဟုတ်။





နာမည်အတိုင်းသာဆိုလျှင် ခိုးကြောင်ခိုးဝှက်မဟုတ်ဘဲ ခါးကိုပိုက်၍ နှိုက်ရလိမ့်မည်။

ကြာလာတော့...ခါးပိုက်နှိုက်က သူ့ကို ဘုကြည့် ကြည့်၏။ 'မဆိုင်တာဝင်ရှုတ်တယ်'ဆိုသော ပုံမျိုး။ ထိုလူက ဘုကြည့်ကြည့်တော့ သူကလည်း ဘုကြည့်ပြန်ကြည့်မိသည်။ အကြည့်ပြိုင်နေကြပြီး ခဏကြာတော့ ခါးပိုက်နှိုက်၏ အကြည့်တွေက ပြောင်းသွားသည်။ တဖြည်းဖြည်း ပြေလျော့လာ၏။ မျက်နှာချိုသွေးသည့် ဘက်သို့ပင် လုလာသလိုလို။

နောက်တစ်မှတ်တိုင်ရောက်တော့ ထိုလူ ကားပေါ်မှဆင်းသွား၏။ သူ့ကို ဘာထင်သွားသည် မသိ။ သူ့စိတ်ထဲမှာ ကြိတ်ပြုံးမိသည်။

ခဏကြာတော့ သူ့စိတ်ထဲ ရွစိရွစိ ဖြစ်လာပြန်သည်။ တဖြည်းဖြည်း သူ့ခန္ဓာကိုယ်က ရှေ့ကို ကော့ချင်သလိုလို ဖြစ်လာပြီး ရှေ့က မိန်းမကြီးကို ထိုင်ခုံမှ မြန်မြန်ဆင်းရင် ကောင်းမှာပဲဟု တွေးနေမိသည်။ သူမ၏ နေရာကို လိုချင်နေမိသည်။ နောက်ဘက်ကိုလည်း တံတောင်နှင့် တွက်ချင်နေမိ၏။

မြတ်စွာဘုရား...။

ဝေငြူလို အားနာတတ်သောသူ ကားပေါ်ပင် လုမတက်ချင်တဲ့ သူက ခု...သူများခုံကို ပစ်မှားနေမိသည် မဟုတ်ပါလား။ သူ့နောက်ကျောကို မလုံမလဲ လှည့်ကြည့်မိတော့လည်း သူ့ကို ဘယ်သူကမှ ဖိတိုးနေခြင်းမရှိ။ စက်မှု(၁)ဝတ်စုံနှင့် အမျိုးသမီးတစ်ယောက်က ကြွမြွေရစွာ ရပ်နေ၏။

ခက်ပြီ...။

သတိရပြီး ဘေးကိုလှည့်ကြည့်လိုက်တော့ သူ့ဘေးမှာ လွယ်အိတ်ကလေးနှင့် ကောင်မလေးတစ်ယောက်။ သူမ၏ နောက်မှာက ဝက်ခြံထူလပြစ်နှင့် ပြီတီတီလုပ်နေသော သကောင့်သားတစ်ယောက်။ ထိုသကောင့်သားက ကောင်မလေးကို အသားယူပြီး အတင်းလိုက်တိုးကပ်နေသည်။

သူ့ဘာသာ လိုက်အသားယူနေခြင်း ဖြစ်၏။ ကောင်မလေးက အသားပေးနေခြင်းလည်း မဟုတ်ချေ။ ဘာလဲ...။

သူ ကောင်မလေးကို သနားသွား၏။ သူ့မှာ နှမ,မရှိဖူးပါဘဲ နှမချင်း စာနာနေမိသည်။ ဘာလုပ်ပေးရရင် ကောင်းမလဲဟု စဉ်းစားလာတုန်း…

“ရှေ့မှတ်တိုင် ပါတယ်”

သူ့ရှေ့မှ မိန်းမကြီးက ထိုင်ရာမှ ထ၏။ သူ ဝမ်းသာသွားပြီး…ကောင်မလေးကို ထိုင်ခိုင်းမည် ပြုသည်။ ထိုစဉ် သုံးယောက်ကျော်လောက်မှ စတစ်ကော်လာ အကျႌအဖြူ ရခိုင်ပုဆိုးနှင့် ညီလာခံအိတ်ကြီး ဆွဲထားသော စာရေးကြီးတစ်ယောက်က သူ့အိတ်ကြီး အတင်းလှမ်းထိုးကာ ခုံပေါ်ချရန် ကြိုးစားတော့သည်။ ခုံကတော့ ငြင်း၍ ရမည်မဟုတ်။

ဝေဠု ဆုံးဖြတ်ချက်ချကာ ထိုင်ခုံတွင် ကပျာကယာ ဝင်ထိုင်လိုက်သည်။ ပြီးမှ ကောင်မလေးကို မော့ကြည့်ကာ…

“လာ…ဒီမှာလာထိုင်”

တိတိကျကျခေါ်ပြီး နေရာပေးတာမို့ ဘယ်အမျိုးသားကောင်းမှ လုမထိုင်ရဲတော့သော်လည်း ဝေဠုကိုတော့ အကြည့်အမျိုးမျိုးနှင့် ကြည့်ကြ၏။ မျက်လုံးတွေကလည်း အမျိုးမျိုးကိုး…။

သူ ကောင်မလေးကို အပေါ်စီးမှ ငေးကြည့်နေမိ၏။ ကောင်မလေးကတော့ ကားအပြင်ကို ငေးလျက်…။

ကားအပြင်မှာလည်း မျက်နှာဝက်ခြံနှင့် လူတွေကို သူမ တွေ့ပါလိမ့်မည်။ ကားထဲမှ လူနှင့်တော့ တူလိမ့်မည် မဟုတ်။

ဝက်ခြံမျက်နှာနှင့်လူကလည်း သူ့ကို မကြည့်ကြည့် ကြည့်၏။ ထိုလူ့ကို ဂရုမစိုက်အား…။ သူဆင်းရမည့် မှတ်တိုင်က နီးလာပြီ မဟုတ်လား။ သူနှင့်နီးရာ နောက်ဘက်အပေါက်သို့ တိုးဝှေ့သွားရင်း တွယ်လိုက်လာခဲ့လိုက်သည်။

ကျောင်းရောက်တော့ အတန်းထဲ အရင်သွားသည်။ ရှေ့မှာ ဆရာက စာသင်နေပြီ…။ ထိုင်နေကျနေရာကို လှမ်းကြည့်လိုက်တော့ ဘယ်သူမှ မရှိ။ နောက်ဘက်ခုံတွင် ထိုင်နေသော သူငယ်ချင်း တစ်ယောက်ကို အသံတိတ် လှမ်းမေးလိုက်သည်။ ‘ထွက်သွားကြတယ်’ ဟု လက်ဟန်ဖြင့် ဖြေ၏။





သူ ပြန်လှည့်ထွက်ခဲ့လိုက်သည်။

စာသင်ချိန် တစ်ဝက်ကျိုးမှ သူ အတန်းထဲ မဝင်ချင်။ ဝင်လေ့မရှိ။ စာသင်ချိန်မှာ သူ့ကို လာခေါ်လျှင်လည်း ထွက်လေ့မရှိ။ သူက မတက်လျှင် လုံးဝမတက်။ တက်လျှင် ပြန်မထွက်တတ်တော့။ သင်သည့်ဆရာကို လေးစားရမည်လေ…။

ထိန်လင်းနှင့်သန်းထိုက်က ဒီနေ့မနက် လက်တွေ့ခန်း ဝင်ရမည်။ သူရနှင့် ရင်ငြိမ်းက ဘယ်လစ်ကြသည် မသိ။ ထို့ကြောင့် သင်္ချာဘက်သွားကာ နှင်းမာနှင့်ယဉ်မင်းကိုလည်း မရှာဖြစ်တော့။

သူတစ်ယောက်တည်း ဗဟိုစာကြည့်တိုက်ဘက်သို့ လျှောက်လာခဲ့လိုက်သည်။ စာကြည့်တိုက်ထဲတွင် စာထိုင်ဖတ်နေလိုက်သည်။

အချိန်ပြောင်းခေါင်းလောင်းသံ သဲ့သဲ့ကို ကြား၍ သူ စာကြည့်တိုက်ထဲမှ ကမန်းကတန်းထွက်လိုက်သည်။ နောက်တစ်ချိန်က အီလက်ထရောနစ်အချိန်။ သူ အပြေးတစ်ပိုင်းနှင့်ရောက်သွားတော့…

“ဘယ်လာတာလဲ ဝေဠု…”

သူငယ်ချင်းက စာအုပ်တွေသိမ်းရင်း…လှမ်းမေးသည်။

“အတန်း တက်မယ်လေကွာ”

သူငယ်ချင်းက ခပ်သဲ့သဲ့ ရယ်၏။ ပြီး…

“စိတ်ခိုင်ခိုင်ထား ဝေဠု…၊ ဆရာမှ ပြန်မရောက်သေးတာ”

သူ့နှဖူးသူ ရိုက်ပစ်လိုက်မိသည်။ ဟုတ်သားပဲ…။ ဆရာက နိုင်ငံခြားမှာ အစည်းအဝေးတစ်ခု သွားတက်တာ နှစ်ပတ်ကြာမည်…တဲ့…။

ဝေဠု ရယ်ချင်သွားမိသည်။ ဒီမနက် တစ်ခုမှ အဆင်မပြေပါလား…။ သူ ထိုသူငယ်ချင်းနှင့်ပင် ကင်တင်းဆင်းရန် ဆုံးဖြတ်လိုက်၏။

“မင်း ဘယ်ကင်တင်းသွားမှာလဲ”

“ဝိဇ္ဇာ…”

“အေး…ငါလည်း မြကျွန်းသာကို သွားမယ်”

နှစ်ယောက်သား ဝိဇ္ဇာကင်တင်းဘက် ရောက်လာကြ၏။ ဒဿနိကဗေဒအတန်းများရှိရာ စကြႍထိပ်မှ မြကျွန်းသာအတွင်းဘက်ကို လှမ်း

ကြည့်လိုက်တော့ ရင်ငြိမ်းမိုးနှင့်သူရကို တွေ့ရ၏။

"ဟော့ကောင်...ဟိုမှာ သူရတို့...ငါသွားမယ် မင်းရော..."

"ငါ...ဟိုဘက်ကဆိုင်မှာ ချိန်းထားတာ ရှိတယ်...သွားမယ်"

ပြောပြောဆိုဆို ထွက်သွားကြ၏။

"လာ...ဝေဠု"

ရင်ငြိမ်းက လှမ်းခေါ်၏။ လျှောက်လည်နေကြသော အတွဲကိုတော့ ဖိထောင်းလိုက်ဦးမည်ဟု တင်းထားသမျှ အနားရောက်တော့ ပျက်သွားရသည်။

သူတို့အတွဲနှင့်အတူ ကောင်မလေးတစ်ယောက် ထိုင်နေ၏။ သေချာပါသည်။ ကောင်မလေးသည် မနက်က ကားပေါ်မှာ သူ နေရာပေးခဲ့သော ကောင်မလေး...အဟိ။ မျက်နှာမှာ ဝက်ခြံနှင့်ကောင်မလေး။

လူချင်းဆုံကြတော့လည်း မျက်လုံးချင်း ဆုံကြသည်။ ကိုယ့်မျက်နှာမှာ ဝက်ခြံမရှိတာကို သူ တွေ့ပါလိမ့်မည်။

"ထိုင်...သူငယ်ချင်း၊ အတော်ပဲ...မင်းကို စောင့်နေတာ"

"စောင့်နေတာ...ဟုတ်လား။ အတန်းထဲမှာဖြင့် မရှိကြဘဲနဲ့"

သူ စိတ်တိုတိုနှင့်ပြောတော့ ရင်ငြိမ်းက ရယ်၏။ သူရယ်၊ သန်းထိုက်ရယ်၊ သူရနှင့် ထိန်လင်းရယ်က ငယ်ငယ်ကတည်းက တစ်ကျောင်းတည်း...။ ဆယ်တန်းရောက်တော့ ကျူရှင်အတူယူရင်း ရင်ငြိမ်း၊ နှင်းမာ၊ ယဉ်မင်း၊ ခင်ဦးတို့နှင့် တွေ့သည်။ ခင်ဦးတစ်ယောက်သာ စက်မှုတက္ကသိုလ်ရောက်ပြီး လိုင်းကွဲသွားခြင်းဖြစ်သည်။

"ငါက ဆုမွန်နဲ့ ချိန်းထားလို့ပါ၊ လာ...ငါ မိတ်ဆက်ပေးမယ်..."

ပြောပြောဆိုဆို ရင်ငြိမ်းက သူ့ဘေးမှ သူငယ်ချင်းကို သိုင်းဖက်လိုက်၏။

"ဒါ...ငါ့ရဲ့ ငယ်သူငယ်ချင်း ဆုမွန်...တဲ့၊ အဲ...နာမည်အရှည်က 'ပန်ဆုမွန်'တဲ့၊ ငါနဲ့ကွဲသွားတာ (၈)တန်းနှစ်ကတည်းက...ခုမှ သူနဲ့ အဆက်အသွယ်ပြန်ရတာ"





"ဟုတ်ကဲ့...ကျွန်တော် ဝေဠုပါ"

သူ...ဆုမွန်ကို တစ်ချက်ကြည့်ပြီး အပြုံးနှင့် နှုတ်ဆက်လိုက်၏။ သူရက ဆက်ပြောသည်။

"သူက မြန်မာစာက...မဆုမွန်၊ ဝေဠုကတော့ Physics Honours တန်းက"

"ဟုတ်..."

တစ်လုံးတည်းပြောကာ ခေါင်းညိတ်၏။ ပြီး...အားလုံးကို တစ်ချက်ဝေ့ကြည့်ရင်း လွယ်အိတ်ကို ကောက်ကိုင်သည်။

"ရင်ငြိမ်း...ငါ သွားတော့မယ်၊ တောင်ငူအထိလျှောက်ရဦးမှာ၊ ခုတည်းက သွားမှ...၊ ဩော်...ကိုသူရတို့ ကိုဝေဠုတို့ ဆုမွန် သွားလိုက်ပါဦးမယ်"

ပန်ဆုမွန်ဆိုသော မိန်းကလေးထွက်သွားရာသို့ ဝေဠု လိုက်ငေးကြည့်နေမိသည်။ ဝေဠုဆိုသော ယောက်ျားလေးက ငေးကြည့်နေတာကို ပန်ဆုမွန်ဆိုသော မိန်းကလေးကတော့ သိမည်မထင်။

"ဟော့..."

သူရက ပခုံးကို လာပုတ်မှ ရှက်ရှက်နှင့် သူ့လက်ကို ဖယ်ချလိုက်ရသည်။

"ဘာလဲဟ"

"ဘာမှ မလဲပါဘူး၊ အသက်ပါ ပါသွားမှာစိုးလို့ ခေါ်ကြည့်တာ"

"ဟာ..."

"ရှက်မနေပါနဲ့...ငါကလည်း နင့်ကို ပြောမလို့"

ရင်ငြိမ်း စကားအစမှာပင် ဝေဠုက လက်ကာကာ တားလိုက်၏။

"ဟိုး...သိတယ်၊ အဲဒီကောင်မလေးကို ငါနဲ့သဘောတူတယ်၊ ငါ့ကို ကြိုက်စေချင်တယ် မဟုတ်လား"

ဟုတ်...ဟုတ်...မဟုတ်...ဟုတ်ကြဟော့။ ဟုတ်တယ်မဟုတ်လား...။

"ဟုတ်တာပေါ့...သူငယ်ချင်းရာ၊ တော်လိုက်တာ...အကြား အမြင်များ ရနေသလား မှတ်ရတယ်"

သူရက သူ့ပခုံးကို ပုတ်ရင်း ပြော၏။

အင်း...သူ တကယ်ပဲ အကြားအမြင်ရနေသလား။ သူ့ကိုယ် သူ သံသယဖြစ်လာသည်။ ထို့ကြောင့် ငြိမ်သက်သွားမိ၏။

"အံမယ်...ဘာတွေ စဉ်းစားနေတာတုန်း၊ နင်က ဆုမွန်ကို မကြိုက်ဘူးလား..."

"မဆိုးပါဘူး..."

ပခုံးတစ်ချက်တွန့်ကာ မှတ်ချက်ချတော့ ရင်ငြိမ်းက မျက်စောင်း ထိုးသည်။

"နင်ကပဲ...မဆိုးပါဘူး ရှိရသေးတယ်"

"အလကား နောက်တာပါဟာ၊ ငါ သူ့ကို နင်တို့ မိတ်ဆက် မပေးခင်တည်းက တွေ့ပြီး စိတ်ဝင်စားနေတာ"

"ဘာ..."

"အာလူး..."

သူ့စကားကြောင့် သူ့ကို ချီးကျူးထောပနာပြုသံများ ထွက် လာ၏။ မမှုပါ။ ဂုဏ်တောင် ယူသေး၏။ ဆံပင်ကို သပ်တင်ပြလိုက် ချင်သည်။ သို့သော် ဆံပင်က Follow Me ဖြင့် ပုံသွင်းပြီးသား။ စတစ် ကော်လာ ကော်အပြည့်ကလည်း ထောင်ပြရန် မလို။

"တကယ်ပါ..."

"ဘယ်မှာတွေ့တာလဲ...ဘယ်တုန်းကလဲ၊ ဟုတ်မှ ရွှီးနော်၊ ငါ ဆုမွန်ကို ပြန်မေးမှာ"

ရင်ငြိမ်းထံမှ မေးခွန်းတွေ တရစပ် ထွက်ကျလာ၏။

"ဘယ်မှာလဲ ဆိုတော့...ဘတ်စကားပေါ်မှာ၊ ဘယ်တုန်းက လည်း ဆိုတော့...မနက်က ငါ...ကျောင်းကို အလာ"

"ဟုတ်လား..."

"အဟုတ်..."

"တကယ်လား..."





"တကယ်..."

ရင်ငြိမ်း မျက်မှောင်ကြုတ်ကာ စဉ်းစား၏။ သူ့ကို ဘယ်လို ပိတ်မေးရ ကောင်းမလဲဟု စဉ်းစားနေပုံရသည်။ ပြီးမှ...

"ဘာ ဘတ်စကားလဲ"

"၄၂..."

"ဘယ် အချိန်လဲ"

"အင်း...မနက်က ငါထွက်လာတော့ ကိုးခွဲကျော်ပြီ၊ ဆယ်နာရီ လောက်က ဖြစ်မယ်"

"ဒါတော့ ဟုတ်တယ်ဟာ၊ သူ အဲဒီအချိန်က ထွက်လာတာ၊ သူစီးရတာက (၄၂)ပဲ...၊ အဲ...နေဦး...သူ့ကို ဘယ်လိုပုံစံနဲ့ တွေ့ တာလဲ"

ရင်ငြိမ်းအမေးကြောင့် သူ ရယ်မိသည်။ ပြီးမှ...

"ဘယ်လိုပုံစံလည်းဆိုတော့...ဟာ...သူ့မေးကြည့်၊ ငါတောင် သူ့ကို ထိုင်ဖို့နေရာ ဖယ်ပေးလိုက်သေးတယ်"

အတိအကျ အတည်အတန့်ပြောနေတာမို့ သူရရော ရင်ငြိမ်းပါ သူ့ကို ယုံရခက်ခက် ဖြစ်နေကြ၏။ 'မယုံရလွယ်လွယ်'ဖြစ်နေကြသည်။

"သြော်...မင်းတို့က ဒီမှာကိုး..."

အသံနှင့်အတူ ထိန်လင်း၊ သန်းထိုက်၊ ယဉ်မင်းနှင့်နှင်းနှင်းမာ တို့ ရောက်လာကြသည်။ အမှန်တော့ အသံပြုစရာ မလိုပါ။ သူတို့ အရုပ်တွေကို မြင်ပြီးသားဖြစ်သည်။ ခလုတ်ပိတ်၍ ရမည်မျိုး မဟုတ် ၍...

"လာ...အတော်ပဲ"

"ဘာအတော်ပဲ...လဲ"

ရင်ငြိမ်းကို နှင်းမာက ပြန်မေး၏။

"သြော်...ဟိုနေ့က အကြံအစည်ကို အကောင်အထည်ဖော်ဖို့ လေ"

"ဘာအကြံအစည်လဲ..."

"ဟာ...ဒီကောင့်ကို ရည်းစားရှာပေးဖို့ အကြံအစည်လေ"

"ဟင်...ဟုတ်လား၊ OK ပြီလား...တွေ့ပြီလား၊ ဘယ်ကလဲ...ဘယ်သူလဲ"

သုံးယောက်သား ကျက်စိထသွားကြ၏။ ထိန်လင်းနှင့်သန်းထိုက်က သူ့ရကို 'ဘာလဲ'ဟူသော အကြည့်နှင့် ကြည့်နေသည်။

"ငါပြောမယ်၊ သေသေချာချာနားထောင်..."ဟု ရင်ငြိမ်းက အစချီကာ...'ပန်ဆုမွန်'နှင့် သူ့အကြောင်းကို ပြန်ပြောပြ၏။ ပထမတော့ သိပြီးသား အကြောင်းအရာကြီးဆိုပြီး ကြားရတာ ဝေဠု ပျင်းနေမိသည်။ နောက်မှ ကိုယ့်ဇာတ်လမ်းမှန်း ပြန်သတိရပြီး အားလုံးကို ရယ်...ရယ်ပြနေရသည်။

ရင်ငြိမ်းနှင့်တစ်ကျောင်းတည်း အတူနေခဲ့ဖူးသော နှင်းမာက ဆုမွန်ကို သိနေသည်။

"ဩော်...ပန်ဆုမွန်ကို...ငါ သိတယ်၊ ငယ်ငယ်က သိပ်ချစ်ဖို့ကောင်းတာဟ...၊ ခုရော...ချောတုန်းပဲလား"

"အေး..."

နှင်းမာ၏အမေးကို ဝေဠုက ဝင်ဖြေသောကြောင့် သူ့ကို ဝိုင်းဟားကြသည်။

"ကဲပါ...ငါကပဲ...ဝေဠုအစား မေးပေးပါ့မယ်"

ထိန်လင်းက...ဆရာကြီးဟန်နှင့် စကားစ၏။ ရင်ငြိမ်းကို တည့်တည့်ကြည့်ပြီး...

"ခု...ကောင်မလေးက ဘယ်မေဂျာလဲ"

"ဝိဇ္ဇာက..."

"နည်းနည်းဝေးတယ်...ဒါပေမဲ့ ကိစ္စမရှိဘူး၊ ဒီကောင် walking exercise ရတာပေါ့၊ ဘယ်ရီးယားကလဲ"

"တို့လိုပဲ...ဖိုင်နယ် အော်နာတန်းက"

"အံမယ်...တယ်လိုက်ဖက်ပါလား...အခန်းက..."

"တောင်ငူဆောင် T......က"

'အိုကေ'ဟု ဆိုကာ လက်ဖျောက် ထတီးပြီး ထိုင်ရာက ထလိုက်သူက...





ဝေဠု...။

"ဒါက ဘယ်လဲ..."

ပြုံးစိစိနှင့် အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီး ဘာမှမပြောဘဲ ထွက်လာလိုက်သည်။ ဖလော်အဝင်ဝရောက်မှ လှည့်အော်လိုက်၏။

"တောင်ငူဆောင် သွားမလို့..."

❀❀❀

(၃)

ဘယ်သူ့ တိုက်တွန်းချက်မှ မပါဘဲ…နောက်ရက်များတွင် ဝေဠုတစ်ယောက် တောင်ငူကင်တင်းကို မှန်မှန်ထိုင်တတ်လာ၏။ ဆုမွန်ကိုတွေ့လျှင် အဝေးက မှန်မှန်ပြုံးပြ၏။ အဝေးကပဲ ပြုံးပြရမည်လေ…။ ဆုမွန်က တစ်ခါမှ သူ့နားမှ ရောက်မလာဘဲ…၊ သူ့ကို တွေ့လျှင် ရှောင်တာလား ဘာလား မသိ။ တခြားကိုပဲ ထွက်သွားတတ်တာက များသည်။

ဝေဠုအဖို့ အသည်းယားရလေသည်။ ဖြစ်နိုင်မည်ဆိုလျှင် တက္ကသိုလ်ကျောင်းတော်ကြီးကို ဘတ်စ်ကားဖြစ်အောင် ချုံ့လိုက်ချင်သည်။

ကံကောင်းချင်တော့ အရှည်ကြီးဆိုင်ရှေ့တွင် ထိုင်နေသော ဆုမွန်ကို တွေ့ရ၏။ တစ်ယောက်တည်းထိုင်ကာ မနက်စာ စားနေသည်။ ဝေဠု သူမရှိရာ စားပွဲသို့ လျှောက်သွားလိုက်၏။

"မပန်ဆုမွန်…"

"ဩော်…ကိုဝေဠု…"





ထိုင်ပါဟု တစ်ခွန်းမပြော…။ အသိအမှတ်ပြု နှုတ်ဆက်တာတောင် ကျေးဇူးတင်ရဦး မလိုလို။ ဒါပေမဲ့ ဝေဠုလေ…ဘယ်ရမလဲ။ ခပ်တည်တည်နှင့် သူမရှေ့က ခုံတွင် ဝင်ထိုင်ပစ်လိုက်သည်။

ထိုင်လိုက်ပြီးမှ 'မှားပြီ'ဆိုတာကို သိလိုက်ရ၏။ သူ ဘာတွေကို ထိုင်ချမိသလဲ။ သူ့ဘာသာသူ ပြန်ငုံ့မကြည့်ရဲ။ ပုဆိုးနောက်တစ်ခြမ်းလုံး ပေပွသွားမှာတော့ သေချာသည်။ ထိုင်ရမလို ထရမလိုဖြစ်နေသော သူ့ကို ဆုမွန်က အားနာဟန်ဖြင့်…

"ဒါကြောင့် ဆုမွန်က မထိုင်ခိုင်းတာ"

"အစ်ကိုက ကျွန်တော် လှမ်းတားတာ မကြားဘူး ဒီမှာသုတ်ဖို့ အဝတ်ယူလာတာ"

စားပွဲထိုးလေးတစ်ယောက်ပါ…အဝတ်စုတ်တစ်ခုနှင့် သူ့နား ရောက်လာ၏။

"ဘယ်သူလုပ်သွားသလဲ မသိပါဘူး အစ်ကိုရာ…၊ မုန့်ဟင်းခါး ပန်းကန် မှောက်ထားတာ…ကျွန်တော်တို့လည်း အလုပ်ရှုပ်နေတော့ မတွေ့ဘူး၊ ဒီကအစ်မ ပြောမှ တွေ့တာ…"

"အေး…ဒီကအစ်မက ငါ့ကိုတော့ မပြောဘူးကွာ…"

"ကျွန်တော့်ကိုတော့ ပြောပါတယ် အစ်ကိုရဲ့…"

ပြောပြောဆိုဆို သူ့ကိုပါ ထခိုင်းပြီး၊ သူ့ပုဆိုးကို အရင်သုတ်ပေး၏။ ပြီးမှ ထိုင်ခုံကို သုတ်၏။

"နေနေ…ရပြီ၊ ပုဆိုးကို လှည့်ဝတ်လိုက်မယ်…"

"အစ်ကို ခုံလဲပေးမယ်၊ ဟော့…ခုံတစ်လုံး ယူခဲ့စမ်း"

"ရတယ် ညီလေး…ကိုယ်မထိုင်တော့ဘူး ဆုမွန်…ကျွန်တော် သွားလိုက်ဦးမယ်၊ အဆောင်က သူငယ်ချင်းတွေနဲ့ ချိန်းထားလို့…"

တချိုးတည်း လစ်ခဲ့ရတော့၏။

တင်ပါးမှာ စိုစိစိအကွက်ကြီးနှင့် မျက်နှာကို ရှူးသလို ပေါသလို ပြုံးစိစိလုပ်ပြီး သုတ်သုတ်လျှောက်ရ၏။ လူတွေက လှောင်စိစိ ကြည့်ကြလေသည်။

အဲဒီလို အဆင်မပြေမှုလေးတွေ ထပ်နေသော်လည်း သူ

ဘယ်သူ့ကိုမှ အကူအညီမတောင်းခဲ့။ တောင်းလျှင် ကူညီမှာနှင့် ဆတူ အဟားခံရဦးမည်။

သူ စိတ်ပျက်လက်ပျက်နှင့် ပဲခူးဆောင်ဘက် ထွက်လာခဲ့သည်။ ပဲခူးဆောင်ရောက်တော့...**အတန်းဖော်** အောင်မင်းကို အဆင်သင့်တွေ့ရ၏။

''ဘာလဲ...မင်း...**အတန်းမတက်ဘူးလား**''

''မင်းကရော...''

အမေးကို အမေးဖြင့် တုံ့ပြန်လိုက်၏။ အောင်မင်းက...

''ငါက ကဗျာရေးနေလို့ကွ၊ ဒီအချိန် **မတက်ဘူး**၊ နောက်သုံးချိန်တော့ **တက်မယ်**''

အထူးအဆန်းစကားကို ကြားလိုက်ရသော်လည်း လောလောဆယ်...ပုဆိုးလဲဖို့က အရေးပိုကြီးနေသဖြင့် အောင်မင်းပုဆိုးကို ယူလဲကာ ခုတင်ပေါ် ပစ်လှဲလိုက်၏။

''ဟူး...''

''ဘယ်အလှူက ပြန်လာတာလဲ...''

''ဘာလဲဟ...ဘာဖြစ်လို့လဲ...''

''မုန့်ဟင်းခါးနံ့ ရလို့...''

'ခွီးထဲမှပဲ...'ဟု အစချီကာ ဝေဠု ရှင်းရ လင်းရတော့၏။ ချစ်သူ့အပါး ကိုယ်အသွားမှာ၊ ဟင်းခါးမုန့်ရည်၊ စွန်းကွက်သီသည့်၊ ခုံရည်မှိုင်းမတ်၊ ခြေလေးဖက်က...အစချီရတုကို ရွတ်ရ၏။

အောင်မင်းက တဟားဟားရယ်ကာ...

''ဒါလည်း ကဗျာပဲ...တကယ့်ကို ကဗျာပဲ''

သူ အူကြောင်ကြောင် ဖြစ်သွားရ၏။ ပြီးမှ သတိရပြီး...

''ဩော်...ခုနက မင်း ကဗျာရေးနေတယ် ပြောတယ်...ဘယ်လို ကဗျာလဲကွ''

''ကာရန်ပြေပြစ်တဲ့ ကဗျာပေါ့ကွာ၊ ကာရန်ဆိုတာ ကဗျာရဲ့အသက်ပဲ၊ 'ကာရန္တ'ဆိုတဲ့ စကားလုံးက လာတာ...၊ တန်ဆာဆင်ခြင်းလို့ အဓိပ္ပါယ်ရတယ်။ ကဗျာကို ကာရန်နဲ့ တန်ဆာဆင်ရတယ်ကွ၊





ကာရန်မပါတဲ့ ကဗျာဆိုတာ **အလင်္ကာပဲ**...မှတ်ထား၊ ကာရန်မပါတဲ့ ကဗျာဟာ ကိုယ်လုံးတီးဖြစ်နေ**တဲ့လူနဲ့ တူတယ်**...''

''ဘယ်လို...ဘယ်လို...''

ဆရာသမားဟန် **အပြည့်နှင့်** ဘောလ်ပင်တစ်ချောင်းထောင်လုပ်ပြီး ရှင်းပြနေသော အောင်မင်း**စကား**ကို သူ နားရှုပ်သွားရ၏။

''ဩော်...တောင်းမှာအကွပ်၊ လူမှာအဝတ်လို့ ဆိုရိုးရှိတယ် မဟုတ်လား''

''အင်းလေ...''

''ဒီတော့...အဆင်တန်**ဆာမပါတဲ့** ကဗျာဟာ အဝတ်မပါတဲ့ လူလို ဖြစ်နေမှာပေါ့''

''ဩော်...ဟုတ်လား...''

''ဟုတ်တယ်''

''ဒါနဲ့...နေပါဦး...မင်းကဗျာတွေက ဘယ်တွေမှာ ပါလဲ...''

''ဒီလ...တေဇရယ်၊ မိုးသောက်ပန်းရယ်၊ ပလုပ်တုတ်ရယ်၊ ပြီးခဲ့တဲ့အပတ်က ရွှေသွေးရယ်...အများကြီးပဲကွ...''

''ဩော်...ဩော်...''

ဝေဠု 'ဩော်'လိုက်ရသော်လည်း ထိုစာအုပ်တွေကို ဝေဠုမဖတ်တော့တာ ကြာပြီ။ ကလေးမှ မဟုတ်ဘဲ...။ ကလေးကဗျာဆိုတာကိုလည်း ကလေးကဗျာဟု မမြင်မိ၊ လူကြီးတွေက ရေးနေသည်ကိုး...ဖြစ်ချင်းဖြစ် ကလေးကြီးကဗျာပဲ ဖြစ်မည်ထင်သည်။ ထုတ်ပြောမိလျှင်တော့ အရိုက်ခံရလိမ့်မည်။

''ဟို...မင်း အချစ်ကဗျာတွေ ဘာတွေရော ရေးလား''

''ရေးတယ်လေကွာ...အများကြီးပဲ၊ ဘာလုပ်မလို့လဲကွ...''

''ဟိုလေ...ငါ ခုနကပြောတဲ့ ကောင်မလေးက မြန်မာစာက...ကွ၊ အဲ...အဲဒါ သူ့ကို အချစ်ကဗျာလေးတွေ ဘာလေးတွေ ပေးရင် ကောင်းမလားလို့''

''ဟာ...သိပ်ကောင်းတာပေါ့ ဝေဠုရာ၊ ဘာမှမပူနဲ့ သိလား၊ ငါ ကူညီမယ်...ငါ့မှာ ကဗျာကောင်းတွေ အများကြီး၊ ကာရန်လှလှလေး

တွေနဲ့ အချစ်ကဗျာတွေ မင်းကောင်မလေး ကြွေသွားစေရမယ်''

အောင်မင်းက အားတက်သရောပြောကာ...သူ့ကဗျာစာအုပ်တွေ သွားဆွဲထုတ်လာ၏။ ကိုယ့်ထက်ပင် သူက ပိုတက်ကြွနေသေးသည်။

''ရော့...ဒီမှာ...ဘယ်မဂ္ဂဇင်းမှာမှ မပါသေးတဲ့ ကဗျာကောင်း၊ ကဗျာသန့်၊ ကဗျာအသစ်တွေ...မင်းကြိုက်တာ ရွေးပေတော့''

အောင်မင်းကသာ ကဗျာသစ်ပြောတာ...၊ စာအုပ်တွေက ဟောင်းတောင်နေပြီဖြစ်၏။

''စာအုပ်ကသာ ဟောင်းတာ၊ ကဗျာတွေက ရေးထားတာ မကြာသေးဘူးကွ''

စာရွက်သားကို ကိုင်ရင်း စဉ်းစားနေသော သူ့ကို အောင်မင်းက လှမ်းပြော၏။

သူ တစ်ရွက်ပြီးတစ်ရွက် လှန်ကြည့်လိုက်သည်။ စာမျက်နှာငါးသို့အရောက်...ကဗျာတစ်ပုဒ်ကို တွေ့လိုက်ရ၏။ ကဗျာခေါင်းစဉ်က

'ရည်းစားစာလေး ရေးစဉ်က...'တဲ့။ ဖတ်ကြည့်လိုက်တော့...

ပေးလိုက် ရေးလိုက်ရယ်နဲ့
ဆွေးခိုက်ကို ချွန်စရာ
တွေးစရိုက်တခို မကြုံသာ
ဖန်ဒါဒါ ဉာဏ်သွေး
မေတ္တာတွေ သစ္စာတွေနဲ့
ချစ်ပါစေရေး။
အနုအလှတွေ စာသီ
ကညာသီကိုပေး
ကဗျာချို ကိုယ်ရေးလို့
ဆိုကွေးမဲ့ လင်္ကာ
ရေးသားတာ အိပ်ရာထက်
မိတ်ပါ လက်ပါ...။





သဘောမကျရင် ဆုတ်ကာ
အဟုတ်ပါ မနှမြောပေါ့
သဘောတော့ ဖြူသွာ
မနော်ကြူစွာ...
မျှော်မှန်းချက် မရေရာတယ်
ဆွေကညာ...သေပါနဲ့လေး...။

ကဗျာဆုံးတော့ ဝေဠု စိတ်ညစ်သွား၏။

''မင်းဟာကလည်းကွာ...သေပါနဲ့လေး...ဆိုတော့ ကောင်မလေးက သေခါနီး အိပ်ရာထက်က လူနာလားကွ...''

သူ့စကားကြောင့် အောင်မင်း ဝုန်းခနဲ ခုန်ထလာ၏။

''ပြစ်မ်း...ဟာ...လုပ်ပြီ...ဝဆွဲကျန်ခဲ့တာ၊ 'ဆွေကညာ...သွေပါနဲ့လေး...' ပါဟ''

''သြော်...အင်း...ဒါဆို မဆိုးဘူး၊ ငါ ယူမယ်...''

အောင်မင်း မိန့်မိန့်ကြီး ပြုံးနေတာကို မြင်လိုက်ရ၏။ ပြုံးပါစေ၊ သူ့ကဗျာတွေက ကောင်မလေးကို မတိုးဘူးဆိုလျှင်တော့ သူက ပြောင်းရေးမည်ပဲ။

**'မျှော်မှန်းချက် ပြောင်သလင်းခါပြီ**
**အောင်မင်း မသာ သေပါတော့လေး...လို့'**

နောက်တွေ့သော ကဗျာတစ်ပုဒ်၏ အမည်က 'အချစ်နှင့် ပတ်သက်၍'...တဲ့။

ချစ်ကမ္ဘာထဲ
ချစ်စစ်ပွဲကို
ချစ်ရဲသူတို့ နွဲပျော်၏။

သည်သို့သည်ပ
တိုက်ခိုက်ကြန်လည်း

ကြုံသမျှ အများအပြား၌
ရက်ခြေ တားထား၍
ဘုံဘဝ ခြားနားကာ...
မသုံ့ရ...အမှားများသော ဖုံးကြကုန်၏။
ဖြော်...သုညသမားများသော ရှုံးကြကုန်၏။ ။

ဒီကဗျာကတော့ တိုသည်။ အောင်မင်းက...ကဗျာကို လက်ထောက်ပြီး...

"'သုညသမားများသော ရှုံးကြကုန်၏' တဲ့...မမိုက်ဘူးလား၊ ခံစားရတယ်နော်၊ ကာရန်ကလည်း မိနေတာပဲ၊ ခုခေတ်မော်ဒန်ကဗျာဆိုတာတွေနဲ့များ တခြားစီပဲ"

"အင်း..."

ဝေမြှု ဘာသိဘာသာ နေမည်လုပ်ပြီးမှ...'အင်း' လိုက်ကာ...ကဗျာတွေ ဆက်ကြည့်နေလိုက်သည်။

ပြီး...သူ့စာအုပ်ထဲမှ ကဗျာလေးငါးပုဒ်ကို ကူးယူကာ ပြန်လာခဲ့လိုက်၏။ အောင်မင်းတစ်ယောက်ကတော့ သူ့ကဗျာတွေကို ကူးယူသွား၍ အတော်ကျေနပ်ပီတိဖြစ်နေပုံရသည်။

ထိုသို့သော သူမျိုးကို သူ့ဘဝမှာ ကြုံဖူးပုံ မပေါ်။ ညကျမှ အိပ်မက်ကို နဘေတွေထပ် ထပ်ပြီး မက်ဦးမည်ထင်...။

❀

နောက်ရက်တွေ တောင်ငူဘက်ရောက်တော့ တော်တော်အဆင်ပြေသွားပြီ။ ဆုမွန်က မနက်တိုင်း အတန်းမတက်ခင် ကင်တင်းတွင် တစ်ခုခုစား၏။ ထိုအချိန်တွင် ဆုမွန်ဘေး၌ ဘယ်သူမှ မရှိတတ်။ ဒါကို ဝေမြှုက သူ့အတွက် အချိန်ဟု သတ်မှတ်သည်။

တစ်ခါတရံ ဆုမွန် မရောက်သေးလျှင် သူက လက်ဖက်ရည်သောက်ရင်း စောင့်၏။ ခုဆို အရင်က တစ်ခါတလေမှ ရောက်တတ်





သော တောင်ငူဆောင်ကင်တင်းသည် ဝေမြှုအတွက် ရင်းနှီးနေလေပြီ။

စားပွဲထိုးလေးများကလည်း သူ့ကို မျက်မှန်းတန်းမိကာ...နှုတ်ဆက်တတ်၊ ခေါ်တတ်၊ ခုံရှင်းပေးတတ်၏။

အောင်မင်း၏ ကဗျာလေးများကို စကားရော ဖွဲ့ရောလုပ်ကာ

"မဆုမွန်က မြန်မာစာဆိုတော့ ကဗျာတွေ သင်ရမှာပဲနော်"

"ဟုတ်ကဲ့...သင်ရပါတယ်၊ ဘာဖြစ်လို့လဲ"

"ဒါဆို ကဗျာတွေ ဘာတွေ ဖတ်မှာပေါ့"

"ဖတ်ပါတယ်"

"ကျွန်တော့်မှာ ကဗျာလှလှလေးတွေ ရှိတယ်၊ ဖတ်ကြည့်ပါလား..."

အိစိကလိရိုက်ကာ တာရင်း၊ ခရာရင်းပေးဖတ်ခြင်းမို့ 'တျာချင်း' ကဗျာတွေ ဖြစ်သွားမလား မသိ။ ဆုမွန်က 'ကာချင်း'ကဗျာအဖြစ် ဖတ်လျှင် ခက်ဦးမည်။

ဆုမွန်ကို ကဗျာလေးတွေ ပေးဖြစ်တာ...လေးငါးပုဒ်ပင်ရှိနေပြီ။ ဒီလောက်ကြီး ခြေလှမ်းစောင်းပြီး လမ်းကြောင်းပြောင်းနေမှတော့ သူ့ကို အားလုံးက မရိပ်မိဘဲ နေမှာမဟုတ်ဆိုတာလည်း သူ သိ၏။ ခါတိုင်းဆို စုံတွဲ(၃)တွဲကို လိုက်ဖမ်းနေရတာက သူ...။

ခုဆို ထိုစုံတွဲ(၃)တွဲက သူ့ကို ပြန်ဖမ်းနေရ၏။

တစ်နေ့...။

နေ့လယ်ဘက် အတန်းအားချိန် မြကျွန်းသာကို ရောက်နေခိုက်...ထိုခြောက်ယောက် ရောက်ချလာ၏။ မခေါ်ဘဲ လာကြခြင်းဖြစ်၍ မနှင်ဘဲသွားကြလျှင် ပိုကောင်းလိမ့်မည်။

သူတို့ကလည်း အတန်းအား၍ ထွက်လာခဲ့ခြင်းဖြစ်သည်။ အစာအိမ်လည်း အားသဖြင့် လက်ဖက်ရည် လှမ်းမှာကြပြီးနောက် လျှာပါ အားနေသဖြင့် သူ့ကို...

"ဆိုစမ်းပါဦး"

ထိန်လင်းက လက်ဖက်ရည်ခွက်ကို ခပ်သွက်သွက်မွှေရင်း ပြုံးစစနှင့် မေး၏။

''ဘာဆိုရမှာလဲ…''

ဘာမှ မသိသလို မျက်နှာပေးလေးနှင့် အူကြောင်ကြောင် ပြန်မေးလိုက်၏။

''သြော်…တောင်ငူသွားသွားနေတာ…နှုတ်သျှင်နောင် လုပ်ပြီး ကဗျာဆက် ဆက်နေတာ…အဆင်ပြေရဲ့လားလို့''

''အံမယ်…ဘယ်လိုသိတာလဲ''

ညာနေလို့ ရမယ့်သူတွေ မဟုတ်တော့ ဖော်လိုလိုက်ရတော့၏။

''ဒါက ထားပါ၊ မင်း အဲဒီဘက်မှာ မပိရိမှုန်း အားလုံးသိပါတယ်၊ အခြေအနေသာ ပြောစမ်းပါ''

''အင်း…အခြေအနေ…၊ အခြေအနေကတော့ တောင်ငူဆောင် သွားတယ်ကွာ၊ မနက် လက်ဖက်ရည် အတူတူသောက်တယ်ကွာ၊ စကားနည်းနည်းပါးပါးပြော၊ ကဗျာနည်းနည်းပါးပါး ပေးတယ်ကွာ…''

ပြောရင်းက စိတ်ထဲ မသိုးမသန့် ဖြစ်လာ၏။ ဝေ့ကြည့်လိုက်တော့ သူ့ဘေးမှာ ရင်ငြိမ်း…ရယ်ချင်နေတာကို တွေ့လိုက်ရ၏။ ဒါကြောင့်ကိုး…။

''တော်…မပြောတော့ဘူး၊ သိချင်ရင် ရင်ငြိမ်းကိုပဲ မေးတော့၊ သူ သိတယ်''

ထိုအခါကျမှ ရင်ငြိမ်းက…

''ငါတို့သိတာက နင် ခုနပြောတဲ့ထိပဲ သိတာ၊ဟို…နောက်ဆုံး ကဏ္ဍကို မသိသေးဘူး''

''ဘာ နောက်ဆုံးကဏ္ဍလဲ…ဘာမှ မဆုံးသေးဘူး''

သူ ဘုတောတော့ ရယ်ကြပြန်၏။ သူရက…

''သြော်…တိုတိုနဲ့လိုရင်း မေးမယ်ကွာ''

''မေး''

''မင်း…သူ့ကို ရည်းစားစကား မပြောရသေးဘူးလား၊ ပြောပြီး ပြီလား သိချင်တာ…''

''မပြောရသေးဘူး''





ပြတ်ပြတ်သားသားပင် အဖြေပေးလိုက်၏။

''ဒါဆို ဘာလုပ်နေတာလဲ၊ ပြောတော့လေ…''

တစ်ချိန်လုံး ငြိမ်နေသော သန်းထိုက်က ဝင်ပြော၏။

''ငါက ဘယ်လိုပြောရမှာလဲ…''

သူ့စကားကြောင့် ဟိုမွှေချောသုံးယောက်က ခိုးခိုးခစ်ခစ် ကြိတ်ရယ်ကြ၏။

''အောင်မာ…ဘာရယ်တာလဲ၊ နင်တို့ကို ဒီကောင်တွေ ဘယ်လိုဗျူဟာနဲ့ ပြောခဲ့တယ်ဆိုတာကို ပြောပြချင်လို့လား…''

''ကောင်စုတ်''

''မသာ…''

''ဝေးသေး…''

ဒီအုပ်စုထဲတွင် အရင်ဆုံး နှင်းမာကို ရခဲ့သော ထိန်လင်းက စူးစူးစိုက်စိုက် စဉ်းစားဟန်ပြုကာ ပြောလာ၏။

''ကဗျာတွေပေးတော့ ဆုမွန်က လက်ခံလား''

''လက်ခံတယ်''

''အချစ်ကဗျာတွေကို မင်းက ဘယ်လိုပြောပေးလို့ သူက လက်ခံတာလဲ''

''သြော်…ဒါက လွယ်ပါတယ်၊ သူက မြန်မာစာကပဲ၊ ကဗျာကို စိတ်ဝင်စားပါတယ်''

''အဲဒီတော့…''

သန်းထိုက်က ဝင်ထောက်ပေး၏။

''အဲဒီမတော့နဲ့လေ…ပွဲကပြီးပြီ ကဗျာလေးတွေပေးရင်း…အဲဒီ ကဗျာထဲက စာသားတချို့အကြောင်း ဆွေးနွေး၊ အချစ်ကဗျာဆိုတော့ အချစ်အကြောင်းတော့ ဆွေးနွေးဖြစ်မှာပဲ၊ အဲဒီကနေ နင်းပြီးတော့ ပြောပေါ့ကွ''

ထိန်လင်း၏အကြံက မဆိုးလှ။

သူ ပြုံးမိဆဲ…သူရက ဝမ်းသာအားရ OKဟု ထအော်၍

''နေပါဦး၊ ဒါက ဘာဖြစ်တာလဲ…''

''အေးလေ...''

သူက မျက်မှောင်ကြုတ်ကာ မေးတော့... ရင်ငြိမ်းကပါ မျက်စောင်းထိုးရင်း ထောက်ခံ၏။

''အောင်မာ...ဘာဖြစ်ရမှာလဲ၊ မင်းအတွက်လည်း ဝမ်းသာပေးရသေးတယ်''

''အဲဒါ ဟုတ်ပါပြီ...ဘယ်တော့လောက်မှ စပြောရင် ကောင်းမလဲ...''

''အခု...''

''အခု...ဟုတ်လား''

''ဟုတ်တယ်...အခု...''

''ဟာ...ခုချိန်...သူက မအားဘူး''

''အားမှာပါ''

''ဟာ...မဟုတ်တာ''

သူနှင့်သန်းထိုက် အချီအချ ပြောနေတာကို ရင်ငြိမ်းက ဝင်ပြော၏။

''ဟုတ်တယ်...ဆုမွန်လာလိမ့်မယ်...၊ ငါတို့နဲ့ ချိန်းထားတယ်''

သူ နည်းနည်းရင်ခုန်ချင်သွား၏။

''ဟာ...မဖြစ်ဘူး ထင်ပါတယ်''

''ဟ...ဘာလို့မဖြစ်ရမှာလဲကွ၊ ဆုမွန် လာမယ်၊ ငါတို့နဲ့ ခဏစကားပြောမယ်၊ ပြီးရင်...ငါတို့က လစ်ထွက်သွားမယ်၊ မင်းက ဆက်ကပေါ့...''

သူ ငြိမ်သက်နေမိသည်။

''အံမယ်...ဒါက ရှက်နေတာလား၊ နင်က ပြောမယ့်လူ၊ အပြောခံရမယ့်လူ မဟုတ်ဘူးနော်''

ယဉ်မင်းက ဝင်နောက်၏။ နှင်းမာကလည်း...

''အေးဟာ...ရင်တောင် ခုန်လာပြီ၊ ဆုမွန်ကလည်း မလာသေးဘူး၊ ကြာလိုက်တာ...တွေ့ချင်လှပါပြီ''

သူရက...





''တို့သူငယ်ချင်းကြီး ဝေဠုရဲ့ စွန့်စားခန်းကြီး စတင်ပါတော့မယ်''

''ဝေး...''

တစ်ဆိုင်လုံး ဆူညံသွားပြီး သူတို့ကို လှည့်ကြည့်ကြ၏။

''အစဉ်အစီ(၁)အရ ပန်ဆုမွန်အလာကို စောင့်မယ်''

''ဟုတ်ပြီ...''

''အစီအစဉ်(၂)အရ သူငယ်ချင်းတွေက ရှောင်ပေးပြီး၊ သူက ကဗျာတစ်ပုဒ် ပေးရမယ့် အစီအစဉ်ပါ''

''အစီအစဉ်(၃)ကရော...''

''အစီအစဉ်(၃)ကတော့ ကဗျာဆွေးနွေးရင်း ခွင်ဝင်အောင် လှည့်ခေါ်သွားပြီး ရည်းစားစကား ပြောဖို့ပါပဲ...''

''ဆက်ပါဦး''

''အဲ...အစီအစဉ်(၄)ကတော့ ပါးရိုက်ခံရမယ့် အစီအစဉ်ပဲ ဖြစ်ပါတယ်ခင်ဗျား''

''ဟားဟားဟား...''

သူငယ်ချင်းတွေ အတိုင်အဖောက်ညီကာ သူ့ကို စနောက် ဆူညံနေကြ၏။ သို့သော်...ထိုအသံက သူ့ရင်ခုန်သံ တဒိုင်းဒိုင်းကိုတော့ မီလိမ့်မည် မထင်။

❀❀❀

[၃-ခ]

ဒီအရွယ်ရောက်မှတော့…
ဝေဠုလည်း ၁၅၀၀ အချစ်ကို ချစ်တတ်ပြီပေါ့။
အနာဂတ်ကာလအတွက် အိမ်သူမတစ်ယောက်ကို
…လိုချင်ပြီပေါ့။
ကိုယ်ကလည်း သစ္စာရှိရှိ ပေါင်းသင်းနေထိုင်သွားမှာပါ။

ဒါပေမဲ့…
အခုလို ငိုယိုညည်းတွားတတ်တဲ့ အမျိုးသမီးကိုတော့
မလိုချင်ဘူးပေါ့။
သူ့ ငိုပုံကိုလည်း… နားထောင်ကြည့်လေ…။

'အဟီး…ရှုတ်…ရှုတ်…ကျွန်မယောကျ်ားက ကျွန်မကို ခဏခဏ သစ္စာဖောက်တယ်။ အဟင့်…ကျွန်မမှာဖြင့် သူ့ကို ခဏခဏ သစ္စာရှိလိုက်ရတာ…အဟီး…ရှုတ်'





(၄)

အချိန်အတော်လေး ကြာသွားသည်။ အချိန်ပြောင်းခေါင်းလောင်း နောက်တစ်ချိန်အတီးမှာ…နှင်းမာနှင့်ယဉ်မင်းက နာရီကို ကြည့်ပြီး…

"ငါတို့ ပရက်တီကယ်ရှိတယ်…စောင့်လို့မဖြစ်တော့ဘူး"

"ဒါဆို…ဘယ်လိုလုပ်မလဲ"

ဝေဠု ရင်ငြိမ်းကို ကြည့်ကာ မေးလိုက်၏။

"ဘယ်တတ်နိုင်မှာလဲ…သွားရင် သွားတော့"

ရင်ငြိမ်းစကားတောင် မဆုံး၊ နှင်းမာနှင့်ယဉ်မင်းက လွယ်အိတ်ကိုယ်စီလွယ်ပြီး ထလိုက်ကြ၏။

"အံမယ်…အဲဒါက ဘာလုပ်တာလဲ…"

ဝေဠု ထိန်လင်း၏လွယ်အိတ်ကို ဆွဲရင်း မေးတော့…

"သွားမယ်လေ…ငါတို့က သူတို့ကို Labထဲ လိုက်ပို့မယ်… ပြီးရင် စောင့်ရဦးမယ်"

"အောင်မာ…ကလေးမှ မဟုတ်တာ"

"ကလေးမဟုတ်လို့ပေါ့ကွ"

ပြောပြောဆိုဆို လေးယောက်သား ထွက်သွားတော့၏။ သူရက ပြုံးစိစိလုပ်ကာ...

"ဒါတွေ မင်း နားလည်လာတော့မှာပါ"...တဲ့။

သူ ရောယောင် ရယ်မိသည်။

"ဟယ်"

ရင်ငြိမ်းက အလန့်တကြား ထအော်၏။

"ဘာဖြစ်ရပြန်တာလဲ"

"ခုအချိန်က...တီချယ်စု အချိန်လေ၊ ဟာ...မတက်လို့ မဖြစ်ဘူး...မဖြစ်ဘူး..."

"ရင်ငြိမ်းမိုးရဲ့ အိုက်တင်က ကောင်းသားပဲ"

သူ ရင်ငြိမ်းကို စေ့စေ့ကြည့်ကာ ပြောလိုက်၏။ ရင်ငြိမ်းက...

"အောင်မယ်...ဘာအိုက်တင်လဲ...တကယ်"

"တကယ်ဆိုတာက သိပါတယ်၊ မတက်လို့ မဖြစ်ဘူးဆိုတာကို တစ်ခါမှ မသိဖူးဘူး"

ရင်ငြိမ်းက ပစ္စည်းတွေ ကောက်သိမ်းတော့...သူရကပါ ခါတ်ကူးကာ လွယ်အိတ်ဆွဲ၏။

"ဘာလဲ...မင်းတို့ဉာဏ်က ဒါအကုန်ပဲလား၊ သွားမယ်...ရှောင်မယ်ဆိုလည်း ပွင့်ပွင့်လင်းလင်းပြောသွား၊ စောစောကလည်း ပြောထားကြတာပဲ၊ အခုလိုလုပ်စရာ မလိုပါဘူး"

ဒီတော့မှ သူရက...

"အေးလေ...ဒီအချိန်မတက်ရင် မတက်ပါနဲ့လား"

"မဖြစ်ဘူး...လဲ့လဲ့ဆီက စာအုပ်ငှားထားတာ ပြန်ပေးရမှာ"

"ဒါဆို နင့်သူငယ်ချင်းကို ဘယ်လိုလုပ်မှာလဲ"

ဝေဠု စိတ်မရှည်တော့။

"ကောင်းပြီ...နင်တို့မသွားနဲ့၊ ငါပဲသွားမယ်...ဟုတ်လား၊ ပေး...လဲ့လဲ့စာအုပ် နင်တို့ဆုမွန်က လာမှာ မဟုတ်ဘဲနဲ့၊ ငါ့ကိုလာပြီး ဇာတ်လမ်းလုပ်မနေနဲ့"





ဝေဠုစကားကြောင့် ရင်ငြိမ်း မျက်နှာငယ်လေးနှင့်ဖြစ်သွားကာ...

"ဟာ...ဆုမွန်လာမှာကတော့ တကယ်ပါ၊ ဒီမှာကြည့်...ဒါ ဆုမွန်မှာထားတဲ့ စာအုပ်၊ ဒီစာအုပ်က သူ့အတွက် အရေးကြီးလို့ လာယူမှာ"

သူ ရင်ငြိမ်းထုတ်ပြသော စာအုပ်ကို ကြည့်လိုက်တော့...ဆုမွန်တို့ဘာသာရပ်နှင့်ပတ်သက်သော ရှားပါးစာအုပ်တစ်အုပ် ဖြစ်နေသည်။ သူ စာအုပ်ကိုကိုင်ရင်း စဉ်းစားနေမိ၏။

"ဒီတော့...ငါပဲစောင့်...နင်တို့က အတန်းသွားတက်မယ်ပေါ့...ဟုတ်လား..."

"အဲဒီလို မဟုတ်ပါဘူးဟာ၊ လဲ့လဲ့စာအုပ်ကို ပေးရမှာရော ဒီလက်ချာကို ငါ နားထောင်ထားတော့ နင့်လည်း ပြန်ရှင်းပြနိုင်တာပေါ့ဟာ...၊ မဟုတ်ရင် သူများကို မေးနေရဦးမယ်၊ ဒီလိုလုပ်မယ်ဟာ"

"ပြော..."

"ငါတို့ ဒီတစ်ချိန်ပဲ သွားတက်မယ်၊ ပြန်လာခဲ့မယ်၊ အဲ... တစ်ခုတော့ရှိတယ်၊ ငါတို့ပြန်လာပြီး အခြေအနေကြည့်မယ်၊ နင်တို့ စကားပြောနေရင် ချက်ချင်းဝင်မလာဘူး၊ ဆုမွန်ကိုတော့ ငါ ပြန်လာမှာ သေချာတဲ့အကြောင်း ပြောပြထားပေး...ဟုတ်ပြီလား"

ရင်ငြိမ်းက အကွက်ချကာ စီစဉ်ပြီး ထထွက်သွား၏။ သူရပါ ပါသွား၏။ ဒီတစ်ခါတော့ သူ မတားတော့။ တားလည်း ရမှာမှ မဟုတ်တာ၊ ဒီနှစ်ယောက် အတန်းထဲရောက်ရင်တောင် ခွဲထိုင်တတ်တာ မဟုတ်...။

သူငယ်ချင်းတွေ ထွက်သွားကြတာရော၊ အတန်းတွေ ပြန်စချိန်ဖြစ်တာရောကြောင့် မြကျွန်းသာကလေးက တိတ်ဆိတ်ငြိမ်သက်နေသည်။ သူ့ရင်ခုန်သံကသာ ကျယ်ကျယ်လောင်လောင် မြည်ဟည်းနေ၏။

ဒဿနိကစကြံ့ဘက်ကို ကျောပေးထိုင်နေရသည်မို့ ခြေသံကြားတိုင်း လှည့်လှည့်ကြည့်နေမိသည်။ ရေနွေးအိုးတစ်အိုးကို ရှေ့ချကာ ရေနွေးချည်း ငုံ့သောက်နေမိ၏။

ခဏနေတော့ သူ လွယ်အိတ်ထဲမှ ကွမ်တမ်မက္ကင်းနစ်စာအုပ်ကို ထုတ်ကာ Derivation တချို့ကို တွက်နေလိုက်တော့သည်။ စာထဲတွင် စိတ်ဝင်စားသွားတော့လည်း ပတ်ဝန်းကျင်ကို ခဏမေ့သွားတော့၏။

"ကိုဝေဠု တစ်ယောက်တည်းလား"

ခြေတစ်စုံက သူ့ဘေးလာရပ်ကာ မေးလိုက်သောအသံ...။

"ဟော...ဆုမွန်၊ လာထိုင်လေ...အစကတော့ တစ်ယောက်တည်း မဟုတ်ဘူး၊ အခုမှ တစ်ယောက်တည်းဖြစ်သွားတာ..."

"ရှင်...ဘာဖြစ်လို့လဲ"

ဆုမွန်က သူ့ရှေ့ကခုံတွင် ဝင်ထိုင်ရင်း မေး၏။

"ဆုမွန်ကို အားလုံး စောင့်နေကြတာ...အကြာကြီးပဲ"

ဝေဠုစကားကြောင့် သူမ အားတုံ့အားနာ ဖြစ်သွားပုံရသည်။

"ဟုတ်တယ်...အားနာလိုက်တာ၊ ချိန်းထားပြီးမှ ပါမောက္ခအချိန်က နှစ်ချိန်ဆက် ဖြစ်နေတာနဲ့...ထွက်မရတော့ဘူး၊ ခု...သူတို့ရော ဆုမွန် တောင်းပန်ပါတယ်..."

"ရပါတယ်...သူတို့ အတန်းသွားတက်ကြတယ်၊ တချို့က Lab ဝင်တယ်..."

"သြော်..."ဟုဆိုကာ ဆုမွန် ငြိမ်သက်သွား၏။ စကားမဆက်တော့သဖြင့် သူလည်း ဘာလုပ်ရမှန်း မသိတော့။ လက်နှစ်ဖက်ကို ပွတ်မိနေမိသည်။ ပွတ်ရင်းပွတ်ရင်း လူတွေမှာ လက်သုံးဖက်ရှိလျှင် ကောင်းမည်ဟုပင် စဉ်းစားမိသည်။ ပွတ်ရတာ မြိုင်မြိုင်ဆိုင်ဆိုင် ပိုရှိလာနိုင်သည်။

ကံကောင်းချင်တော့ အနားကို စားပွဲထိုးလေး ရောက်လာ၏။

"အစ်မ...ဘာသောက်မလဲ"

"ကော်ဖီခါးခါး..."

ဆုမွန် ဖြေလိုက်ခြင်း မဟုတ်ပါ။ ဝေဠု ဖြေလိုက်ခြင်းဖြစ်၏။ ဆုမွန်က သူ့ကို တအံ့တသြကြည့်တော့ သူ ဘာပြန်ပြောရမည်မှန်းမသိ။ ခါတိုင်း ဆုမွန်က လက်ဖက်ရည်သောက်နေကြ။ ခုကျခါမှ စိတ်ထဲက





အလိုလို...ဆုမွန် ကော်ဖီမှာမှာကို သိနေသည်။

ဆုမွန်က သူ့ကို ရယ်ပြရင်း...

"ကျွန်မလည်း...ကော်ဖီခါးခါး သောက်ချင်နေတာ"

သူ ရောရောင်ရယ်လိုက်မိ၏။ ကော်ဖီခါးခါးတွေ သောက်ပြီး စကားခါးခါးတွေ မပြောကြဖို့တော့ လိုသည်။ ဘာပြောရမလဲ မသိ။ ကာတွန်းစာအုပ်ထဲမှ သူခိုးကြီး'ငထက်ဖြား'လို 'နေကန်းတယ်နော်'ဟုတော့ မမေးလို။

"သြော်...ဒါနဲ့...ဒီမှာ ရင်ငြိမ်း ထားသွားတဲ့စာအုပ်၊ ရင်ငြိမ်းက တစ်ချိန်ပဲသွားတက်မှာ၊ ပြန်လာလိမ့်မယ် စောင့်ပါ...တဲ့"

ရင်ငြိမ်းပြောသွားတဲ့ အထဲမှာ 'စောင့်ပါ'ဆိုတာ တစ်ခွန်းမှမပါ။ သူ့ဘာသာ ဖြည့်ပြောလိုက်ခြင်းဖြစ်၏။ ဆုမွန်က...

"စောင့်မှာပါ...ကျွန်မက နောက်ကျခဲ့တာပဲ..."

"ဆုမွန်..."

ဆုမွန်က မထူး။ကော်ဖီခွက်ကို မွှေနေရာမှမျက်လွှာပင့်ကြည့်၏။

"ကျွန်တော်...ဆုမွန်အတွက် ကဗျာတစ်ပုဒ် ပါလာသေးတယ်"

"ဟုတ်လား..."

"ဟုတ်တယ်...ဒီမှာဖတ်ကြည့်ပါဦး...။ ခေါင်းစဉ်က 'ဥပေက္ခာထောင့်ချိုး'တဲ့..."

"ဥပေက္ခာထောင့်ချိုး"

(၁)

ဘယ်နန်းမြားလေး ခင်ကြသာပစ်တာက

ဘယ်ရုံးသမားလေး ရင်မှာနစ်လာရပြီလို့...

- - - - - - - - - - - - - - - - - - - -

(၂)

အလွမ်းတွေ ဖျောက်လေမလားရယ်နဲ့
စမ်းရေ နောက်တွေပြားမှာဖြင့်
ပန်းအခြွေ ကောက်ပွေ့ထားမိပေမယ့်...
အစဉ်အမြဲသာပ မှန်းသမျှတွေ
ကြင်သဲလွှာမှ တမ်းတအခြေ
ရင်ထဲမှာက လွမ်းစမပြေခဲ့ပါဘူး။

အဆွေးတွေ ပြေကာပျောက်စေဖို့
အတွေးဝေ အပြေရှာဖျောက်ကာဖြင့်
ဝေးတမြေ ခြေရာတောက်မိပေမ ..
ဝေဒနာအစွဲက တစ်ဖက်...
နေ့တစ်ရာ အသည်းက ရတက်လှိုင်
နွေကမ္ဘာထဲမှ မထွက်နိုင်ခဲ့ပါဘူး။

မျက်ရည် ကြောက်ခန်းသွေ့အောင်ပ
အခက်ပြေ တစ်တောက်လမ်းကွေ့မှာဖြင့်
အရက်ပြေ လျှောက်လှမ်းမွေ့ဘူးပေမယ့်
လွမ်းသဲမှာ ရှိနေရ
လမ်းခွဲခွာ ပရိဝေ
ဝမ်းနည်းစွာ မချိလေရပါဘူး...။

အဆိပ်ပန်းရှာထဲ အနစ်လွှယ်
အတိတ်နန်းမှာလဲ အချစ်မပြယ်
စိတ်နွမ်းမှာလဲ မပစ်ပယ်
ဒီမောင့်မှာလေ...
သိပ်လွမ်းတာပဲ အချစ်ရယ်...လို့။





(၃)

-------------

မာယာသခင် အလိုကျ
ဗျာပါသျှင် ငိုပြလိုက်ပါတယ်...။ ။

ဆုမွန်က ဖတ်လို့ပြီးသွားတော့...ကဗျာစာရွက်ကလေးကို စားပွဲပေါ် အသာပြန်ချ၏။

"ကိုဝေဉ္စသူငယ်ချင်းကတော့ နဘေ အတော်ပိုင်တာပဲနော်... မောင်ခိုင်မှာ ကျနေတာပဲ"

"ခင်ဗျာ..."

"နဘေပိုင်တယ်လို့..."

"နဘေ...ဟုတ်လား"

"ဟုတ်တယ်လေ...ဒီလို...'မာယာသခင် အလိုကျ၊ ဗျာပါသျှင် ငိုပြလိုက်ပါတယ်...'ဘာညာဆိုတာက နဘေထပ်ထားတာပေါ့"

"ဟုတ်လား...သူကတော့ ကာရန်မိတယ်လို့ ပြောတာပဲ..."

ဆုမွန်က...ကြည်ကြည်လင်လင်လေး ရယ်၏။

"ကာထား ရုံထားမှတော့ မိမှာပေါ့ရှင်...၊ ဒါနဲ့...ပြောပါဦး ဘာကို မိတာလဲ"

"ထပ်ဖတ်ကြည့်ပေါ့..."ဟု ပြောလိုက်မိ၍ သူမ ထပ်ဖတ်သည်။

"မဆိုးပါဘူး..."

"ဆုမွန်ကလည်း မြန်မာစာကပဲ။ ကဗျာလေးဘာလေး မရေးဘူးလား"

"မရေးဖြစ်ပါဘူး...ရေးမှ မရေးတတ်ဘဲ၊ ဘာအကြောင်းရေးရမှန်းလည်း မသိဘူး..."

"အချစ်အကြောင်း ရေးပေါ့"

သူ ခပ်သွက်သွက်ပြောလိုက်၏။ ဒီခွင်ကို မနည်းစောင့်ရကာလေ။ ဒါပဲပေါ့...။ ခုနက...ဆုမွန် ပြောသွားသလိုပေါ့။ ကာထား

ရုံထားခဲ့သည်ပဲ။ အခုတော့…မိပြီပေါ့။ ကာရံ မိပြီပေါ့။

"ကျွန်မ မရေးတတ်ဘူးဆို…"

"မရေးတတ်ဘူးဆိုတာက အချစ်ကို မတွေ့ဖူးဘူးလို့ ဆိုလိုတာပေါ့နော်"

"ဆိုပါတော့…"

ဆုမွန်က ရယ်တဟဟနှင့် ဖြေ၏။ ခေတ်မိန်းကလေးပဲ… ဒီလောက်နဲ့တော့ ခေါင်းငုံ့မသွားနိုင်လောက်ပါ။ သူမကပင် ဆက်၍…

"ကျွန်မကို မေးနေတယ်၊ ရှင်ကလည်း ဒီကဗျာကို ကျွန်မကို တောင် ပေးဖတ်တယ်ဆိုတော့…ရှင် ခံစားလို့ ရလို့ပေါ့၊ ဟုတ်လား"

"ဟုတ်တယ်…"

"ဟာဟ…ဒါဆို နေတစ်ရာအသည်းက ရတက်လှိုင်၊ နွေကမ္ဘာထဲက မထွက်နိုင် ဖြစ်ခဲ့ရတယ်ပေါ့"

"ဟာဗျာ…မဟုတ်ပါဘူး၊ အဲဒီအထိ မရောက်သေးပါဘူး… ခုမှ…"

"ဘာလဲ…လမ်းခွဲခွာပြီး ပရိဒေဝ မီးတွေတောက်လို့ ဝမ်းနည်းစွာ မချိလေရ…တွေ ဖြစ်ခဲ့ကြလို့လား…"

"မဟုတ်ရပါဘူးဗျာ…"

သူ ခေါင်းကုတ်ရင်း ဖြေမိသည်။ စိတ်ထဲက ဆုမွန် သူ့ကို တမင်ပတ်ရှောင်နေတယ်ဆိုတာ အလိုလိုသိနေသည်။ စဉ်းစားစမ်း…၊ ဘယ်လိုလုပ်မလဲ…။ စာရွက်ကလေးကို စိုက်ကြည့်နေမိ၏။

ဥပေက္ခာထောင့်ချိုး…တဲ့။

သူ ဖျတ်ခနဲ အတွေးရသွား၏။ ခုမှ…စကားဝိုင်းမှာ တစ်ရေးနိုးသလို ဖြစ်သွားသည်။ တစ်ရေးနိုးသော် အကြံပေါ်ပြီလေ…။

"ခင်ဗျားထင်သလို တစ်ခုမှ မဟုတ်ပါဘူးဗျာ…၊ ကျွန်တော်က…ဒီကဗျာရဲ့ ခေါင်းစဉ်လေးကို ကြိုက်တာ…"

"ဥပေက္ခာထောင့်ချိုး…ဆိုတာကိုလား"

"ဟုတ်တယ်…"

"ဘယ်လိုဥပေက္ခာ ခံခဲ့ရလို့လဲ ကိုဝေမျှရယ်…"





သူမ ခုထိတော့ ကြည်ရွှင်စွာ ရယ်မောနေဆဲ…။

"ဩော်…သူက ကျွန်တော့်ကိုတွေ့ရင် စကားလမ်းကြောင်းတွေ လွှဲတတ်တယ်၊ ကျွန်တော့် ဦးတည်ချက်တွေ ပျောက်ပျောက်သွားအောင် လုပ်တတ်တယ်၊ ကျွန်တော် သူ့ကို စကားစမှာ သိရက်နဲ့ ဥပေက္ခာ ပြုထားတယ်"

"ဟုတ်လား…"

ဒီတစ်ခါ 'ဟုတ်လား'ကတော့ သိပ်ပြီး မလတ်ဆတ်တော့။ အသံကလည်း ဖျော့ကျသွား၏။

"ဟုတ်တယ်…ဒါပေမဲ့ ကျွန်တော်ကတော့ သူ့ဥပေက္ခာကို ရင်ဆိုင်ရင်း ထောင့်ချိုး ချိုးမယ့်…တစ်ကွေ့ကို စောင့်နေခဲ့တာ"

"ဩော်…"

"ခု…ရပြီ…သိလား"

"ဟုတ်…"

ဆုမွန်ရင်တွေ ခုန်နေတာ…သူ အလိုလို သိနေသည်။ ပြီး… သူ့ကို ရှက်နေတာလည်း သူ သိနေသည်။ နောက်ဆုံး…သူ့အခြေအနေကောင်းနေတာကိုလည်း သူ သိနေ၏။ အလိုအလျောက် သိလာ၏။

"ကိုယ် ဆုမွန်ကို ချစ်တယ်…"

ဘာသံမှ ထွက်မလာတော့။ သို့သော်…ဆုမွန်လည်း သူ့ကို ချစ်နေတာ သူ သိသွား၏။ အိုး…ဒီတစ်ခါတော့ သူ 'ထူးခြားချက်ကြီး' က အသုံးဝင်နေပါလား…။

ဆုမွန်က သူ့ကို မျက်လွှာတစ်ချက် ပင့်ကြည့်၏။

"ကျွန်တော်တို့ ချစ်သူတွေဖြစ်သွားရင်…ဆုမွန်ကို ကျွန်တော် ကျောင်းသွား ကျောင်းပြန် စောင့်ရှောက်မယ်…၊ ဆုမွန်အတန်းတက်ရင် စောင့်မယ်၊ ကျူတိုရီယယ်ရှိရင် စာကူကြည့်ပေးမယ်…"

ဆုမွန်က သူ့ကို တအံ့တသြကြည့်၏။

"ပြီးတော့…ကိုယ်တို့ လျှောက်လည်ကြမယ်၊ အင်းလျားဘက်၊ တိရစ္ဆာန်ရုံ၊ ကစားကွင်း၊ လော်ကားဥယျာဉ်၊ ရုပ်ရှင်ရုံတွေ လျှောက်သွားမယ်…၊ ကိုယ်တို့ ကျောင်းပြီးရင် လက်ထပ်ကြမယ်၊ လက်ထပ်

ပြီးရင်...သား...''

''ရှင်...ဘာတွေ လျှောက်ပြောနေတာလဲ...''

ဆုမွန်က ခပ်ဆတ်ဆတ်ကလေး ဝင်ပြောမှ သူ သတိဝင်လာသည်။

''ရှင့်ကို ဘယ်သူက ချစ်ပါတယ် ပြောသေးလို့လဲ...၊ ရှင်က ဒါတွေ ပြောနေရအောင်...''

သူ ဟက်ခနဲ ရယ်မိ၏။ ဟုတ်ပါရဲ့လေ...။

''ဆောရီး...ကျွန်တော် အတွေးလွန်သွားတယ်''

'ကိုယ်တို့ချင်း ချစ်သူ ဖြစ်ကြပြီးရင် မင်း ကိုယ့်ဆီက ဘာကို အရင်ဆုံး လိုချင်သလဲ' ဟု စိတ်ကူးထဲမှာ မေးမိ၏။ စိတ်ကူးထဲမှာပင် သူမက မထိတရိ ပြုံး၏။

ပြီး...လျင်မြန်သွက်လက်စွာ 'ဖြတ်စာ' ဟု ပြန်ပြောလေသည်။ ထိုစိတ်ကူးကို ထိုမှာပင် ရပ်လိုက်ရ၏။

ခဏနေတော့...သူရနှင့်ရင်ငြိမ်းတို့ ရောက်လာ၏။ ဆုမွန်က ရင်ငြိမ်းကို ရှက်မျက်စောင်းလေးထိုးကာ အရှက်ပြေ ပြော၏။

''ကြာလိုက်တာ...''

''မကြာပါဘူးတော်...ရှင့်ကို စောင့်ရတာမှ ကြာတာ၊ ဒါလေး စောင့်ရတာများ...စာအုပ်ရပြီ မဟုတ်လား...''

''ရပြီ...''

''မှန်း...''

စာအုပ်ကို ဆွဲယူကာ တဖျတ်ဖျတ်လှန်လိုက်၏။

''ဘာလုပ်တာလဲ...''

''သြော်...တစ်ခုခုများ ညပ်ပါသွားလားလို့၊ ဥပမာ...စာတို့၊ ကဗျာတို့...ဘာညာပေါ့''

ရင်ငြိမ်းက မျက်စမျက်နှနှင့် နောက်၏။ ဆုမွန်က ဘာမှပြန်မပြောဘဲ မသိချင်ယောင် ဆောင်နေသည်။ ခေါက်လက်စ ကဗျာစာရွက်ကို ဆက်ခေါက်ရင်း...လွယ်အိတ်ထဲ ထိုးထည့်လိုက်တာကို တွေ့ရ၏။

နေအတော်စောင်းသည်အထိ သူတို့ မြကျွန်းသာမှာ ကုန်ပြော





ကြသည်။ ထိန်လင်းတို့နှင်းမာတို့လည်း ပြန်ရောက်လာကြသည်လေ...။ ပြန်ခါနီးကျတော့ ဆုမွန်က လည်သည်။ ရင်ငြိမ်းနှင့်အတူ ပြန်မည်ဆိုတာ သူ သိနေ၏။

''ဆုမွန်...''

ဆုမွန်က သူ့ကို ကြည့်ရှုကြည့်၏။

''ကျွန်တော်မှာတာ မမေ့နဲ့နော်...''

''ဘာလဲ...ဘာမှာတာလဲ''

''စာအုပ်လေ...''

''ဘာစာအုပ်လဲ...''

သူ ဆုမွန်နားကို တိုးကပ်သွားရင်း...စာအုပ်အမည်လေးကို ပြောလိုက်၏။

''ဟုတ်တယ်...ကဗျာစာအုပ်ရဲ့ နာမည်က 'နံနက်ခင်းမှာ အတူတူလင်းကြမယ်...' တဲ့။

✿✿✿

[၄-ခ]

ဆုမွန်နဲ့အတူတူ
ညဖက်မှာ မီးပွိုင့်ကနေ လမ်းဖြတ်ကူးချင်တယ်

နီလိုက် ဝါလိုက် စိမ်းလိုက်ဖြစ်နေတဲ့ မီးပွိုင့် အလင်းရောင်
အောက်မှာ
ဆုမွန်ရဲ့ မျက်နှာကလေး အရမ်းလှနေတာကို
ကြည့်ချင်လို့ပေါ့...။

တစ်ခုတော့ရှိတယ်...။
မီးပွိုင့်ကြောင့် ရပ်ထားရတဲ့ ရှေ့ဆုံးကားမှာ
ယောက္ခမလောင်းကြီး ပါမလာဖို့ လိုတယ်။
နို့မို့ဆို...ရသပျက်မယ်။





(၅)

"ဝေဠု..."
"... ... ..."
"ဝေဠု..."
"... ... ..."
"ခေါ်နေတယ်ဆို..."
"ဘယ်သူ့ကိုလဲ..."

အင်းလျားကန်ဘောင်ပေါ်တွင် ဖြစ်၏။ ညနေဘက် သူငယ်ချင်းတွေ လမ်းစုလျှောက်ရင်း ရောက်လာကြခြင်းဖြစ်၏။ အားလုံး သူ့အတွဲနှင့်သူ...။

ဆုမွန် ကြိတ်ပြုံးလိုက်မိ၏။ ဝေဠုက ဒီလိုခေါ်တာ မကြိုက်။ ချစ်သူတွေ စဖြစ်ကတည်းက အခေါ်အဝေါ်ပြောင်းခိုင်းသည်။ သို့သော်... ဆုမွန်က စိတ်ကူးရှိလျက် နှုတ်မရဲ။

"ဘယ်သူ့ခေါ်ရမှာလဲ...ငါ့အနားမှာ နင်ပဲ ရှိတဲ့ဟာကို..."

"ဟာ...လာပြန်ပြီ၊ နင်တွေရော ငါတွေရော...စိတ်ထဲစီထားတဲ့

အတိုင်း 'ကို'ရယ်…ဆုမွန်ရယ်…ဘာညာ လုပ်စမ်းပါ''

ဆုမွန် ရှက်သွား၏။

''အံမယ်…ဘယ်သူက စိတ်ကူးထားလို့လဲ…''

''မညာပါနဲ့…ကိုယ်သိနေတယ်''

ဆုမွန် ရယ်လိုက်မိသည်။ ဟုတ်နေတာကိုး…။

''ဆုမွန်ရယ်…ဒါလေးပြောင်းဖို့ကိုများ ခက်ခဲနေလိုက်တာ…''

''ဟင်း…နေပါဦး၊ အချိန်တွေ ရှိပါသေးတယ်''

ဝေဠု ရေပြင်ကိုဖြတ်ကာ တစ်ဘက်တွင် လှမ်းမြင်နေရသော ရှုခင်းများကို ငေးကြည့်နေ၏။ ပြီး…လေထဲတွင် တဖျတ်ဖျတ်လွင့်မျောနေသော ဆုမွန်၏ ဆံနွယ်ရှည်များကို လှမ်းယူသိမ်းစုပေးရင်း…

''ဆုမွန် ကိုယ့်ကိုချစ်တာ…ကိုယ်သိပါတယ်''

''အရေးထဲ…''

ဆုမွန် မျက်စောင်းထိုးလိုက်၏။

''ကိုယ်နဲ့ နေရတာလည်း ပျော်တယ်''

''အင်း…ဆက်ပြောပါဦး…''

''ကျောင်းပြီးရင်…အလုပ်တစ်ခု မြန်မြန်လုပ်ဖို့ စိတ်ကူးနေတယ်''

''ဟုတ်ပြီ…''

''အဲဒါ…ဘာလို့လဲဆိုတော့ အလုပ်ရပြီးရင် ကိုယ်နဲ့လက်ထပ်ဖို့ မိဘတွေကို ဖွင့်ပြောမယ်လေ''

''ဟင်းဟင်း…ဒါလည်း ဟုတ်တာပဲ၊ ဝေဠုရယ်…ဗေဒင်ဟောစားပါလား''

ပြောရင်းက ဆုမွန်အတွေးတွေ ဝေသွားရ၏။ ဝေဠုက တစ်မျိုးတော့ ထူးခြားနေတာ သေချာသည်။

ခုလို ဆုမွန်စိတ်ထဲ ရှိတာတွေကို လာပြောပြနေတာမျိုး…။ ဒါက…ချစ်သူချင်းမို့ စိတ်တူသည်ဟု ထင်လျှင်ရနိုင်သော်လည်း… တစ်ခါတစ်ရံ သူသိနေတတ်သည်က (ဘယ်လိုမှ သူ မသိနိုင်သော…) ဆုမွန်၏ ရင်တွင်းစိတ်ကူးများ ဖြစ်နေတတ်သည်။





''ဆုမွန်…''

''…အင်…ဟင်…''

''ဘာတွေစဉ်းစားနေတာလဲ''

''ဘာရယ် မဟုတ်ပါဘူး…လေညင်းခံနေတာ သက်သက်ပါ''

''စာကလေးဗေဒင်…''

''ဟင်…ဘာလဲ…''

''စာကလေးဗေဒင်မေးရင် ကောင်းမှာပဲ…''

''ဘာလို့လဲ…''

''ဒီနေ့ တွက်ချေ သိပ်မကိုက်သေးဘူး၊ အတွဲတွေကလည်း သူတို့ဘာသာ သူတို့ စကားပြောနေကြတာပဲ…၊ စာကလေးဗေဒင်ကို စိတ်မဝင်စားကြဘူး၊ ခုလောက် ရထားတာလေးနဲ့ အိမ်မှာ ဘယ်လိုစားကြမလဲ…၊ ညနေ ဆေးခန်းက သွားရဦးမယ်၊ နောက်ထပ် သုံးယောက်လောက် မေးရင်…မဆိုးဘူး''

''ဝေဠု…ဘာတွေပြောနေတာလဲ''

ဆုမွန် သူ့ကို ဇဝေဇဝါကြည့်ကာ…ပခုံးကို ပုတ်ရင်း မေးလိုက်မိ၏။

''စာကလေး ဗေဒင်လေ…''

ဆုမွန် ဘေးလှည့်ကြည့်လိုက်တော့…စာကလေး လှောင်ချိုင့်နှင့် ကုလားမတစ်ယောက်…။ သူမတို့ကို တစ်ချက်တစ်ချက် စောင်းငဲ့ကြည့်ကာ ထိုင်နေ၏။ ဝေဠု သူမကို ပြောနေတာ…ဒီကုလားမ မကြားနိုင်။ ဆုမွန် သက်ပြင်းချမိသည်။

ဒါ…ခုမှ မဟုတ်ပါ။ နှစ်ယောက်တည်း ထိုင်နေရင်း…အနားမှ တစ်ယောက်ယောက် ဖြတ်သွားရင်၊ ဒါမှမဟုတ် တစ်ယောက်ယောက် ရောက်လာလျှင် သူ့လေသံတွေ၊ စကားလမ်းကြောင်းတွေက ပြောင်းကုန်ရော…။ မဆိုင်တာတွေပါ ပါလာတတ်သည်။

ခုလည်း ကြည့်လေ…။ အခေါ်အဝေါ် ပြောင်းဖို့၊ ကျောင်းပြီးရင် လက်ထပ်ဖို့ ပြောနေရင်းက စာကလေးဗေဒင်ဆီ ရောက်သွားသည်။ ဆုမွန်သာ ကုလားမဆိုရင်လည်း ကောင်းသား။ သူတစ်ပါးကိစ္စတွေကို

ဒီလောက်အထိ သိနေနိုင်သော ဝေဠုကို လှောင်ချိုင့်ထဲထည့်ပြီး ဆွဲ၍ 'လူကလေးဗေဒင်'အဖြစ် ဟောခိုင်းလိုက်မည်။

ဟိုတစ်နေ့ကလည်း သူမတို့နှစ်ယောက် အအေးဆိုင်ထိုင်ရင်း အချစ်ကဗျာတစ်ပုဒ်အကြောင်း ဆွေးနွေးနေကြသည်။ သူမတို့ နောက်ဝိုင်းတွင် လူများ ရောက်လာကြပြီး မကြာမီ…ဝေဠု စကားတွေက ထူးဆန်းလာတော့၏။ အစကတော့ သတိမထားမိ။

"တကယ်တမ်းကျတော့ ဆုမွန်ရယ်…အချစ်ဆိုတာကို ဘယ်သူမှ 'ဒွဲ'မတွေ့ဖူးကြပါဘူး…"

"ဟုတ်တယ်နော်…"

"ထိပ်စီးလေးတူ နောက်ပိတ်လွဲ၊ နောက်ပိတ်တူ ထိပ်စီးလွဲ… အဲ…အဲလိုမျိုးတွေချည်း များတယ်…"

"အင်း…"

"ထိပ်စီးနဲ့နောက်ပိတ် တူပြန်တော့ အလယ်ထိုင်က လွဲပြန်ရော…"

"… … …"

"အတော်ကံကောင်းတဲ့ လူလောက်သာ 'တွတ်'ရတတ်ကြတာ…"

ဝေဠုနောက်မှာ လာထိုင်သူများက 'ချဲ'သမားများ ဖြစ်နိုင်ကြောင်း ဆုမွန်…နောက်မှ ပြန်တွေးမိသည်။

ဆုမွန် မျက်မှောင်ကြုတ်သွားမိ၏။ ဘယ့်နှယ့်…။ အချစ်ကို ဥပမာပေးတာတွေက မဆီမဆိုင်တွေ။

ဝေဠုကတော့ ဘာမှ သိပုံမပေါ်။ ဆက်ပြောနေ၏။

"အဲဒီလိုနဲ့ ပွတ်ကာ သီကာတွေဖြစ်ပြီး ထောင့်ငါးရာအချစ်ကို မခံစားလိုက်ရတဲ့သူတွေ အများကြီးပဲ ဆုမွန်ရဲ့…၊ တချို့ကျတော့လည်း 'ဒွဲ'တော့ တိုးပါရဲ့…ဒိုင်ပြေးတာ ခံလိုက်ရတာတွေ၊ အင်း…တကယ့်တကယ်ကျတော့ အချစ်ဆိုတာကလည်း ဒိုင်စားဂဏန်း တစ်ခုပါပဲကွာ"

သူ့နောက်က လူများ ထသွားမှ စကားလမ်းက ပြန်မှန်သွားတော့၏။ သူ…ဘာဖြစ်တာလဲ။ ဘယ်လိုဖြစ်တာလဲ။ တကယ့်တကယ်





'ဒွဲ'ဖြစ်လိုက်၊ 'တွတ်'ဖြစ်လိုက် ဖြစ်နေသည်က သူ။ ထိပ်စီးလွဲလိုက်၊ နောက်ပိတ်လွဲလိုက်၊ ခလယ်ထိုင် မှားလိုက် ဖြစ်နေသည်က သူ။

တစ်လောကလည်း ဒီလိုပင်…။

မာလာကားဂိတ်တွင် ထိုင်ကာ ကားစောင့်ရင်း စကားပြောနေကြ၏။ ထိုစဉ် အနားသို့ အဖိုးကြီးတစ်ယောက် ဒုတ်ကောက်တစ်ဖက်၊ ကိုးလုံးပုတီးတစ်ဖက်နှင့် ရောက်လာ၏။

ထိုအချိန်…သူမတို့က ဟာသတစ်ခုကို ဆွေးနွေးနေခြင်းဖြစ်၏။ ရယ်မောနေကြရင်းမှ ဝေဠုက ချက်ချင်းပင် မျက်နှာတည်သွားပြီး…

"သြော်…ကိလေသာတွေ ကိလေသာတွေ၊ တဏှာဆိုတာ အတော်ကြောက်ဖို့ ကောင်းပါလား။ လူငယ်တွေ။ ဒီတဏှာကြောင့်ပဲ လူတွေ ဒုက္ခရောက်ကြရတယ်။ ဒီ…ကိလေသာတွေ၊ တဏှာတွေက လွတ်မြောက်ဖို့…မဂ်ကို လျှောက်မှ ဖြစ်မှာပဲ…"

"သူများကို သွားနောက်နေတာလား…လူကြီးကို…"

ဆုမွန်က မျက်မှောင်ကြုတ်ကာ ပြောလိုက်စဉ်မှာပဲ အဖိုးကြီးက ကားပေါ်တက်သွားသည်။ ဝေဠုလည်း ဆုမွန်ကို အူကြောင်ကြောင် ပြန်ကြည့်ကာ ရယ်၏။

ဆုမွန်အတွက်ကတော့ မချိပြုံးလေးသာ ပြုံးနိုင်သည်။ သူမ ချစ်ရသော ချစ်သူသည် ဘယ်လိုလူတစ်ယောက်လဲ…။ သူမ မတွေးတတ်ခဲ့ပါ။

သူမ ငြိမ်သက်နေမိဆဲ…ရင်ငြိမ်းတို့အတွဲ ရောက်လာသဖြင့် စကားဝိုင်းက စိုပြေသွားရသည်။ သို့နှင့် ဆုမွန်စိတ်တွေ ပြေလျော့ကာ…ညနေခင်းလေးကို လှလှပပ ကုန်ဆုံးစေလိုက်တော့သည်။

နောက်တစ်နေ့…။

ဝေဠု မနက်ပိုင်း ကျောင်းလာနိုင်မှာမဟုတ်…မနေ့ကတည်းက သူမကို ပြောသွားသည်။ ထို့ကြောင့် သူမ မနက်စာကို တောင်ငူကင်တင်းမှာ မစားတော့ဘဲ မြကျွန်းသာတွင် လာစားမည်ဟု ရင်ငြိမ်းနှင့် ချိန်းထားလိုက်သည်။

သူမ ရောက်သွားတော့ 'မြကျွန်းသာ'မှာ လူစုံနေပြီ။

"တကယ်တမ်းကျတော့ နို့ဆီမပါတဲ့ လက်ဖက်ရည်၊ အချဉ်ရည်မပါတဲ့ အကြော်ဆိုတာတွေဟာ မတင့်တယ်ဘူး"

ထိန်လင်းက သူမကို ကြည့်ကာ နောက်၏။ ဒီကလည်း ဆုမွန်ပဲ…ဘယ်ရမလဲ…။

"မသိရင် မှတ်ထားဦး…၊ နိုင်ငံခြားမှာ လက်ဖက်ရည်ကို သံပရာသီးနဲ့လည်း သောက်တယ်၊ ပြီးတော့ အကြော်ကို တောဘက်မှာ ကောက်ညှင်းပေါင်းနဲ့လည်း စားတယ်…သိလား"

"ဟုတ်လား တစ်မျိုးမရှိ၊ တစ်မျိုးပေါ့နော်…အဟဲ…ဒီဝိုင်းမှာတော့ သံပရာသီးသည်ရော၊ ကောက်ညှင်းပေါင်းသည်ရော မပါဘူးခင်ဗျ…"

ဒီအုပ်စုနှင့်ကတော့ ဆုမွန်ပြန်ပြောနေလျှင် ဆုံးတော့မည်မဟုတ်။

"တော်တော်…ဒီမှာ အရေးကြီးတာ ပြောမလို့…"

"ဘာလဲ…အိမ်က တခြားတစ်ယောက်နဲ့ ပေးစားတော့မယ်၊ မာမီ့မှာကလည်း နှလုံးရောဂါနဲ့…အဲ…နှလုံးရောဂါက ဒယ်ဒီ့မှာလည်း ရှိတယ်၊ ဒီတော့ ဘယ်လိုလုပ်ကြရင် ကောင်းမလဲလို့…တိုင်ပင်မလို့လား…"

"ခုပြောမှာက အဲဒါတွေ တစ်ခုမှ မဟုတ်ဘူးဟဲ့…၊ နင်တို့သူငယ်ချင်းအကြောင်း ပြောမှာ…"

"သြော်…ရှယ်ဗူးနို့ဆီ အကြောင်းလား"

"မဟုတ်ပါဘူး…ရှယ်အချဉ်ရည်ပါ"

"ငါက အကောင်းပြောမှာနော်"

စိတ်တိုတိုနှင့် ဆောင့်အော်လိုက်မှ အားလုံး တိတ်သွားကြ၏၊ ဒါတောင်မှ မျက်နှာပိုးတွေကတော့ မသေသေး…။

"ဘာလဲ…ပြော…"

နှင်းမာက စကားကို ထောက်ပေး၏။

"နင်တို့ သူငယ်ချင်းကို တစ်ခုခု ထူးနေတယ်လို့ မထင်မိဘူးလား…"





"ဘာလဲ…နားရွက်တွေ ရှည်ထွက်လာပြီး အမြီးက လိမ်သွားလို့လား…"

"ရင်ငြိမ်း…နင့်လူ နင်ထိန်းနော်…ငါ စိတ်တိုလာတော့မယ်၊ ငါက တကယ့်ကို အလေးအနက် ထားပြောမှာ"

"အေးပါ…ပြောပါ…"

အားလုံး တကယ့်ကို တည်ကြည်လေးနက်စွာ ဆုမွန်စကားကို စောင့်နေလိုက်ကြသည်။ ဒီကောင်မလေး သူ့ရည်းစားအကြောင်းတွေကို အတင်းပြောတော့မည်ဟု ထင်သွားကြတာလည်း ဖြစ်နိုင်သည်။ ဆုမွန်က 'ဒီလိုဟာ…'ဟု အစချီကာ…

"သူ့မှာ…ငါတို့ပြောမယ့်စကားတွေ ကြိုကြိုသိနေတဲ့အစွမ်း ရှိတယ်လို့ မထင်ဘူးလား၊ နင်တို့ တစ်ခုခုပြောမယ်လုပ်ရင် သူက ဦးအောင်ပြောတာမျိုးလေ…နင်တို့လည်း ကြုံဖူးကြမှာပေါ့…"

သန်းထိုက်က…

"အေးလေ…ကြုံနေသားပဲ၊ ဘာလို့လဲ…ဒီလိုပဲ နောက်ပြောင်ရင်း တိုက်ဆိုင်သွားတာ နေမှာပေါ့ဟာ၊ ဘာလဲ…နင်က ဝေဠုကို အကြားအမြင် ရနေတယ်လို့ ထင်လို့လား။ ဒါဆိုလည်း ကောင်းတာပဲ…နင် တခြားသွားပြီး ဗေဒင်မေးစရာ မလိုတော့ဘူးပေါ့"

"အေးလေ…ခုချိန်မှာ ဒါတွေက ခေတ်စားနေပြီး တအားထောနေတာနော်၊ စိတ်ကူးမချော်နဲ့…တည့်ထားလိုက်…"

ထိန်လင်းကပါ ထောက်ခံ၏။ ယဉ်မင်းက…

"နေပါဦးဟာ…ဆုမွန်ကို ဆက်ပြောခွင့် ပေးလိုက်ပါဦး…"

"အေး…ပြောစမ်းပါဦး"

"ဒါတင်မကဘူးဟာ၊ တစ်ခါတလေ သူ့ဘေးနားက လူတစ်ယောက်ရဲ့ ဟန်ပန်အမူအရာအတိုင်း ဖြစ်သွားပြီး…အဲဒီလူ ပြောသလိုမျိုး လိုက်ပြောရော…"

"နင့်ကို နောက်တာ နေမှာပေါ့ဟာ"

ဆုမွန်က ခေါင်းခါ၏။ ဘယ်ပြန် ညာပြန် ခါ၏။ အတော်ကြာသည်အထိ ခါ၏။ စကားကိုပင် ပြောချင်လျက်နှင့် ဆက်မပြောသေးဘဲ

ရပ်ထားရသည်။ ဆုမွန်က ခေါင်းခါနေချိန်မှာ စကားမပြောတတ်ချေ။ လျှာလည်သည်။

“မဟုတ်ဘူးဟာ…စိတ်ထဲမှာ လျှောက်တွေးမနေပါနဲ့၊ ဝေဠုက ဒီလိုပဲ…နောက်တတ်တယ်၊ ပျော်တတ်တယ်၊ အားလုံးပျော်ရအောင် သူ နောက်နေကျပဲဟာ…၊ ဒါက အရေးမကြီးပါဘူးဟာ”

ဆုမွန် ခေါင်းကို ခါပြန်၏။ ပြီးမှ…

“နင်တို့က အရေးမကြီးဘူးထင်ပေမယ့်…ငါက အရေးကြီးတယ်လို့ ထင်တယ်”

“ဘာတွေ အရေးကြီးနေကြတာလဲ”

“ဟင်…ဝေဠု…”

အားလုံး တအံ့တသြဖြစ်သွားကြ၏။ သူနိုး လူမိသလို မလုံမလဲလည်း ဖြစ်သွားကြရသည်။ ထိန်လင်းကပဲ ဝေဠုကို နေရာပေးကာ…

“ဆုမွန်က စာမေးပွဲ အရေးကြီးတဲ့အကြောင်း ပြောနေကြတာ”

“ဟင်…စာမေးပွဲကဖြင့် သုံးလေးလ လိုသေးတဲ့ဟာကို မင်းတို့ လိမ်ပြောမှန်း ငါ သိပါတယ်”

“အေးလေ…ထားပါ၊ မင်းကရော ဘာလို့ မလာဘူးဆိုပြီး ရောက်လာတာလဲ”

“သြော်…အိမ်ကလုပ်စရာရှိတာ ဒီနေ့ မသွားဖြစ်ဘူးလေ… ဒါကြောင့်…”

လက်ဖက်ရည်တစ်ခွက် လှမ်းမှာ၏။ အားလုံးက ရှိုးတိုးရှန့်တန့်နှင့် ဝေဠုကိုပဲ အကဲခတ်နေကြသည်။ ဝေဠုက တစ်ယောက်စီကို လိုက်ကြည့်ရင်း…

“ဘာလဲဟ…ငါ့အကြောင်းပြောနေတာဆိုလည်း ဆက်ပြောလေ၊ ငါသိနေတယ်နော်…”

တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြ၏။ ထိုစဉ်မှာပဲ ကယ်တင်ရှင် ပေါ်လာ၏။

“ဟော…”

မြောက်ကြွမြောက်ကြွနှင့် လူတစ်ယောက် ဝင်လာ၏။





“ကြွားတော့လာပြီ၊ ကြွားပါတော့မယ်…ဒုက္ခပဲ…”

ထိုသူသည် ရင်ငြိမ်းတို့၊ ဝေဠုတို့၊ သူရတို့ အတန်းမှဖြစ်၏။ ဟိုင်လိုက်တယ်ဆိုရင်ပဲ ဝေဠုက ဦးအောင် စကားစီးပြော၏။

“မနက်ကကွာ…အိမ်မှာ Breakfast က အပျံစားကွ၊ ဦးလေး က မနက်စောစော သွားပြီး Oriental House က Dim Sun တွေ ဝယ်လာတာ အမျိုးကို စုံနေတာပဲ။ Lipton Tea လေးကလည်း မွှေးလို့၊ ရေနွေးကြမ်းကတောင် Australia က ငါ့ဘကြီး ပို့ပေးလိုက်တဲ့ တရုတ်လက်ဖက်ခြောက် အကောင်းစားနဲ့ ဖျော်ထားတာ…”

ဝေဠုစကားကြောင့် ထိန်လင်းက စပ်ဖြီးဖြီးနှင့်ပြုံး၏။ ပြီး…သူရ ဘက်လှည့်ကာ မျက်စပစ်ပြ၏။ သူတို့ထင်နေတာက ဝေဠု တမင်ပြောနေတာဟု…။ ဆုမွန်ကတော့ အဲဒီလိုမထင်။

ကြွားကတော့ သူ့ကိုကြည့်ကာ စကားဟမည်ပြင်ဆဲ…။ သူ မဟခင် ဝေဠုက ဝင်ဟပြန်သည်။

“မနက်က ကျောင်းလာခါနီးကွာ အဒေါ်က သူ့စိန်တစ်ဆင်စာ အတွက် ငွေခြေဖို့ အဖော်ခေါ်နေသေးတယ်၊ မလိုက်ဖြစ်ပါဘူး…သူ့ ကာသာပဲ အိမ်က ပရာဒိုနဲ့ သွားခိုင်းလိုက်ရတယ်၊ သြော်…ဟော့ကောင် စိုးမိုး…”

ကြွား၏နာမည်က စိုးမိုးဖြစ်၏။ စိုးမိုးက သူ့ကို လှည့်ကြည့်၏။ သိပ်တော့ ကျေနပ်ပုံမရ။ ကြွားဆိုတာမျိုးကလည်း ကိုယ်ကသာ ကြွားလိုသူ ဖြစ်သည်။ ကိုယ့်ကို သူတစ်ပါးက လာကြွားနေလျှင်တော့ နားအခံရ ခက်လွန်းလှ၏။

ဝေဠုက သူ့စကားကို ဆက်သည်။

“မင်းကို ပြောရဦးမယ်…မင်းက ပစ္စည်းကောင်းတွေကြည့် တတ်တယ် မဟုတ်လား…”

စိုးမိုးက ခွင်တည့်ပြီဆိုပြီး ကျေနပ်သွားပုံလည်း ရသည်။

“ဒါတော့…ငါက…”

စိုးမိုး စကားမဆုံးလိုက်…။ ဝေဠုက ဖြတ်ပြော၏။

"ယုဇနပလာဇာမှာ မင်း လိုချင်တယ်ဆိုတဲ့ ယူအက်စ်ဂျင်း အစစ်ရောင်းတဲ့ဆိုင် တစ်ဆိုင်ရှိတယ် ကိုယ်လူ..."

"ဟုတ်လား...ငါက...ယူအက်စ..."

ဝေဠု စကားကို ဖြတ်ပြောလိုက်ပြန်၏။

"တစ်ထည်ကို နှစ်သောင်းခွဲလောက်ဆို မဆိုးဘူး...ငါတောင် ထသွားထလာ ဝတ်ဖို့ ငါးထည်လောက် ဆွဲခဲ့သေးတယ်..."

စိုးမိုးထံမှ အသံမကြားရတော့...။ လက်မှ နာရီကို ဟန်ပါပါ မြှောက်၏။ နာရီက ရိုးလက်စ်၊ အကောင်းစား။ သို့သော်...သူ မကြွားတော့...။

"ငါ ချိန်းထားတာရှိလို့ သွားဦးမယ်"ဟုဆိုကာ ထသွားတော့၏။ အားလုံးက ရယ်မောပြီး ကျန်ခဲ့ကြ၏။ ဆုမွန်က...တစ်ယောက် ကျော်မှ သူရကို ကိုင်းပြီး...

"တွေ့လား...တွေ့လား...သူ့အကြောင်းကို နင်တို့ လက်တွေ့ တွေ့ပြီ မဟုတ်လား"

သူရက ခေါင်းခါ၏။

"မဟုတ်ပါဘူးဟာ...ဒီကောင့်ကို ပညာပေးလွှတ်လိုက်တာ ပါ...ဟားဟား...တွေ့တယ်မဟုတ်လား၊ ဟိုကောင် သူ ကြွားစရာရှိတာ တောင် ကြွားမသွားရရှာဘူး...ဝေဠုနဲ့တင် ပွဲပြီးသွားတယ်"

ဒီတစ်ခါ...ခေါင်းခါရသူက ဆုမွန်။

သူမ သက်ပြင်းခိုး တစ်ချက်ကိုလည်း တိတ်တိတ်ချမိ၏။ သူမကပဲ တလွဲတွေ တွေးနေမိတာလား...။ တကယ်ပဲ သူတို့ပြောသလို နောက်နေတာလား...။ ဘုရားမှ သိပေလိမ့်မည်။

✿✿✿





(၆)

နံနက်ခင်း၏ အေးမြသောလေကို တဝကြီး ရှူရှိုက်လိုက်ရင်း ဆုမွန် ပုဂံလမ်းအတိုင်း လျှောက်လာခဲ့လိုက်သည်။ အမှန်တော့ ကျောင်းရှေ့မှတ်တိုင်မှာဆင်း မှတ်တိုင်တည့်တည့်က ဂိတ်ပေါက်ဝ အသေးလေးမှ ဝင်လျှင် တောင်ငူဆောင်ဆိုတာက နီးနီးလေး။

ဒါပေမဲ့...ဒီနေ့ ဆုမွန် စကားလုံးတွေ အစီအစဉ်ချလို့ ကျောင်းလမ်းတွင်ဆင်းကာ ပုဂံလမ်းမှ လျှောက်ဝင်လာခြင်းဖြစ်သည်။ ဒီနေ့...ဝေဠုက ကင်တင်းကပဲ စောင့်လိမ့်မည်...။

ဝေဠုကို သူမ မေးစရာတွေရှိနေသည်။ သို့သော်...လွယ်လွယ် ကူကူပေါ့ပေါ့တန်တန်တော့ မေးလို့မရ...ဆိုတာ သူမ နားလည်ထား သည်။ လေးလေးနက်နက်နှင့် သေသေချာချာကို ပြောရ မေးရမည်...။

စကားလမ်းကြောင်းသင့်အောင် စောင့်ကာ မေးရမည်လား... ဆိုင်းမပါဗုံမဆင့် မေးလိုက်ရမည်လား...၊ စကားလုအောင် ဘယ်လိုရွေး ပြောရပါမလဲ စသည်ဖြင့် သူမ ဦးနှောက်ကို အလုပ်ပေးလာခဲ့သည်။

တောင်ငူဆောင် အပေါက်ဝက ဝင်လိုက်တယ်ဆိုလျှင်ပဲ ဦးချစ်

ဆိုင်တွင် ထိုင်နေသော ဝေဠုကို တွေ့လိုက်ရ၏။

''ကားကြပ်ပြီး ဒုက္ခတွေ့လာလို့လား''

ဝေဠုက သူမကို စ၏။

''အေးကွာ…ကောင်လေးတစ်ယောက်ကမှလည်း နေရာ မပေးကြဘူး''

ဆုမွန် ဝင်ထိုင်တော့ ဝေဠုက သူမအတွက် လက်ဖက်ရည်နှင့် မုန့်ဟင်းခါး မှာပေး၏။ ဆုမွန်က မုန့်ဟင်းခါးခွက်ကို မွှေနှောက်ရင်း… ဘယ်လိုစမေးရ ပြောရမလဲ စဉ်းစားနေမိသည်။

ဝေဠုက သူမ၏ လက်ဖက်ရည်ခွက်ကို မွှေပေးရင်းက…

''ဆုမွန်…''

''ရှင်…''

အယောင်ယောင် အမှားမှားနဲ့ 'ရှင်'ဟုပင် ထူးမိသွားရသည်။

''ဆုမွန်…တစ်ခုခု ကိုယ့်ကို ပြောချင်၊ မေးချင်နေပြီး စကားစရှာမရဖြစ်နေတယ်…မဟုတ်လား''

ဝေဠုစကားကြောင့် ဆုမွန် တအံ့တသြ ဖြစ်သွားရပြန်သည်။ သို့သော်…

''အဲဒါကို ဝေဠု ဘယ်လိုသိလဲ''

''ဆုမွန် မေးချင်နေတာ အဲဒီမေးခွန်းပဲ မဟုတ်လား''

''ဟုတ်တယ်…''

ဝေဠုက လက်ဖက်ရည်ခွက်ကို သူမရှေ့သို့ တိုးပေးလိုက်ရင်း…

''ကိုယ်က ဘေးလူတွေရဲ့ခံစားချက်တွေကို သိပြီး အဲဒီခံစားချက်တွေက ချက်ချင်း ကိုယ့်ဆီ ကူးစက်လာတတ်တယ်၊ ဒါကြောင့်… ကိုယ့်နားကလူ ဘာဖြစ်နေလဲဆိုတာ ကိုယ်သိတာ''

''အဲဒါက ဘယ်လိုဖြစ်ရတာလဲ…''

''ကိုယ်လည်းမသိဘူး…ဆုမွန်ကို စတွေ့တုန်းက ဆုမွန်ကို ကိုယ်နေရာပေးတာလည်း အဲဒါကြောင့်ပဲ…၊ နောက် သူငယ်ချင်းတွေ ကိုယ့်ကို ပြောမှာတွေကိုလည်း အနားရောက်တာနဲ့ ကိုယ်က သိနေ





တတ်တယ်''

''ဟုတ်တယ် အဲဒါ…ခဏခဏပဲ''

''ကိုယ့်နားကို လူတစ်ယောက်ယောက် ရောက်လာရင် အဲလိုပဲ၊ အဲဒီလူ ခံစားနေရတဲ့အတိုင်း ဖြစ်တော့တာပဲ…၊ ဒီလူ ထိပေါက်လို့ ပျော်နေရင်…ကိုယ်လည်း အဲဒီလူလို စိတ်ကူးတွေယဉ်ပြီး မြူးနေတာပဲ၊ အဲဒီလူ ဒေါသတွေထွက်နေရင် ကိုယ်လည်း အလိုလိုခက်ထန်လာရော''

''အဲဒါ ဘယ်လိုလုပ်ကြမလဲ''

''မသိပါဘူးကွာ…ကိုယ်လည်း အဲဒါ စိတ်ညစ်နေတာ…''

ဆုမွန်က မျက်မှောင်ကြုတ်ကာ စဉ်းစားရင်းမှ…အကြံရသလို လက်ညှိုးထောင်ကာ ပြော၏။

''ဟုတ်ပြီ…''

''ဗေဒင် သွားမေးမလို့လား…၊ မလုပ်နဲ့…ကိုယ်လုပ်ပြီးပြီ၊ မရဘူး…''

ဝေဠုက ဟက်ဟက်ပက်ပက် ရယ်၏။ ဆုမွန်ကလည်း သူမ၏ အကြံကို ဝေဠုက ကြိုသိနေပြန်သဖြင့် စိတ်ပျက်လက်ပျက် လိုက်ရယ်သည်။ နောက်ဆို သူ့ကို စိတ်ကောက်၍ပင် ရမည်မထင်။ ကိုယ်က ကောက်မည်ကြံရုံရှိသေး၊ သူက ချော့ပြီးနေလောက်မည်။ ထားပါတော့ ဗေဒင်ကိစ္စကို ဆက်မေးလိုက်သည်။

''ဘယ်လို မရတာလဲ…ပြောပါဦး၊ ပြီးတော့…ဘယ်ဗေဒင် ဆရာဆီ သွားခဲ့တာလဲ''

''၃၆-လမ်းက ဦးလွမ်းဝေနိုင် ဆိုတာလေ…''

''ဟုတ်လား…''

ဝေဠု သူနှင့်ဗေဒင်ဆရာတို့ ဖြစ်ပျက်ခဲ့ကြပုံကို အသေးစိပ် ပြန်ပြောပြ၏။ ဆုမွန်ကတော့ တခစ်ခစ်ရယ်လျက်…

သူမ ထိုကိစ္စကို အလွန်တစ်ရာလည်း စိတ်ဝင်စားလျက်ရှိသည်။ အထူးအဆန်းတစ်ခုကို ရသလို ပျော်နေ၏။ ပါးစပ်ကလည်း ပွစိပွစိနှင့် ထိန်လင်းတို့ကို အပြစ်တင်နေသည်။

''ဒီလောက် ပေါင်းလာပြီး ဘာမှအသုံးမကျဘူး၊ ဒါလေးတောင်

မရိပ်မိဘူးတဲ့…တော်တော်ပေါင်းဖို့ ကောင်းတဲ့ဟာတွေ…တွေ့လား ဝေဠု…ဝေဠုကို ဆုမွန် ဘယ်လောက်ဂရုစိုက်သလဲဆိုတာ သိသာတယ်''

ဆုမွန်က ရွှင်နေသလောက် ဝေဠုက ငြိမ်သက်သွား၏။ ဆုမွန်က မေးလိုက်သည်။

''ဘာဖြစ်လို့လဲ…ဒါကို စိတ်ညစ်နေတာလား''

''ဟုတ်တယ်…''

''မညစ်ပါနဲ့…ပျော်စရာတောင် ကောင်းသေးတယ်…သူများ အကြံအစည်တွေ ကြိုသိနေရတယ်ဆိုတာ ဘယ်လောက်ကောင်းသလဲ၊ သူများတွေ လိုချင်လို့တောင် မရဘူး''

''အမလေး…မလုပ်ပါနဲ့ ဆုမွန်ရယ်၊ ဟိုဗေဒင်ဆရာနဲ့တုန်းကလို သူက ဗိုက်တအားနာလာပြီး အိမ်သာတက်ချင်နေတော့ ကိုယ်ပါ အဲလိုဖြစ်လာရော၊ သူ့အိမ်သာကို ကိုယ်ပါ လုတက်ရမလိုလို''

''ဟားဟား…''

ဆုမွန် ရယ်မိသည်။ သို့သော်…ထိုကိစ္စကို စိတ်ညစ်စရာဟု တော့ မမြင်နိုင်သေး…။ စာမေးပွဲအတွက် မေးခွန်းထုတ်မည့် ဆရာ အနားသို့ ဝေဠုကို အချိန်ကိုက် ပို့ထားနိုင်လျှင် ကောင်းမည်ဟု စဉ်းစားနေမိသည်။ ဒါဆိုလျှင် မေးခွန်းတွေကို ကြိုရနိုင်သည်။

ဝေဠုက…စကားစကို ပြန်ဆက်၏။

''ပြီးတော့…''

''အင်း…ပြော…''

''လောကမှာက လူကောင်းသူကောင်း နည်းနေပြီ''

''ဟင်…ဘာဆိုင်လို့လဲ

''ဆိုင်တာပေါ့…သူတော်ကောင်းနားရောက်လို့ သူတော်ကောင်း အကျင့်စရိုက် ကူးစက်တာက အရေးမကြီးဘူး၊ မကောင်းတဲ့သူတွေရဲ့ အကျင့်တွေ၊ စိတ်တွေ ကူးစက်လာရင် မကောင်းဘူး''

''ဒါလည်း…ဟုတ်တယ်နော်''

''နောက်…လူတွေက သောကတွေ အပူတွေနဲ့ လူတွေချည်းပဲ၊ အနားလာရပ်တဲ့ လူတစ်ထောင်မှာ ပျော်နေတဲ့သူက (၁၀)ယောက်





လောက်ပဲရှိမှာ…အဲ့ဒီသောကအပူတွေကလည်း ကိုယ့်ကို ကူးစက် ပူလောင်စေပြန်တယ်၊ တစ်ခါတလေ ကိုယ့်ဘေးက လူက ဘတ်စကား ပေါ်မှာပေါ့နော်…နှိုက်ဖို့ လစ်ဖို့ ကြိုးစားနေရင် ကိုယ်က သူ့လို လိုက်မလုပ်မိအောင် မနည်းထိန်းရတာ မသက်သာဘူး''

''ဒီတော့…''

''ကိုယ်…ဒါကြီး ပျောက်ချင်တယ်…''

ဝေဠုက တကယ့်ကို ခံစားချက်အပြည့်နှင့် ပြောလာတော့ ဆုမွန် စိတ်မကောင်းဖြစ်ရသည်။ ဘယ်လို လုပ်ရပါ့မလဲ…ဟုလည်း တွေးနေမိ၏။ ခက်သည်က ဝေဠုပျောက်ချင်သည့် 'ဒါကြီး' ဆိုတာကို 'ဘာကြီး'မှန်းပင် မသိချေ။

ခက်ပါပေါ့…။

ခဏကြာတော့…ဆုမွန်က စဉ်းစားနေရာမှ…

''လူကြီးသူမ တစ်ယောက်ယောက်ကို ပြောပြပြီး မေးရင် ရမလား မသိဘူး''

''မရဘူး…''

''ဘာလို့လဲ…ဝေဠုရဲ့''

''မယုံကြဘူး…''

''ဝေဠု ကြိုးစားကြည့်ဖူးလို့လား''

''ဒါပေါ့…''

''ဘာပြောကြလဲ…''

''ရယ်တယ်…''

ဆုမွန် စိတ်ပျက်သွားမိသည်။

''လူကြီးတွေကတော့ ဒီလိုပါပဲ''

''ကဲ…ဆက်စဉ်းစားပါဦး ဆရာမရယ်၊ ကျွန်တော့်ကို ကူပါဦး''

''ဒီလိုလုပ်…''

''ကဲ…ဘယ်လိုလဲ ပြောပါဦး''

''ဟို…စိတ်တော့ မဆိုးနဲ့နော်…တလွဲလည်း မထင်နဲ့ဦး''

''သြော်…ဘာမို့လို့လဲ၊ ပြောပါ…ရပါတယ်''

"ဟိုလေ…စိတ်ရောဂါကု ဆရာဝန်နဲ့ပြကြည့်ရင် ကောင်းမလားလို့…"

"ဆိုင်လို့လား…"

"မသိဘူးလေ…သူများ တစ်ခုခုပြောနိုင်မလားလို့…"

"ဒါဆိုလည်း မှတ်ထားရအောင်…တခြားနည်းလမ်း စဉ်းစားပါဦး…"

ဆုမွန် ခေါင်းကုတ်မိ၏။ ဒါတောင် မနည်းစဉ်းစားရတာ။ ဘာဖြစ်နေမှန်း မသိသည့်အရာကို ဘယ်လိုလုပ်ရမှန်းမသိတာ ဆန်းတော့ မဆန်း။ ရိုးတော့လည်း မရိုးပါ။ ထို့ကြောင့် သူမ ဦးနှောက်ခြောက်နေရခြင်းဖြစ်သည်။

နှစ်ဦးသား…အချိန်အတော်ကြာအောင် ငြိမ်သက်စဉ်းစားနေမိသည်။ တစ်နေရာစီကို ငေးမောလျက်…။ သူတို့အဖြစ်ကလည်း ကပ်သီးကပ်သပ်။ မျဉ်းကြားမရှိသောလမ်းကို ဘယ်ကဖြတ်ကူးရမည်မှန်း တွေးမရကြသလိုမျိုးပေါ့။

ထိုအချိန်မှာပဲ လူလုပ်ဟွန်းသံတွေကို ရှေ့ဆင့်နောက်ဆင့်ကြားလိုက်ရသည်။

"ဒါက ဘယ်လိုဖြစ်နေကြတာလဲ…"

"ရန်ဖြစ်ထားလို့လား…"

"ရုပ်ရှင် ရိုက်နေတာတော့ မဟုတ်ပါဘူးနော်"

"ဒီလောက် စဉ်းစားမနေကြပါနဲ့…ရှင်းစရာမပါရင် ငါတို့ ရှင်းပွဲမယ်…"

ဆူဆူညံညံနှင့် ထိန်လင်း၊ သန်းထိုက်၊ သူရနှင့်ရင်ငြိမ်းတို့ကို တွေ့လိုက်ရ၏။

"နှင်းမာတို့ရော…"

"အရေးကြီးတဲ့အချိန် ရှိလို့တဲ့"

ဆုမွန်၏အမေးကို ရင်ငြိမ်းက ဖြေရင်း ခုံတွေအသီးသီးဆွဲကာ ထိုင်လိုက်ကြ၏။

"ဘာတွေဖြစ်နေကြတာလဲ…"





သန်းထိုက်က စကားကို ပြန်ကောက်၏။ ထိုအခါမှ ဆုမွန် သတိရကာ…

"အတော်ပဲ…နင်တို့ကို ငါ ပြောထားတာတွေလေ၊ ငါမှန်တယ် သိလား…"

ပြောချင်လွန်းအားကြီးနေ၍ ဆုမွန်၏စကားက အစမရှိ အဆုံးမရှိ ဖြစ်သွားရ၏။ အစနှင့်အဆုံးမရှိသဖြင့် အလယ်လည်း မရှိချေ။ ဒီကြားထဲမှာ သူတို့က ရအောင် ဝင်ဖောက်ကြသေး၏။

"ဘာလဲဟ…ဘာတွေမှန်နေတာလဲ၊ တစ်မျိုးကြီးပဲ"

"အေးလေ…ရှင်းရှင်းလင်းလင်းလုပ်ပါ…"

ရင်ငြိမ်းနှင့်ထိန်လင်းက ဝင်ထောက်ခြင်းဖြစ်သည်။

"ဟိုတစ်နေ့ကလေ…ငါ နင်တို့ကို ပြောတယ်မဟုတ်လား၊ ဝေဠုက တစ်ခုခုပြောမယ်ဆိုရင် ကြိုကြိုသိနေတတ်တယ်လို့…ပြီးတော့ ငါနဲ့စကားပြောနေရင်းက တစ်ခါတစ်ခါဖောက်ပြီး မဆိုင်တာတွေ ပြောတတ်တယ်…လို့…၊ အဲဒီနေ့က စိုးမိုးဆိုတဲ့လူ လာတဲ့အချိန် ကြားပြနေတာမျိုး၊ နင်တို့က တိုက်ဆိုင်တာ၊ နောက်ပြောင်တာ၊ ပညာပြလွှတ်တာလို့ ထင်နေတာလေ…"

"အေးလေး…ဟုတ်တာပဲ…"

"ဘာလဲ…အဲဒါ မဟုတ်လို့လား…"

"မဟုတ်ဘူး"

သူမ နှုတ်ခမ်းကို တင်းတင်းစေ့ကာ ခေါင်းယမ်းပြလိုက်၏။

"မဟုတ်ဘူး…ဟုတ်လား…အဲဒါဆို ဘာလဲ"

"အဲဒါပြောမလို့…ခု…ဝေဠုကိုယ်တိုင် ဝန်ခံတယ်၊ အဲဒါတွေ သူ တမင်လုပ်နေတာ၊ နောက်နေတာ မဟုတ်ဘူး…တဲ့…သူ့အလိုလို ဖြစ်နေတာတဲ့…"

"ဟုတ်လား…ဝေဠု…"

ထိန်လင်းက မယုံသလို ဝေဠုကို လှည့်မေး၏။ သန်းထိုက်ကလည်း…

"တကယ်လား…"

သူရတစ်ယောက်တည်းသာ ငြိမ်သက်နားထောင်နေသည်။ ဝေဠု ခေါင်းကို ခပ်လေးလေးညိတ်ပြလိုက်၏။

'ငါလည်း...အဲဒါကို စိတ်ညစ်နေတာ'ဟု အစချီကာ သူငယ်ချင်းများကို အစအဆုံး ပြောပြလိုက်၏။ စိတ်ဝင်တစား နားထောင်ပါသည်။ ဝေဠုကလည်း လေးလေးနက်နက် ပြောပြခြင်းပင်။ အရေးထဲမှာ ဘယ်က ရောက်လာမှန်းမသိသည့် ခြင်လင်မယားက ဝေဠုကို လှည့်ပတ်ပြီး လိုက်ကိုက်နေသဖြင့် မောင်းရသေးသည်။

အားလုံး ငြိမ်သက်နေကြသည်။ ခဏကြာမှ သူရက ခြင်လင်မယားနှစ်ကောင်ကို ကြည့်ပြီး သတိရသလို...

"မင်းအဒေါ်နဲ့ဦးလေးကို မေးကြည့်ပါလား"

"ဟာ...ဘာမေးရမှာလဲကွ..."

"ဩော်...မင်းအမေ မင်းကို မွေးတုန်းက ဘယ်လိုထူးထူးခြားခြားဖြစ်ခဲ့သလဲလို့...ဒါမှမဟုတ် ကိုယ်ဝန်လွယ်ထားချိန်မှာ ဘယ်လို အတိတ် နိမိတ်တွေများ ရခဲ့သလဲ...လို့လေ"

"ဒါတွေကို မေမေမှ သိမှာပေါ့၊ မေမေမှ မရှိတော့တာ..."

မှန်သည်...။ ဝေဠုမှာက အဖေရော အမေပါ မရှိကြတော့။ ဦးလေးနှင့်အဒေါ်က မွေးစားထားကြခြင်းဖြစ်သည်။ အဒေါ်က မေမေ့ညီမအရင်းဖြစ်ကာ သူတို့မှာလည်း သားသမီးမထွန်းကားကြ၍ ဝေဠုက သားအရင်းပမာဖြစ်နေသည်။

"မဟုတ်ဘူးလေ...ဒေါ်လေးကိုပဲ မေးပေါ့၊ သူ သိနိုင်မှာပါ..."

"ဘာလို့မေးနေတာလဲဆိုရင် ဘယ်လိုလုပ်မလဲ"

"အေး...ဟုတ်တယ်ကွ"

ဝေဠုက ပြန်မေးတော့ သန်းထိုက်က ထောက်ခံသည်။ ဒီတော့ ထိန်လင်းက လက်ဖျောက်တစ်ချက်တီးကာ...

"ဒီလိုလုပ်...ငါတို့ ခု...မင်းတို့အိမ်ကို သွားရမှာပဲ၊ အဲဒီတော့မှ ငါတို့က မေးမယ်၊ မင်းက အသာနေ...ဟုတ်လား"

"ဟုတ်ပါပြီ...နှင်းမာနဲ့ယဉ်မင်းကရော"

"သူတို့ အိမ်ကို တန်းလာကြလိမ့်မယ်၊ ငါတို့က မင်းအိမ်မှာ





ယ်ထားတဲ့ ပစ္စည်းတွေကို ထုပ်ပိုးရဦးမယ်လေ"

သူတို့ ဒီနေ့ အထက်တန်းကျောင်းသားဘဝက စာသင်ပေးသော ဆရာတစ်ယောက် နေမကောင်း၍ လူမမာသွားမေးရင်း သွားနှုတ်ဆက်ကြလိမ့်မည်။ သူမနှင့်တော့ မသိ။ သို့သော်...ဒီတစ်အုပ်စုလုံး သွားမှတော့ သူမပါ လိုက်ရမည်ပေါ့။

"ဝေဠုကို ရူးနေ ကြောင်နေပြီလားလို့ ကြိတ်မတွေးနေကြနဲ့နော်၊ သူက အလိုလိုသိသွားပြီး လှမ်းထုမှာ..."

ထိန်လင်း၏ သတိပေးသံကြောင့် ရယ်ကြရသေးသည်။

ဝေဠုတို့အိမ်ကို ရောက်သွားတော့...ဦးလေးက မရှိ။ အလုပ်ရုံသို့သွားပြီ။ ဒေါ်လေးသာ စာရင်းစာအုပ်တစ်အုပ်နှင့် အလုပ်ရှုပ်နေ၏။ သူတို့ကိုမြင်တော့ စာရင်းစာရွက်တွေကို ချကာ ဆီးကြို၏။

"လာကြ...ထိုင်ကြ"

"ဒေါ်လေး...နေကောင်းလား"

"အေး...ကောင်းပါတယ်ကွယ်..."

ဧည့်ခန်းက ထိုင်ခုံတွင် အားလုံး ခြေပစ်လက်ပစ် ထိုင်ပစ်လိုက်၏။ ပြီး...တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်ကာ...စကားစ ရှာရက်နေကြသည်။ ရင်ငြိမ်းနှင့်သူမကတော့ ပစ္စည်းတွေကို သေသေသပ်သပ် ထုပ်ပိုးပြင်ဆင်နေ၍ ထိုအခက်အခဲက လွတ်သည်။ ဝေဠုကလည်း အခန်းထဲရှောင်ကာ ဝင်သွား၏။

ခဏကြာတော့ ထိန်လင်းက ထိုင်ရာမှထကာ နံရံတွင်ချိတ်ထားသော ဓါတ်ပုံများကို လျှောက်ကြည့်၏။ ကြည့်ရင်း...ဒေါ်လေးဘက်လှည့်ကာ...စကားလှမ်းလှမ်းပြောသည်။

"ဒေါ်လေး...ဒါ ဒေါ်လေးတို့ အဖေအမေပုံလား၊ ဝေဠုအဖိုးအဖွားတွေ ထင်တယ်"

"ဟုတ်တယ်ကွဲ့...ဒီဘက်ကဟာက ဒေါ်လေးတို့ အဖေအမေ၊ ဟိုဘက်ကတော့ ဝေဠုအဖေရဲ့မိဘတွေ၊ နှစ်ဘက်အဖိုးအဖွား ဆိုပါတော့လေ"

"ဒါကရော...ဒေါ်လေး"

သူရတစ်ယောက်တည်းသာ ငြိမ်သက်နားထောင်နေသည်။ ဝေဠု ခေါင်းကို ခပ်လေးလေးညိတ်ပြလိုက်၏။

'ငါလည်း...အဲဒါကို စိတ်ညစ်နေတာ'ဟု အစချီကာ သူငယ်ချင်းများကို အစအဆုံး ပြောပြလိုက်၏။ စိတ်ဝင်တစား နားထောင်ပါသည်။ ဝေဠုကလည်း လေးလေးနက်နက် ပြောပြခြင်းပင်။ အရေးထဲမှာ ဘယ်က ရောက်လာမှန်းမသိသည့် ခြင်လင်မယားက ဝေဠုကို လှည့်ပတ်ပြီး လိုက်ကိုက်နေသဖြင့် မောင်းရသေးသည်။

အားလုံး ငြိမ်သက်နေကြသည်။ ခဏကြာမှ သူရက ခြင်လင်မယားနှစ်ကောင်ကို ကြည့်ပြီး သတိရသလို...

"မင်းအဒေါ်နဲ့ဦးလေးကို မေးကြည့်ပါလား"

"ဟာ...ဘာမေးရမှာလဲကွ..."

"သြော်...မင်းအမေ မင်းကို မွေးတုန်းက ဘယ်လိုထူးထူးခြားခြားဖြစ်ခဲ့သလဲလို့...ဒါမှမဟုတ် ကိုယ်ဝန်လွယ်ထားချိန်မှာ ဘယ်လိုအတိတ် နိမိတ်တွေများ ရခဲ့သလဲ...လို့လေ"

"ဒါတွေကို မေမေမှ သိမှာပေါ့၊ မေမေမှ မရှိတော့တာ..."

မှန်သည်...။ ဝေဠုမှာက အဖေရော အမေပါ မရှိကြတော့။ ဦးလေးနှင့်အဒေါ်က မွေးစားထားကြခြင်းဖြစ်သည်။ အဒေါ်က မေမေ့ညီမအရင်းဖြစ်ကာ သူတို့မှာလည်း သားသမီးမထွန်းကားကြ၍ ဝေဠုက သားအရင်းပမာဖြစ်နေသည်။

"မဟုတ်ဘူးလေ...ဒေါ်လေးကိုပဲ မေးပေါ့၊ သူ သိနိုင်မှာပါ..."

"ဘာလို့မေးနေတာလဲဆိုရင် ဘယ်လိုလုပ်မလဲ"

"အေး...ဟုတ်တယ်ကွ"

ဝေဠုက ပြန်မေးတော့ သန်းထိုက်က ထောက်ခံသည်။ ဒီတော့ ထိန်လင်းက လက်ဖျောက်တစ်ချက်တီးကာ...

"ဒီလိုလုပ်...ငါတို့ ခု...မင်းတို့အိမ်ကို သွားရမှာပဲ၊ အဲဒီတော့မှ ငါတို့က မေးမယ်၊ မင်းက အသာနေ...ဟုတ်လား"

"ဟုတ်ပါပြီ...နှင်းမာနဲ့ယဉ်မင်းကရော"

"သူတို့ အိမ်ကို တန်းလာကြလိမ့်မယ်၊ ငါတို့က မင်းအိမ်မှာ





ဝယ်ထားတဲ့ ပစ္စည်းတွေကို ထုပ်ပိုးရဦးမယ်လေ"

သူတို့ ဒီနေ့ အထက်တန်းကျောင်းသားဘဝက စာသင်ပေးခဲ့သော ဆရာတစ်ယောက် နေမကောင်း၍ လူမမာသွားမေးရင်း သွားကန်တော့ကြလိမ့်မည်။ သူမနှင့်တော့ မသိ။ သို့သော်...ဒီတစ်အုပ်စုလုံး သွားမှတော့ သူမပါ လိုက်ရမည်ပေါ့။

"ဝေဠုကို ရူးနေ ကြောင်နေပြီလားလို့ ကြိတ်မတွေးနေကြနဲ့နော်၊ သူက အလိုလိုသိသွားပြီး လှမ်းထုမှာ..."

ထိန်လင်း၏ သတိပေးသံကြောင့် ရယ်ကြရသေးသည်။

ဝေဠုတို့အိမ်ကို ရောက်သွားတော့...ဦးလေးက မရှိ၊ အလုပ်ရုံသို့သွားပြီ။ ဒေါ်လေးသာ စာရင်းစာအုပ်တစ်အုပ်နှင့် အလုပ်ရှုပ်နေ၏။ သူတို့ကိုမြင်တော့ စာရင်းစာရွက်တွေကို ချကာ ဆီးကြို၏။

"လာကြ...ထိုင်ကြ"

"ဒေါ်လေး...နေကောင်းလား"

"အေး...ကောင်းပါတယ်ကွယ်..."

ဧည့်ခန်းက ထိုင်ခုံတွင် အားလုံး ခြေပစ်လက်ပစ် ထိုင်ပစ်လိုက်၏။ ပြီး...တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်ကာ...စကားစ ရှာရခက်နေကြသည်။ ရင်ငြိမ်းနှင့်သူမကတော့ ပစ္စည်းတွေကို သေသေသပ်သပ် ထုပ်ပိုးပြင်ဆင်နေ၍ ထိုအခက်အခဲက လွတ်သည်။ ဝေဠုကလည်း အခန်းထဲရှောင်ကာ ဝင်သွား၏။

ခဏကြာတော့ ထိန်လင်းက ထိုင်ရာမှထကာ နံရံတွင်ချိတ်ထားသော ဓါတ်ပုံများကို လျှောက်ကြည့်၏။ ကြည့်ရင်း...ဒေါ်လေးဘက်လှည့်ကာ...စကားလှမ်းလှမ်းပြောသည်။

"ဒေါ်လေး...ဒါ ဒေါ်လေးတို့ အဖေအမေပုံလား၊ ဝေဠုအဖိုးအဖွားတွေ ထင်တယ်"

"ဟုတ်တယ်ကွဲ့...ဒီဘက်ကဟာက ဒေါ်လေးတို့ အဖေအမေ၊ ဟိုဘက်ကတော့ ဝေဠုအဖေရဲ့မိဘတွေ၊ နှစ်ဘက်အဖိုးအဖွား ဆိုပါတော့လေ"

"ဒါကရော...ဒေါ်လေး"

"အဲဒါ...ဒေါ်လေးတို့ အစ်ကိုအကြီးဆုံးနဲ့ သူ့မိသားစုလေ၊ သူတို့က ခု တာချီလိတ်မှာ..."

"သြော်...ဒေါ်လေးနဲ့ ဦးလေးတို့ပုံကလည်း မိုက်တာပဲ၊ ငယ်ငယ်က ချောကြတယ်"

ထိန်လင်း စတင် လမ်းကြောင်းကာ ဖားနေပြီဆိုတာ သိတော့ သူမ ရယ်ချင်နေမိသည်။ သို့သော်...အသာငြိမ်နေလိုက်ရ၏။

"ဒေါ်လေး...ဒါကရော...ဘယ်သူတွေလဲ"

"ဟဲ့...အဲဒါ ဝေဠုအဖေနဲ့ အမေလေ၊ ကလေးလေးက ဝေဠုပေါ့..."

"သြော်..."

"ဒါနဲ့နေပါဦး ဒေါ်လေး...ဝေဠုအဖေနဲ့အမေက ဝေဠုတစ်နှစ်ကျော်ကျော်မှာ ဆုံးသွားကြတယ်နော်..."

"ဟုတ်တယ်...သားရဲ့"

ဒေါ်လေးက သူ့အစ်မကို သတိရသွားပုံ ရသည်။

"ဒါပေမဲ့...ဝေဠုက ကံကောင်းပါတယ်၊ ဒေါ်လေးတို့က တကယ့်သားအရင်းလို စောင့်ရှောက်ကြတယ်၊ သူ့ကံဇာတာက ထူးတော့ ထူးတယ်နော်"

ဒေါ်လေးက နူးညံ့စွာပြုံး၏။

"ဟုတ်တယ်...သားလေးက ဒေါ်လေးတို့ရဲ့ သားဆိုလည်း မမှားဘူးလေ"

"ဒါနဲ့ ဒေါ်လေး...ဒီကောင်မွေးတုန်းက ထူးထူးခြားခြားဘာတွေ ကြုံတွေ့ရသေးလဲ"

"ဟာ...ကြုံပြီလား သားရယ်..."

"ပြောပါဦး...ဒေါ်လေး"

"သားမွေးတဲ့အချိန်က မိုးရာသီလေ...လေမုန်တိုင်းတွေ တိုက်နေလို့ ဆေးရုံကိုတောင် သွားလို့မရဘူး"

လွဲတာကတော့ လွဲနေပြီ။ သို့သော်...နားထောင်ရမှာက သူတို့တာဝန်။ သူတို့စခဲ့သော ဇာတ်လမ်းမဟုတ်လား။ မိုးရာသီမှာ လေမုန်တိုင်း





ကျတာ ဘာထူးခြားလို့တုန်း။ တီကောင်ကို မှန်ဘီလူးနဲ့ကြည့်တာကမှ မြွေလိုလို၊ နဂါးလိုလိုဖြစ်ပြီး ထူးခြားနိုင်ဦးမည်။ ခုတော့...

ဒေါ်လေးက မိုးလေထန်နေ၍ ဝေဠုကို ဘေးအိမ်မှ ဆရာဝန် ခေါ်ပြီး ခဲရာခဲဆစ် မွေးခဲ့ရကြောင်း၊ စီကာပတ်ကုံးပြော၏။ သန်းထိုက်က ဝင်မေးသည်။

"နောက်ကော..."

"နောက်လား...အင်း...ရှိတယ်...ရှိတယ်"

"အင်း...လုပ်ပါဦး ဒေါ်လေး၊ ပြောပါဦး"

"အဲဒီလောက် မိုးလေထန်နေ၊ ကလေးမွေးလို့ အလုပ်ရှုပ်နေရတဲ့အထဲ အိမ်က အိမ်ဖော်ကောင်မလေးလေ...လင်နောက်လိုက်ပြေးတယ်၊ သူ လိုက်ပြေးတဲ့ သူကလည်း သူ့ရှေ့မှာ မယားနှစ်ယောက်နဲ့ ကလေးတစ်ယောက်..."

သူမ ဝင်ရတော့၏။

"ဟိုလေ...ဒေါ်လေး...လူကြီးသူမတချို့ပြောသလို အချင်းစလွယ်တို့၊ မျက်နှာဖုံးတို့ ဆိုတာတွေ မပါဘူးလား"

"မပါပါဘူး...ဘာဖြစ်လို့လဲ"

"မပါရင် ဒေါ်လေးတူက ဘာလို့..."

ဆုမွန် စကားမဆုံးလိုက်ပါ၊ အခန်းဝမှာ ဝေဠု ပေါ်လာပြီး မျက်ရိပ်မျက်ခြေပြကာ လက်ခါပြ၏။ 'မမေးနဲ့၊ သူတို့ဘာမှ မသိဘူး' ဆိုသောသဘော။

သို့သော်...ဒေါ်လေးက စိတ်ဝင်စားသွား၏။

"ပြောပါဦး...သမီးရဲ့၊ ဒေါ်လေးတူက ဘာတွေထူးနေလို့လဲ"

"အဟဲ...ဟို...ဟိုဒင်းလေ..."

ဆုမွန် အခက်တွေ့နေသည်ကို သူရက ဝင်ရှင်းပေး၏။

"သြော်...ဒီလိုပါ...ဝေဠုက ကျွန်တော်တို့ထဲမှာ ကံအကောင်းဆုံးဖြစ်နေတတ်လို့၊ ကံစမ်းမဲဆိုလည်း သူပဲ ပေါက်တယ်...တစ်ခုခုမဲနှိုက်ရရင်လည်း သူပဲ ရတတ်လို့"

"သြော်...ဒါလား...အင်း...ဟုတ်မယ်...ဟုတ်မယ်...ဟိုနေ့

ကတောင် စူပါကော်ဖီမစ်ထဲက အစိတ်ဆိုလား ပေါက်သေးတယ်၊ အိမ်မှာ စူပါသောက်လာတာ ဟိုးအရင် (၈)နှစ်ကျော်ကတည်းက ဒီတစ်ခေါက်မှ ထူးထူးခြားခြား သူက ပေါက်တယ်လေ''

စိတ်ညစ်သည်။ အမှန်တော့ ညစ်ကပ်ကပ်နှင့်ဒေါ်လေးတို့တူက 'ဘာကြောင့် အရိုးကျွတ်နေတာလဲ'ဟု မေးလိုက်ဖို့ကောင်း၏။ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ငြိမ်နေကြရသည်။ ဒေါ်လေးဆီက အားကိုးလောက်သော အဖြေလည်း မရလိုက်၊ အခန့်မသင့်လျှင် 'အရိုးကတော့ သံရိုက်ရင်း ကျွတ်ထွက်သွားတာပါကွယ်'ဟု ဖြေဦးမလား မသိ။

✿✿✿





(၇)

နှင်းမာနှင့်ယဉ်မင်းတို့ ရောက်လာကြတော့ သူတို့အုပ်စု ဆရာဆီ ထွက်ခဲ့ကြသည်။ ဆရာက အသက်ကြီးပြီ။ သူစာသင်ခဲ့တုန်းကလည်း တကယ့်ကို အသင်အပြကောင်း၏။ ဆရာပီသသော ဆရာဖြစ်၍ တပည့်များက ယခုတိုင် အနားတွင် မပြတ်ရှိနေကြဆဲ...။ သူကလည်း တပည့်များကို ယခုတိုင် သံယောဇဉ်ရှိဆဲ...။

ထိုဆရာ၏ ကောင်းသတင်းများကို ဆုမွန် မကြာခဏ ကြားနေခဲ့ရသည်။ ခုတော့ မျက်မြင်ကိုယ်တွေ့ မြင်ရတော့မည်။

''ဆရာရှိလား မသိဘူး''

သပ်ရပ်သော်လည်း ကျဉ်းမြောင်းနွမ်းပါးသော ပျဉ်ထောင်အိမ်ကလေး၏ရှေ့တွင် အမျိုးသမီးကြီးတစ်ဦး စကောတစ်ချပ်ဖြင့် ဆန်ပြာနေသည်။ ထိန်လင်းက ဦးဆောင်ကာ မေးလိုက်တော့...ထိုအမျိုးသမီးကြီးက ပျာပျာသလဲ လမ်းဖယ်ပေးကာ...

''ဖေဖေရေ...ညည့်သည်လာတယ်''

အထဲတွင် စာထိုင်အံနေသောကလေးတစ်ယောက်နှင့် ခုတင်

ချကာ လဲလျောင်းနေသော ဆရာကို တွေ့လိုက်ကြရ၏။

"ဟော...လာကြ..."

ဆရာက ခုတင်ပေါ်မှ လက်ထောက်ထရင်း ခေါ်၏။ နှင်းမာက...

"နေ နေ...ဆရာ၊ မထနဲ့...သမီးတို့ တော်သလိုကြည့်နေလိုက်ပါ့မယ်..."

နှင်းမာစကားပင် မဆုံး...။ ဝေဇြုက ဆရာ့ခုတင်ပေါ်တက်ထိုင်လိုက်၏။ သန်းထိုက်ကလည်း ခုတင်ခြေရင်းတွင် ဝင်ထိုင်၏။ မိန်းကလေးတွေကတော့ ကြမ်းပြင်ပေါ်မှာ ချထိုင်လိုက်ကြသည်။ ထိန်လင်းနှင့်သူရသာ ကြောင်တောင်တောင်ရပ်ရင်း နေရာမရ ဖြစ်နေကြ၏။

"အောက်မှာထိုင်ပါဟာ..."

ရင်ငြိမ်းက...သူရကို အသာဆွဲချ၏။ ဆရာက မျက်စိမှုန်သည်။ ထို့ကြောင့် အားလုံးက ဆရာမြင်ရအောင် နှုတ်ခမ်းကျယ်ကျယ်ဖွင့်ပြီး ပြုံးပြကြရ၏။ အားရပါးရ ရှိလှလေသည်။

ဝေဇြုနှင့်သန်းထိုက်က...ဆရာ့ကို ခြေဆုပ်လက်နှယ်ပြုပေးရင်း ထိန်လင်းနှင့် သူရကို...

"တော်သလို ခစားလေ..."

"'သင့်တော်သလို ဒူးထောက် ခစားနိုင်တယ်"

ဝေဇြုနှင့်သန်းထိုက်၏ စကားကြောင့် ထိန်လင်း ကြမ်းပြင်မှာပင် ထိုင်ချလိုက်၏။ ကြမ်းပြင်က'ခုံ'ထက်ကြီးသဖြင့် ထိုင်၍ အဆင်ပြေပါသည်။

ဆရာက...

"ဘယ်ကလာကြတာလဲ..."

"ဒီကိုတမင်စုလာတာ...ဝေဇြုအိမ်ကနေ လာတာဆရာ"

"အင်း...မင်းတို့အုပ်စုကတော့ ခုထိ တွဲတုန်းနော်..."

"ဟုတ်တယ်ဆရာ...လူတောင် တိုးလာသေးတယ်"

"ဟုတ်လား...ဘယ်သူက ကလေးရလို့လဲ..."

သမရိုးကျတွေးပုံရသော ဆရာ၏အမေးကြောင့် အားလုံး ဝိုင်း





ရယ်ဖြစ်ကြ၏။ ရင်ငြိမ်းက...

"မဟုတ်တာဆရာရယ်...သူငယ်ချင်းတိုးတာပါ၊ ဟော်...ဆရာ ဒါ...ဆုမွန်...ပန်ဆုမွန်တဲ့၊ ဝေဇြုရဲ့...အဲ...ဟိုဒင်း...ဟိုဟာ... ညီမလေး"

ဒီတစ်ခါတော့ ဆရာက သဘောပေါက်၏။ ခေါင်းတညိတ်ညိတ်နှင့် ပြုံးလေသည်။

"ဒါနဲ့ဆရာ..."

ထိန်လင်းက စကားစလိုက်တော့...ဆရာက သူ့ကို အသာလှည့်ကြည့်၏။

"ဆရာက ဘယ်လိုဖြစ်ရတာလဲ...ဘာရောဂါတဲ့လဲ ဆရာ"

ဆရာက သက်ပြင်းကို အသာချ၏။ ပြီး...မောနေသေးသဖြင့် တော်တော်နှင့် မပြောနိုင်...။

"ဒီလိုကွ..."

ဆရာ့အသံ မဟုတ်ပါ၊ ဝေဇြုအသံဖြစ်၏။ ဝေဇြုကိုကြည့်လိုက်တော့...အကောင်းကြီးကနေ နွမ်းဖတ်ဖတ်ပုံပေါက်နေသည်။ အားလုံး၏ အကြည့်က သူ့ဆီ ပြုံးပြီးရောက်နေဆဲ...သူက စကားစ၏။

"အစကတော့ ဗိုက်အောင့်တာပေါ့ကွာ၊ ငယ်ငယ်တည်းကလည်း အစာအိမ်ရောဂါက ရှိတယ်...ကြာတော့ ပိုဆိုးလာတယ်၊ အဲဒါနဲ့ ဆရာဝန်ပြတော့...အစာအိမ်အနာဖြစ်တာတဲ့..."

ဆရာကလည်း ဝေဇြုကို တအံ့တသြကြည့်နေ၏။ ပြီး...ပြုံးသည်။ ဝေဇြုက နောက်နေသည်ဟု ထင်ပုံရသည်။ ဝေဇြုကတော့ မပြုံးအား။ သူ့ဘဝနှင့်သူ ဆရာ့ကိုယ်စား ရှုံ့ဖတ်ဖက်ဝင်ဖြစ်နေသည်။

"အစာအိမ်အနာကို ကုရင်း အသည်းမကောင်းတာပါ တွေ့ရော...။ အရင်တည်းကလည်း နှလုံးအားနည်းတတ်တော့...ရောဂါရှိတဲ့ အချိန်မှာ နှလုံးပါ ဝင်တော့တာပဲ..."

ဆရာ မျက်လုံးနည်းနည်းကျယ်သွား၏။ ပြီးနေရာက ပြုံးသွားပြီး ကအံ့တသြဖြင့် ဝေဇြုကို ကြည့်နေသည်။ ဝေဇြုက စကားကို ဆက်၏။

"ကျန်သေးတယ်...ဂေါက်ဖြစ်စ ပြုနေပြီလို့လည်း ဆရာဝန်က

ပြောတယ်...''

အားလုံးကလည်း ဝေဠုကို လက်လျှော့ထားရပုံနှင့် မသက်မသာကြည့်ရင်း နားထောင်နေကြရ၏။

ဆရာက ဝေဠုကို မျက်မှောင်ကြုတ်ကာ မသင်္ကာသလိုကြည့်၏။ ပြီး...ပြုံးကာ ခေါင်းတဆတ်ဆတ်ညိတ်၏။

''ဒီကောင်ပြောတာ...အားလုံးမှန်တယ်၊ ဘာလို့မှန်လဲ...သိလား၊ ဒီကောင် ငါ့ဆေးစာရွက်တွေကို ဖတ်ထားတာကိုးကွ...''

အမှန်တော့ ထိုဆေးစာရွက်များကို ဝေဠု လက်ဖျားနှင့်ပင် မထိ။ သူငယ်ချင်းများအားလုံး သိသည်။ သို့သော်...

''ဟုတ်တယ်ဆရာ...ဒီကောင်က သူ့ကိုယ်သူ ဟုတ်လှပြီမှတ်နေတာ''

''အေးလေ...''

''ဒါ ပညာအကုန်ပဲလား...ဝေဠု''

တစ်ယောက်တစ်ခွန်းနှင့် ဝိုင်းပြောလိုက်ကြသည်။ ဝေဠုလည်း စပ်ဖြဲဖြဲသာ ရယ်နေ၏။ အရှိန်ကတော့ မသေသေး။ ပြန်ခါနီး ဆရာက ဆုပေးစကားတွေ ရွတ်တော့ ဆရာ့အရင် သူက ဝင်ကြိုပြီး ရွတ်မလိုဖြစ်သွားသေးသည်။ နီးရာလူက ခြေမကို လှမ်းဆွဲထားရသည်။

ဆရာ့အိမ်မှ ထွက်လာကြတော့ ညနေသုံးနာရီခွဲခန့် ရှိပြီ။

''ဘယ်သွားကြရင် ကောင်းမလဲ...''

''အေး...ဟုတ်တယ်၊ စောနေသေးတယ်''

''စောစောပြန်သွားရင် အိမ်က မသင်္ကာဖြစ်မှာ စိုးရတယ်''

တစ်ယောက်တစ်ပေါက်နှင့် အတိုင်အဖောက် ညီနေကြ၏။ သန်းထိုက်က ဘာမှမဆိုင်သော အကြောင်းပြချက်ကို ပေးပြီး သူ့ဘာသာသူပဲ အတင်းအတည်ပြုလိုက်သည်။

''ဝေဠုက မိုးရာသီမှာ မွေးတာဆိုတော့...'ရေ'ရှိတဲ့ဆီ သွားမယ်''

နောက်ဆုံးတော့ တစ်ခါမှ မရောက်ဘူးသည့် အင်းလျားဘက်ကိုပဲ ရောက်ခဲ့ကြတော့သည်။





''ဝေဠု''

ထိန်လင်းက ပြုံးစစနှင့် ခေါ်၏။

''ဘာလဲ...ပြော''

''ဒီလိုလုပ်ကွာ...ငါတို့ လမ်းလျှောက်ရင်း ကန်ဘောင်ပေါ်ဖြတ်ကြမယ်...အတွဲနား၊ ဈေးသည်တွေနား စသည်ဖြင့်ပေါ့...''

''အဲဒါ ဘာဖြစ်လဲ''

ဝေဠုက မသင်္ကာသလို ထိန်လင်းကို ကြည့်လိုက်၏။ သင်္ကာစရာကလည်း တစ်စက်မှ မကောင်း။

''အဲဒီလူတွေနား မင်းရောက်ရင် သူတို့အတွေးတွေ၊ ခံစားချက်တွေကို မင်း သိရမှာပေါ့''

''အင်းလေ...အဲဒါ ဘာဖြစ်လဲ''

နည်းနည်းတော့ ရိပ်မိသလို ရှိလာသော်လည်း ဝေဠု ရူးချင်ယောင် ဆောင်နေသည်။ ရူးချင်ယောင် ဆောင်ရပြီဆိုမှတော့ ကိုယ့်အတွက် ခေတ်မကောင်းလှတာလည်း သေချာနေပါပြီ။

''ဘာဖြစ်ရမှာလဲ...ငါတို့ကို ပြန်ပြောပြလေကွာ...စိတ်ကို ချုပ်မထားနဲ့၊ လွတ်လွတ်လပ်လပ်သာပြော...ပျော်ရတာပေါ့ကွာ''

''ဝေး''

''ဟုတ်တယ်''

အားလုံးက အော်ဟစ်ထောက်ခံကြ၏။

ဆုမွန် ဝေဠုကို အသာကြည့်မိသည်။ ဝေဠုက သဘောတူချင်ပုံ မရ။

''မကောင်းပါဘူးကွာ...''

''ဘာလို့ မကောင်းရမှာလဲဟ''

နှင်းမာကပြန်မေး၏။

''ဪ...နှင့်နားကပ်လာပြီး နှင့်စိတ်ထဲမှာရှိတာတွေ ငါ လိုက်ပြောမယ်...ဥပမာ နှင် ထိန်လင်းကို သတိရနေတာ...အိမ်သာတက်ချင်နေတာ...တစ်ယောက်ယောက်ဆီက တစ်ခုခုကို လိုချင်နေတာ အဲဒါမျိုးတွေ ပြောရင် နှင် ကြိုက်မလား''

"ခွေးကောင်"

နှင်းမာက တစ်ချက်ထောပနာပြုပြီး ငြိမ်သက်သွား၏။ ဒီတော့ သူရက…

" ဒီလိုတော့လည်း မဟုတ်ဘူးပေါ့ဟာ…ထိန်လင်းဆိုလိုတာက ပျော်စရာအတွေးတွေ၊ နောက်လို့ရမယ့်ဟာတွေ…ဥပမာကွာ အတွဲနား သွားမယ်၊ ကောင်လေးက ကောင်မလေးနား အတင်းကပ်ချင်နေတယ်၊ ကောင်မလေးက မသိသလို ငြိမ်နေတယ်…အဲဒါမျိုးဆို နောက်လို့ ကောင်းတာပေါ့ကွာ၊ ဒါမျိုးကို ပြောတာပါ၊ သောကတွေ၊ အပူတွေ၊ ဝေဒနာတွေ မပါတမ်းပေါ့…"

သူရက စိတ်ရှည်လက်ရှည် ဝင်ရှင်းတော့ ဝေဠု စဉ်းစား နေပုံရသည်။ ဝေဠုစဉ်းစားနေပုံကို ကြည့်ပြီး သူတို့ကလည်း သို့လော သို့လော ထပ်စဉ်းစားကြလေသည်။ သူတို့တစ်အုပ်စုလုံး လမ်းလျှောက် ရင်း စဉ်းစားလာကြသည်နှင့်ပင် မတူတော့။ စဉ်းစားရင်းလမ်းလျှောက် နေကြသလို ဖြစ်နေသည်။ ဘယ်လိုကြီးမှန်း မသိ။

ယဉ်မင်းကတော့ ဝေဠုငြိမ်သက်နေတာကို ကြည့်ရင်း…

"မလုပ်ပါနဲ့ဟာ…သူများ မလုပ်ချင်တဲ့ ကိစ္စကို…"

"ထားပါဟာ…"

ရင်ငြိမ်းကလည်း ဝင်ပြော၏။

"ရပါတယ်ဟာ…ငါက စဉ်းစားနေတာပါ…လာ…ပြီးရင် လျှောက်ကြစို့၊ အားလုံးပျော်ပျော်ပါးပါးလာကြတာ…ဒီအချိန်ဆိုတာ ခုပဲရှိမှာ…နောက်ပြန်မရနိုင်ဘူး၊ ကဲကဲ…စားစရာရှိတာစား သောက်စရာ ရှိတာသောက်ပြီးရင် လစ်မယ်"

ခဏကြာတော့ သူတို့ ကန်ဘောင်ပေါ် ရောက်နေကြပြီ။ ညနေစောင်းဆို ဒီနေရာက ဒီလိုပဲ…အမြဲစည်ကားနေတတ်၏။ တချို့က ခုမှ အတန်းပြီးပြီး ကန်ဘောင်ပေါ်မှဖြတ်ကာ ဓမ္မာရုံလမ်း၊ ရွှေဟင်္သာလမ်း စသည့်ဘက်မှ အဆောင်များသို့ ပြန်ကြသည်။ တချို့က အတန်းစော စောပြီး၍ အဆောင်မှတစ်ခေါက် ပြန်ထွက်လာကြခြင်းဖြစ်သည်၊ ရေမိုးချိုး သနပ်ခါးလိမ်းပြီး အေးအေးလူလူရှိနေကြ၏။ တချို့ကောင်မလေးတွေ





ကလည်း တိမ်တွေကို 'မျှော်ကြည့်'သလိုလိုနှင့် သူတို့ကို 'ကြည့်'မည့် သူအား 'မျှော်'နေသည်။ ကက်ကင်းရိုက်နေ၏။

"မြန်မြန်လျှောက်မှ…နောက်ကျရင် အဆောင်မှာ ရေမကျန်ဘဲ နေဦးမယ်၊ ရေမချိုးရရင်…ညနေ ကိုကိုလာတဲ့အခါ ဘယ်လိုလုပ်မလဲ"

ကျောပိုးအိတ်ကလေးလွယ်ကာ ခပ်သွက်သွက်လှမ်းနေသော ကောင်မလေးနောက်က ကပ်လိုက်သွားရင်း…ဝေဠုက နောက်လိုက်ခြင်း ဖြစ်၏။

ကောင်မလေးက ဝေဠုကို တအံ့တသြနှင့် မယုံသလိုကြည့် သည်။ ပြီး…မျက်နှာပြန်လွှဲသွားကာ…လှေခါးမှတစ်ဆင့် လမ်းမပေါ် ပြေးဆင်းသွားတော့၏။

ကောင်မလေးထွက်သွားမှ သူတို့ ရယ်ဖြစ်ကြသည်။

"ဟယ်…ကြက်ကင်…စားရအောင်"

ကန်ဘောင်ပေါ်တွင် ကြက်ကင်အသည်ကို တွေ့ရ၍ သူတို့အုပ်စု ဈေးသည်ဘေးတွင် ဝိုင်းလိုက်ကြ၏။

ပေါင်၊ ရင်အုပ်၊ အသည်း…ဆီပူးစသဖြင့် ရွေးနေဆဲ ဈေးသည် ကောင်လေးက ရင်ငြိမ်းနှင့် သူမ၏လက်ထဲသို့ ပေါင်နှစ်ချောင်း အတင်း ထိုး[illegible]ည့်ပေး၏။ ကောင်လေး၏ဘေးတွင် ရပ်နေသော ဝေဠုက…

"ဆုမွန်…အဲဒီနှစ်ချောင်း မယူနဲ့ မလတ်ဘူး"

ကောင်လေးက ဝေဠုကို ဘုကြည့် ကြည့်ကာ ငြင်း၏။

"ဘာလို့ မလတ်ရမှာလဲ…မနက်ကမှ ဝယ်ပြီး နှပ်ထားတဲ့ ဟာ…"

"အဲဒီနှစ်ချောင်း မပါဘူး၊ ဒီနောက်က အပုံက မနေ့က ဟာတွေ…"

ကောင်လေး ဒေါသထွက်သွားပုံ ရသည်။

"ခင်ဗျားက ရောင်းတဲ့လူထက်ပဲ သိရဦးမလား…အကျန်တစ်ခုမှ မပါဘူး…အကုန် ဒီနေ့မှ လုပ်တာချည်းပဲ…"

ဝေဠု ရှင်းမနေတော့ …။ ထိုအနားမှ လှည့်ထွက်ခဲ့လိုက်၏။ ဆုမွန်တို့လည်း တခြားအသားချောင်း (၂)ခု(၃)ခုသာ ဝယ်ဖြစ်တော့၏။

ဝေဠုနောက်သို့ ထိန်လင်းတို့ လိုက်သွားကြ၏။ ဆိုင်တွင် မိန်းကလေးများသာ ကျန်ခဲ့သည်။ စျေးသည်လေးကတော့ ပွစိစိဖြစ် နေသည်။ ဒီတစ်ခါတော့ သူမတို့ အလှည့်ပဲပေါ့။

“ကောင်းလည်း မကောင်းဘူး၊ မတန်ဘူး”

စျေးသည်ကို ပွစိစိ ပြန်လုပ်ပစ်ခဲ့၏။

သူမတို့ လိုက်သွားကြတော့ ဝေဠုတို့ လေးယောက်ကို အတွဲ တစ်တွဲဘေးမှာ တွေ့လိုက်ရ၏။ ကောင်လေးက ကောင်မလေး၏ပခုံး ကို တင်းတင်းကြပ်ကြပ် ဖက်ထား၏။

“အမလေး…ဖက်ထားတာကလည်း နာလိုက်တာ”

ကောင်မလေး၏ အသံမဟုတ်ပါ၊ ဝေဠုအသံဖြစ်၏။ ထိန်လင်း တို့က ဝိုင်းရယ်ကြသည်။ ထိုအတွဲကတော့…သူတို့ကို လုံးဝမျှပင် ဂရုမစိုက်…။

“ခုနေ…ဖက်နမ်းလို့ရအောင် ထီးဖွင့်ဆောင်းမှ…”

လွတ်နေသော ညာဘက်လက်ဖြင့် ဘေးတွင်ချထားသောထီးကို စမ်းနေသည့် ကောင်လေး၏လက်များ ရပ်သွားရ၏။

“‘အရေးထဲ…ဘယ်ကောင်က ငါလုပ်မှာကို ကြိုသိပြီး လာပြော နေတာလဲ မသိဘူး”

ကောင်လေး လှည့်ကြည့်၏။

“နေရာရွှေ့မှ ဖြစ်တော့မှာပါ…”

ကောင်လေးမျက်လုံးများက ပိုပြူးသွား၏။ ပြီး…ကောင်မလေး ကိုလွှတ်ကာ…ပစ္စည်းများကောက်သိမ်းပြီး တချိုးတည်း ထပြေးကြတော့ ၏။ ဝေဠုကို လှည့်ကြည့်လှည့်ကြည့် လုပ်သွားသည်မှာ တော်တော် ဝေးဝေး ရောက်သည်အထိပင်။

“ဝေဠု သူတို့ ဘယ်လိုခံစားသွားရသလဲ”

ဝေဠုက ရယ်ပြီး ပြန်ဖြေ၏။

“ငါ့နာမည် ဝေဠုကို တချို့တွေက စာလုံးပေါင်းမမှန်ဘဲ ‘ဝေဠ’တို့၊ ဝေဠုတို့ ရေးတတ်ကြတယ်။ အဲ့ဒီအခါမှာ ငါ ခံစားရသလိုမျိုး အခု သူတို့လည်း ခံစားသွားရတယ်”





အားလုံး လိုက်ရယ်ဖြစ်ကြ၏။

ခဏနေတော့ သူတို့နှင့် မလှမ်းမကမ်းတွင် ကောင်မလေး တစ်ယောက် လာထိုင်သည်။ ကောင်မလေးက တော်တော်လှ၏။ ဘယ်သူ့ကိုမှလည်း သိပုံမပေါ်။ မျက်နှာလေးက လှသလောက် တင်းထန် နေသည်။

တစ်စုံတစ်ခုကိုလည်း မကျေမနပ် ဖြစ်နေပုံရ၏။ ဝေဠုကို သူငယ်ချင်းများက တွန်းလွှတ်၏။ ဝေဠုနှင့်ကောင်မလေး နီးသွားရသည်။

“တောက်…”

ဝေဠုက ‘တောက်’တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်၏။ ဝေဠု၏ ‘တောက်’ခေါက်သံကြောင့် ကောင်မလေးက တစ်ချက်လှည့်ကြည့်သည်။ ပြီး…ပြန်လှည့်သွား၏။

“မကျေနပ်လိုက်တာ၊ ကိစ္စရှိပါတယ်ဆိုမှ”

ဝေဠု ခပ်တိုးတိုး ရေရွတ်၏။ ကောင်မလေးက ဘာပြောမှန်း သေချာကြားပုံ မပေါ်။ တစ်စုံတစ်ခု ပြောလိုက်မှန်းတော့ သိပုံရ၏။ ဝေဠုကို စူးခနဲကြည့်သည်။

သူမ၏စိတ်ထဲမှ စကားများကို ဝေဠုက နှုတ်မှ လိုက်ပြောနေ သဖြင့် ဇဝေဇဝါလည်း ဖြစ်နေပုံရ၏။

ဝေဠုက မသိချင်ယောင်ဆောင်ကာ ကန်ရေပြင်ကို ငေးနေ လိုက်သည်။

ဖျတ်ဆို ကောင်မလေးက နာရီမြှောက်အကြည့် ဝေဠုကလည်း တပြိုင်တည်း နာရီမြှောက်ကြည့်သည်ကို တွေ့ရ၏။

ပြီး…ဝေဠုက…

“တွေ့ကြသေးတာပေါ့၊ ချိန်းတိုင်း ဒီလိုကြီးပဲ”

ဒီတစ်ခါအသံကတော့ မာထန်ကာ ကျယ်၏။ ကောင်မလေးက ဆတ်ခနဲ လှည့်ကြည့်သည်။ မျက်လုံးများက ဝင်းတောက်လျက်…။ ဒေါသထွက်သည့်ကြားက အံ့သြနေပုံရသည်။

သူ့ဘေးတွင် ချထားသော အရုပ်ကျောပိုးအိတ်ကလေးကို ကောက်လွယ်၏။

''အရေးထဲ…ဘယ်လိုဖြစ်နေတယ် မသိဘူး။ ကိုယ့်ခံစားချက်ကို မိတ္တူလာပွားသူက ရှိသေး''

ဝေဠု၏စကား မှန်သွားပြန်ပြီ။ ကောင်မလေးက မျက်လုံးပြူး ခါးထောက်ပြီး ဝေဠုကို တုန်လှုပ်စွာကြည့်၏။ ဝေဠုတင်မကဘဲ ဘေးမှ အုပ်စုကပါ စပ်ဖြဲဖြဲနှင့် သူမကို ပြန်ကြည့်နေတာတွေ့တော့ ဆောင့်ဆောင့် ဆောင့်ဆောင့်နှင့် ထွက်သွားတော့သည်။

ထိုအခါကျမှ ဆုမွန်က…

''နင်တို့ကလည်းဟယ်…ကောင်မလေးတစ်ယောက်တည်းကို ဝိုင်းစရလား…နှမချင်း မစာနာ…''

''ဘာမှ နစ်နစ်နာနာမရှိပါဘူးဟာ၊ နင်သာ သတိထား''

''ဘာ သတိထားရမှာလဲ…''

''နင် ဘာလုပ်လုပ် ဝေဠု သိနေမှာလေ''

''အဲဒီတော့ ဘာဖြစ်လဲ…''

''ဘာဖြစ်ရမှာလဲ…နင် တခြားကောင်လေးတွေကို မျက်စိနဲ့ တောင်ကြည့်ပြီး စိတ်ဝင်စားလို့ မရတော့ဘူးပေါ့…''

''အောင်မယ်…ငါက ဘာလုပ်ရမှာလဲ…''

''ဘာမှ မလုပ်ခိုင်းပါဘူးဟာ…ကြည့်ရုံတောင် မရတဲ့ဟာ…''

အားလုံး ဝိုင်းရယ်ဖြစ်ကြသည်။ ဝေဠုကိစ္စက သူတင် ဒုက္ခ တွေ့သည်မဟုတ်၊ အားလုံးလည်း ဒုက္ခတွေ့နိုင်သည် မဟုတ်လား…။

❀❀❀





## (၈)

''မဖြစ်တော့ဘူး''

ဆုမွန်ညည်းတွားသံကြောင့် အားလုံး၏အကြည့်က သူမထံ ရောက်လာသည်။

''မဖြစ်တော့ဘူး…ဆိုတော့ ဘယ်လိုလုပ်မလဲ''

''ဝေဠု…''

ဝေဠုက မထူးဘဲ အသံတိတ် လှည့်ကြည့်၏။

ဆုမွန်က…

''ဟိုတစ်ခါ…ဆုမွန်ပြောထားတဲ့ ကိစ္စလေ''

''ဘာလဲ…ဆုမွန်ရဲ့''

''ဆရာဝန် ပြကြည့်ဖို့လေ…''

''သြော်…''

ဝေဠုက စိတ်ဝင်စားပုံမပေါ်။ ကျန်လူများကလည်း ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားပုံရ၏။

ခဏနေမှ…ထိန်လင်းက…

"မေတ္တာရွှေရည်ကို ပြဖို့လား"

'မေတ္တာရွှေရည်'ဆိုတာ ကမ္ဘာအေးဘုရားလမ်းမပေါ်ရှိ ဆေးခန်းတစ်ခု၏ အမည်ဖြစ်သည်။ ထိုဆေးခန်းသည် စိတ်ရောဂါအထူးကုဆေးခန်းလည်းဖြစ်၏။

"အေး…ကောင်းတယ်၊ ဒီနည်းကောင်းတယ်…တစ်ခုခုတော့ ထူးမှာပဲ"

သန်းထိုက်က ထောက်ခံ၏။ သူရကလည်း…

"ဟုတ်တယ်…တို့ဌာနက ဒေါက်တာတစ်ယောက်တောင် အဲဒီမှာ ပြနေတယ်ဆိုပဲ…depression ဆိုလား…ဘာလားပဲ"

"ဘာလဲဟ…ပီအိတ်ချ်ဒီ ဒေါက်တာကြီးက ဒီပရက်ရှင်ဖြစ်နိုင်ပါ့မလားကွာ…"

သန်းထိုက်က မယုံသလို မေး၏။

"ဖြစ်နိုင်တာပေါ့ကွာ၊ မိန်းမ မရတဲ့ ဒီပရက်ရှင်လေ…"

သူရအဖြေကြောင့် အားလုံး ဝိုင်းရယ်ဖြစ်ကြ၏။

"မိန်းမ မရရင်လည်း ယောကျ်ား ယူလိုက်ပေါ့ကွာ"

"ယောကျ်ားတွေကလည်း သူ့ကို မယူကြဘူးဟ"

ဝေဠုက…

"အဲဒီကိုတော့ မသွားပါနဲ့ကွာ…တခြား စဉ်းစားပါဦး"

ဒီတော့ ဆုမွန်က ဝင်ပြော၏။

"ဆုမွန် စဉ်းစားထားပါတယ်၊ ဟို…ကုက္ကိုတံ အိမ်ရာမှာနေတဲ့ ဆုမွန်အသိ…ဒေါက်တာရန်မျိုးသိမ်းဆိုတာ ရှိတယ်၊ သူက စိတ်ရောဂါအထူးကုဘွဲ့ယူပြီး နိုင်ငံခြားက ပြန်လာတာ မကြာသေးဘူး၊ သူ့ဆီသွားမလား"

"ကောင်းတယ်…"

ဝေဠု ဖြေလိုက်ခြင်း မဟုတ်ပါ။ နှင်းမာနှင့်ယဉ်မင်းထံမှ ပြိုင်တူထွက်လာခြင်းဖြစ်၏။

သို့နှင့်…

သူမတို့ ရှစ်ယောက်…ဒေါက်တာရန်မျိုးသိမ်းဆီသို့ ရောက်ခဲ့ကြ





သည်။ စိတ်ရောဂါ အထူးကုဆရာဝန်ဆိုသော်လည်း သိပ်တော့ မကြီးသေး…။ မျက်မှန်နှင့်…။ သူ့ပုံစံကိုက စိတ်ဝေဒနာသည်များ ကြည်ညို အားကိုးချင်စရာ ကောင်းသည်။ သူတို့နှင့်'ဘဝတူ'ဟု ထင်ဖွယ်ရာရှိ၏။

ဆုမွန်က ဖုန်းကြိုဆက်ထား၍ ထိုင်စောင့်နေ၏။ (ရပ်စောင့်နေလျှင်တော့လည်း သူ့ထိုက် သူ့ကံပင်။)

"ကလင်…ကလင်…"

ခေါင်းလောင်းသံ နှစ်ချက်မှာပင် တံခါးက ပွင့်လာ၏။

"လာကြ…လာကြ…"

"ဟုတ်ကဲ့…"

ဟုတ်ကဲ့က…တစ်သံတည်း။ ဝင်သွားသည်က ရှစ်ယောက်မို့ ဆရာဝန် မျက်လုံးပြူးသွား၏။ ဧည့်ခန်းမှာ အသီးသီးဝင်ထိုင်လိုက်ကြတာ…ခုံပင် ထပ်ဖြည့်ပေးရ၏။

"ကဲ…ဆုမွန်…ဆို…ဘယ်သူက ဘာဖြစ်လို့လဲ"

"သူ…ဆရာ…"

ဝေဠုကို လက်ညှိုးထိုးပြ၏။

"ဘာဖြစ်လို့လဲ…"

'ဖြစ်တာက ဒီလိုဆရာရဲ့…'ဟုဆိုကာ ဆုမွန်က ရှင်းပြလိုက်၏။ စကားဆုံးတော့ ဒေါက်တာရန်မျိုးသိန်းက သူမကို စိုက်ကြည့်နေ၏။ ဝေဠုကို ကုရမှာ မဟုတ်ဘဲ သူမကို ကုရမှာဟုလည်း ထင်သွားပုံရ၏။

ထို့ကြောင့်…ဝေဠုက…

"ဆရာက ဆုမွန်ကို မယုံဘူး ဖြစ်နေတယ် ထင်တယ်…ကျွန်တော် တကယ်ဖြစ်နေတာပါ"

ထိုအခါကျမှ…ဒေါက်တာရန်မျိုးသိန်း တအံ့တဩဖြစ်သွား၏။ သူ့စိတ်ထဲမှာရှိနေတာကို ဝေဠုက ပြောလာ၍လည်း ပိုအံ့ဩသွားပုံရသည်။

ဝေဠုကို မျက်မှန်ပင့်ပြီး ကြည့်ပြန်၏။

"ဆရာ့ကို ကျွန်တော်တို့ လာနောက်နေကြတာ မဟုတ်ပါဘူး…တမင်ကို တကူးတက လာတာပါ၊ ကျွန်တော့်ပြဿနာကို ကူဖြေ

ရှင်းပေးနိုင်မယ် ထင်လို့ပါ၊ လက်ထောက်နဲ့တော့ မလွဲပါနဲ့''

မျက်မှန်အောက်မှ မျက်လုံးများ ပြူးကျယ်သွားကြသည်။ မျက်မှန်ကလည်း ကျယ်၍သာ တော်တော့သည်။

''ဟေ…တကယ်ပဲ…မင်း… ငါ့အတွေးတွေပါ သိနေတာလား''

ဒေါက်တာက မျက်မှောင်ကြုတ်လျက် နဖူးကြော ရှုံ့ကာ စဉ်းစားနေသည်။ အတော့်ကို အူယားဖားယား စဉ်းစားနေခြင်းဖြစ်သည်။ ခဏကြာမှ…

သီးသန့် ကာရံထားသော အခန်းငယ်လေးအတွင်းသို့ ဝေဠုကို ခေါ်သွားသည်။ ပြီးမှ…ဆုမွန်နှင့်သူရကို ခေါ်၏။

''ဆုမွန်နဲ့ ဒီကညီလေးက ဘေးကထိုင်ကြည့်ပေါ့…ကိုယ်သူ့ကို စစ်ဆေးကြည့်လိုက်ပါ့မယ်…ဟုတ်ပြီလား…''

အခန်းလေးထဲတွင် တိတ်ဆိတ်ငြိမ်သက်နေ၏။ အပြင်မှ ငါးယောက်ထံမှလည်း ဘာသံမှ မကြားရ…။

''နာမည်က ဝေဠုနော်…''

''ဟုတ်ကဲ့…''

''အဖေအမေက…''

''ဆုံးသွားပါပြီ…၊ ဦးလေး အဒေါ်တို့နဲ့ နေပါတယ်ဆရာ''

''ခု…ဘာတက်နေလဲ…''

''ရူပဗေဒဂုဏ်ထူးတန်း…နောက်ဆုံးနှစ် ရောက်ပါပြီ…''

''ဟုတ်ပြီ…ကိုယ်…ဝေဠုကို မေးခွန်းလေးတွေ မေးမယ်၊ ဖြေကြည့်ပေါ့…ဟုတ်ပြီလား''

ဝေဠု ခေါင်းကို ခပ်သွက်သွက် ညိတ်ပြလိုက်သည်။

''ဟုတ်ကဲ့…မေးပါ''

''သေချာ နားထောင်နော်''

''ဆင်တွေဟာ တိရစ္ဆာန်ဖြစ်တယ်…တဲ့''

''ခင်ဗျာ…''

ဝေဠုသာမဟုတ်…သူရပါ မျက်လုံးပြူးသွား၏။





''နေဦးလေ…မပြီးသေးဘူး…ဆုံးအောင်နားထောင်''

''ဟုတ်…''

''ဆင်တွေဟာတိရစ္ဆာန်ဖြစ်တယ်…ပြီးတော့ တိရစ္ဆာန်တွေမှာ ခြေထောက်ရှိတယ်…ဒါကြောင့် ဆင်တွေမှာ ခြေထောက်ရှိတယ်ဆိုတာ ဟုတ်သလား…''

''တိရစ္ဆာန်တွေမှာ ခြေထောက်ရှိတယ်…လူတွေမှာလည်း ဆင်ခြေထောက် ရောဂါဆိုတာရှိတယ်…ဒါကြောင့် လူတွေမှာ ဆင်ခြေထောက်ရှိတယ်''

ဒေါက်တာရန်မျိုးသိမ်း စိတ်ရှုပ်ထွေးစွာ ပြုံးလေသည်။ သို့သော် မှားတယ်ဟု ပြော၍ကလည်း မရသဖြင့်…

''အင်း…အင်း…ဒါဆို နောက်တစ်ခု ဖြေပါဦး…''

ဒေါက်တာရန်မျိုးသိမ်းက တစ်ချက်စဉ်းစားဟန်ပြုကာ…

''ဒီလို…''

''ဟုတ်ကဲ့…''

''ဝက်အူတစ်ချောင်း…သစ်သားထဲမှာ တစ်ဝက်၊ အပြင်မှာ တစ်ဝက် ဖြစ်နေတယ်''

''ဟုတ်…ဟို…သစ်သားကို ထွင်းပြီးထည့်ထားတာလား''

ဒေါက်တာရန်မျိုးသိမ်းက မျက်မှောင်ကြုတ်ကာ ပြန်ကြည့်မှ ဝေဠုက ထအော်သည်။

''ဟာ…သိပြီ…ဝက်အူ Screw ကိုပြောတာ…ဟို ဝက်ရဲ့အူ ရပြီ…ဆက်မေးပါဆရာ''

ဒီလိုကျတော့လည်း ဒီရောဂါက အဆင်ပြေသားဟု သူမကြိတ်၍ မှတ်ချက်ချမိသည်။ အမှန်တော့ 'ပစ်ရမှာလည်း အဆီတဝင်းဝင်း၊ စားရမှာလည်း သဲနဲ့ တရှပ်ရှပ် ရောဂါကြီး' ဖြစ်သည်။

''အဲဒီဝက်အူကို သစ်သားထဲက ဆွဲထုတ်ချင်တယ်၊ အဲလိုထုတ်ဖို့ ဝက်အူလှည့် မရှိဘူး…ပလယ်ယာရယ်၊ ဓါးရယ်၊ မောင်းချဓါးရယ်၊ အကြွေစေ့ရယ်…ထဲက ဘာနဲ့ထုတ်ရင် ရမလဲ…''

ဝေဠု တစ်ချက်ပြုံးလိုက်သည်။ ပြီးမှ…

"ပလယာနဲ့က မရဘူး...ဓါးက ဘာဓါးလဲ"

"ဘရိတ်ဓါးဆို ကျိုးမှာပဲ...မောင်းချဓါးကလည်း သိပ် အသုံး မဝင်ဘူး...ဖြစ်နိုင်တာက အကြွေစေ့ပဲ၊ ဒါပေမဲ့...ဒီခေတ်ထဲမှာ ဆယ်ပြားစေ့က ရှားမှရှား...ဆရာ့ဆီမှာ ရှိရင်တော့ အဲဒီဝက်အူ အပြင်ကို ရောက်ပြီပဲ၊ ဒီခေတ်ကြီးမှာတော့ မလွယ်ဘူး"

ဒေါက်တာရန်မျိုးသိမ်း စိတ်ညစ်သွားပုံရသည်။ ဘာမှတော့ မပြောသာသဖြင့် မပြော။ ဝေဠုကတော့ တက်ကြွနေသည်။ 'လာခဲ့ လေ...လာခဲ့...စမ်းပါ...ဟွန်း...ဟွန်း' ဟူသောအကြည့်မျိုးနှင့် ဒေါက်တာ့ ကို ကြည့်နေသည်။ ဒေါက်တာကလည်း မလျှော့သေး။

"ဒါဆို ဆက်မေးဦးမယ်..."

"မေးပါဆရာ..."

"ဧည့်ခံပွဲတစ်ခုမှာ...မောင်ရင် ရောက်နေတယ် ဆိုပါစို့..."

"ဟုတ်ကဲ့..."

"အဲဒီမှာ လူတစ်ယောက်က ဟာသတစ်ခုကို ပြောနေတယ်... အဲဒီဟာသက မောင်ရင်ကြားဖူးထားတဲ့ဟာသ ဖြစ်နေတယ်...အဲဒါဆိုရင် ဟာသကို ဆက်မပြောဖို့ တားမလား...မောင်ရင် ဘာလုပ်မလဲ"

ဝေဠု 'ဟက်'ခနဲ တစ်ချက်ရယ်၏။

"ကျွန်တော်က...ဟာသတွေနဲ့ သိပ်မရင်းနှီးဘူး၊ ဖတ်လေ့ ကြားဖူးလေ့မရှိဘူး၊ ကျွန်တော် ကြားဖူးနေတဲ့ ဟာသဆိုရင် အားလုံး လည်း ကြားဖူးမှာပဲ...ဒီတော့..."

"ဒီတော့..."

ဒေါက်တာရန်မျိုးသိမ်းက စကားကိုဆက်ရန် ထောက်ပေး၏။

"အဲဒီဟာသကို ဆုံးအောင်နားထောင်မယ်...ပြီးမှ ရယ်မယ်"

ဒေါက်တာက သူ့ကို တစ်ချက်ကြည့်ပြီး တစ်စုံတစ်ခုပြောရန် ပြင်သဖြင့် ဝေဠုက လက်ကာပြလိုက်၏။

"အဲဒီဟာသကို ရယ်မှာမဟုတ်ဘူး...လူတကာကြားဖူးနေတဲ့ ဟာသကို ပြောပြတဲ့ အဲဒီ'လူ'ကို ရယ်မှာ"

ဒေါက်တာရန်မျိုးသိမ်း၏ မျက်လုံးများ မြင့်တက်သွားရ၏။



ဆုမွန်နှင့်သူရလည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။

"ဟုတ်ပြီ...ကဲ...နောက်ဆုံးအနေနဲ့ မောင်ရင်ကြိုက်တဲ့ ကာလ ပေါ် သီချင်းတစ်ပုဒ်ကို ဆိုပြပါဦး"

ဝေဠု တစ်ချက်စဉ်းစားလိုက်သည်။ ပြီး...

"ဟုတ်ပြီ...ပန်...ပန်...ပန်ပန့်ပန်...ပန်ပန်...ပန်ပန့်ပန်၊ သြော်...အမှုအရာရော လုပ်ပြရဦးမလား..."

ဝေဠုစကားကြောင့် ဆုမွန်နှင့်သူရသာမက ဒေါက်တာရန်မျိုး သိမ်းပါ တဟားဟား ရယ်တော့၏။

"ဆုမွန်..."

"ရှင်..."

"ညည်းလူက...အကောင်းကြီး...ဘာမှမဖြစ်ဘူး၊ သူဖြစ်နေ တာ...စိတ်ရောဂါနဲ့ ဘာမှမဆိုင်ဘူး...အဲ...တခြားသာ သွားမေးကြ တော့"

ပြောရင်း ဒေါက်တာရန်မျိုးသိမ်းက ရယ်ပြန်သည်။ ဆုမွန် တို့လည်း ဆေးရုံသွားရန်ရှိနေသော ဆရာ့ကို အားနာကာ ပြန်လာ ခဲ့ကြသည်။

"ဘာဆက်လုပ်ကြရင် ကောင်းမလဲ..."

ဆုမွန်က မေးလိုက်ခြင်းဖြစ်၏။ နီးရာလက်ဖက်ရည်ဆိုင်တစ်ဆိုင် တွင် ထိုင်ဖြစ်ကြသည်။ လက်ဖက်ရည်သောက်ရင်း ဝေဠုကိစ္စကို ဆက်ဆွေးနွေးကြခြင်းဖြစ်သည်။

"အေးလေ...ဘာလုပ်ရမှန်းတောင် မသိတော့ဘူး..."

"ထားလိုက်ပါတော့ဟာ..."

"ဘယ်တတ်နိုင်မလဲ..."

ရင်ငြိမ်း၊ ယဉ်မင်းနှင့်နှင်းမာတို့၏ အသံဖြစ်၏။ ထိန်လင်းတို့ သုံးယောက်ကတော့ ပညာရှိပုံစံနှင့် စဉ်းစားဆဲ...။

"ဒါက ထူးဆန်းတယ်...နက်နဲတယ်...ဒီတော့ လွယ်လွယ်နဲ့ တော့ အဖြေထွက်မှာ မဟုတ်ဘူး၊ အနာမသိတော့ ဆေးက မရှိဘူး..."

သန်းထိုက်က လက်ညှိုးတစ်ထောင်ထောင်နှင့် ပြောသဖြင့်

အားလုံးက ဝိုင်းမေတ္တာပို့ကြ၏။

''ဒါတော့...မင်းပြောမှလား''

''အေးလေ...ဒါနဲ့များ သူကိုယ်သူ 'သန်းထိုက်'တဲ့''

ဘာမှမဆိုင်ပါ။

အားလုံးငြိမ်သက်သွားကြပြန်သည်။ အကောင်းငြိမ်ခြင်းတော့မဟုတ်၊ အကြံအိုက်သွားပြီး ငြိမ်ကြခြင်းဖြစ်သည်။ ဦးနှောက်ကို ခါးတောင်းကျိုက်ပြီး စဉ်းစားရုံနှင့်မရ။ ဦးနှောက်ကို အင်္ကျင်တပ်ပြီး စဉ်းစားနေကြရတော့၏။

''ဟာ...''

လမ်းမဘက်သို့ မျက်နှာမူကာ ထိုင်နေသော သူရအသံကြောင့် ကျောခိုင်းနေသူများပါ လှည့်ကြည့်ကြ၏။

''သူရပါလား...''

''ဟုတ်ကဲ့...အစ်ကို၊ အစ်ကိုကရော ဘယ်ကနေဘယ်လို ဒီရောက်လာတာလဲ...မတွေ့တာ ကြာပြီနော်...''

ပြောပြောဆိုဆို သူရက သူ နှုတ်ဆက်လိုက်သော သူကို ဘေးတွင် နေရာပေး၏။ အားလုံးကလည်း သူရနှင့် နောက်ဝင်လာသော ညှော်သည်တို့ကိုသာ ကြည့်နေကြသည်။

''ငါလည်း...ရန်ကုန်ရောက်တာ မကြာသေးဘူး၊ မတွေ့ဆိုမင်းကလည်း ငါတို့မြို့ကို လာမှ မလည်တော့တာ...''

''ဟုတ်တယ်အစ်ကို...မအားတာနဲ့...ဪ...အစ်ကို ဒါ...ကျွန်တော့်သူငယ်ချင်းတွေ၊ သူက ဝေဠုတဲ့၊ သူ့ဘေးက ဆုမွန်၊ ဟိုဘက်က ထိန်လင်း၊ ထိန်လင်းဘေးက နှင်းမာ၊ နှင်းမာဘေးက ယဉ်မင်း၊ ယဉ်မင်းဘေးက သန်းထိုက်၊ ဒီဘက်က ရင်ငြိမ်းမိုးတဲ့...''

''အစက ပြန်ပြောပါလား...''

ညှော်သည်လူစိမ်းက ပြောခြင်းမဟုတ်ပါ။ ဝေဠု ဝင်နောက်လိုက်ခြင်းဖြစ်၏။ ညှော်သည်က ရယ်လျက်...

''ဟုတ်ကဲ့...ကျွန်တော့်နာမည် အောင်ကျော်ဦးလို့ ခေါ်ပါတယ်၊ သူရနဲ့ကတော့ ညီအစ်ကိုလိုပဲ''





ဆုမွန်အပါအဝင် အားလုံး ခေါင်းညိတ်ပြလိုက်ကြ၏။ ပြီး...ထို 'အောင်ကျော်ဦး'ဆိုသူနှင့် သူရတို့ စကားတွေဖောင်ဖွဲ့ကြ၏။ ကိုအောင်ကျော်ဦးဆိုသူသည် တစ်နိုင်ငံလုံး လှည့်လည် သွားလာနေသူဖြစ်ကြောင်း၊ ထူးထူးဆန်းဆန်းကိစ္စများကို လိုက်လေ့လာနေသူဖြစ်ကြောင်း စကားများ အရ သိရ၏။

'ဇော်ဂျီ'ကို တွေ့အောင်လိုက်ရှာပြီး နောက်ဆုံး 'ဇော်ကြီး'ဆိုသူနှင့်ပဲ တွေ့ခဲ့ကြောင်းလည်း ပါသည်။

သူတို့ စကားဝိုင်းကို မသိမသာ လှမ်းအကဲခတ်နေပုံရသော သန်းထိုက်က...

''အစ်ကိုက...စိတ်နယ်လွန်ဖြစ်ရပ် တော်တော်များများကို လေ့လာထားပုံရတယ်''

''ဟုတ်တယ်...ညီ...''

''ဒါဆို...ကျွန်တော်တို့ ဗဟုသုတရအောင် ပြောပြပါလား...''

ကိုအောင်ကျော်ဦးကလည်း ဘယ်တုန်းကတည်းက ကချင်နေလဲ မသိ။ စင်ပေါ်တင်လိုက်တာနှင့် ကွေးနေအောင် ကတော့၏။

ပစ္စည်းများ၊ သံထည်များကို ကွေးပြနိုင်သော စိတ်တန်ခိုးရှင် ယူရီဂလား၊ သူ့ကို သံကြိုးများနှင့် အထပ်ထပ်ချည်နှောင်ကာ သော့အထပ်ထပ် ခတ်ထားသော်လည်း လွတ်မြောက်လာတတ်သည့် ဟူဒီနီ၊ ဖြစ်ရပ်များကို ကြိုတင်သိမြင်ကာ ပြောပြနိုင်သော ပီတာဟားကို့စ်၊ နတ်များ၊ ဝိညာဉ်များ၏ အကူအညီဖြင့် ရှေ့ဖြစ်ကို ပြောပြနိုင်သော နတ်ဝင်သည်တချို့၊ မျက်လုံးမှိတ်လိုက်ပြီး အာရုံပြုကြည့်ရုံနှင့် ပျောက်သော ပစ္စည်းရှိသည့်နေရာကို ပြောပြနိုင်သော မြန်မာနိုင်ငံမှ အမျိုးသမီး တစ်ယောက်အကြောင်း၊ အချင်းချင်း ဆက်သွယ်နိုင်သော တယ်လီပယ် သီပညာရပ်များ စသဖြင့် စုံစုံလင်လင်ပြောပြ၏။

နားထောင်၍ ကောင်းသလို စိတ်ဝင်စားစရာလည်း ကောင်း၏။ သို့သော်...သူတို့ လိုချင်သောခွင်နှင့်ကား တည့်တည့်မတိုး။ ကိုအောင်ကျော်ဦး၏ စကားတွေက သူတို့အတွက် ဘတ်စ်ကားလို ဖြစ်နေသည်။ မှတ်တိုင်မရောက်ခင်မှာ ရပ်လိုက်၊ မှတ်တိုင်ကို ကျော်ရပ်လိုက်နှင့်

တစ်ခါမှ မှတ်တိုင်ရှေ့တည့်တည့်မှာ မဆိုက်ချေ။

ထို့ကြောင့်…ကိုအောင်ကျော်ဦး အာခြောက်၍ ရေနွေးကြမ်းငှဲ့အသောက်တွင် ထိန်လင်းက ဖြတ်ပြောလိုက်၏။

''ဒါဆို အစ်ကို့ကို ကျွန်တော်တစ်ခု မေးချင်တယ်…ကျွန်တော်တို့ ခု လက်ရှိကြုံနေရတဲ့ ကိစ္စတစ်ခုပါ''

''ရပါတယ်…မေးပါ''

ထိန်လင်းက ကိုအောင်ကျော်ဦးကို အစအဆုံးသေသေချာချာရှင်းပြလိုက်၏။ ကိုအောင်ကျော်ဦးလည်း စိတ်ဝင်တစားနားထောင်၏။ ပြီး…တအံ့တသြနှင့်

''ဟုတ်လား…အဲဒါ ဘယ်…''

''ကျွန်တော်ပါ…အစ်ကို''

ကိုအောင်ကျော်ဦး စကားပင် မဆုံးလိုက်၊ ဝေဠုက ဝင်ဖြေ၏။

''အေး…ဆန်းတယ်၊ အစ်ကို လေ့လာခဲ့သမျှထဲမှာတော့ ညီ့လို တစ်ယောက်မှ မတွေ့ဖူးဘူး…အင်း…ဒါ စိတ်တန်ခိုးနဲ့ ပတ်သက်မလား၊ ကျင့်စဉ်တစ်ခုခုနဲ့ ပတ်သက်မလား၊ အထုံပါရမီနဲ့ ပတ်သက်မလား၊ ဘာနဲ့ပတ်သက်မလဲဆိုတာကိုတော့ အစ်ကို ပြောမပြတတ်ဘူး''

ကိုအောင်ကျော်ဦး စကားကြောင့် အားလုံး စိတ်ပျက်သွားကြ၏။ ဒါနဲ့များ သူ့ကိုယ်သူ အောင်ကျော်ဦးတဲ့။

''ဒါပေမဲ့…''

'ဒါပေမဲ့' ဟူသော အသံကြောင့် ခေါင်းထောင်လာကြပြန်သည်။

''ဒါကို…ပြောပြနိုင်မယ့် လူတစ်ယောက်ရှိတယ်…''

''ဟာ…ဟုတ်လား…အစ်ကို၊ လုပ်ပါဦး၊ ဘယ်သူလဲ…ဘယ်ကလဲ''

သူရက အလောတကြီး ဖြတ်မေး၏။

''ဖြည်းဖြည်းပေါ့…သူရရယ်၊ ကိုယ်ပြောမှာပါ၊ အဲဒီလူရဲ့နာမည်က ဆရာကြီးခ…တဲ့၊ သူ့ဆီကို ကိုယ်ကိုယ်တိုင်…ညီလေးတို့ကို လိုက်ပို့ပါမယ်…ဟုတ်ပြီလား''





ဟုတ်သော်ရှိ မဟုတ်သော်ရှိ၊ လောလောဆယ်တော့ ဆုမွန်ရင်ထဲ နည်းနည်းသက်သာသွားသည်။ သက်ပြင်းမောတစ်ချက်ကို ချစ်သူမသိအောင် အသာမှုတ်ထုတ်လိုက်မိ၏။

သို့သော်…

ဇာတ်လိုက်ကျော်ကြီး ကိုဝေဠုက အလိုအလျောက် သိဖြစ်အောင် သိပြီး လှည့်ကြည့်လေသည်။

❀❀❀

## (၉)

ထိုသို့ဖြင့်…

ကျောင်းပိတ်ရက်တစ်ရက်တွင် ရင်ငြိမ်း စီစဉ်ပေးသောကားနှင့် ကိုအောင်ကျော်ဦးကို ခေါ်ကာ ဆရာကြီးခ…ဆိုသူထံ ထွက်ခဲ့ကြသည်။ ခရီးစဉ်က ရန်ကုန်မြို့ပြင်ဘက်မှ ကျန်ရစ်ခဲ့သော နှင်းမာနှင့် ယဉ်မင်း တို့ကို သနားနေမိသည်။ ဒီနေ့ သူတို့ဌာန၏ အာစရိယပူဇော်ပွဲနှင့် ဆုပေးပွဲနေ့လေ…။

နေရာက…ရန်ကုန်တိုင်းထဲမှာပင်။ မြို့အဝင် တိုးလ်ဂိတ်ကို ကျော်ပြီး မကြာခင်ပင် ရောက်လိမ့်မည်ဟု ကိုအောင်ကျော်ဦးက ဆိုသည်။

“ကိုယ်…ပုန်းတော့ ကြိုဆက်ထားတာပဲ၊ ဟိုရောက်ရင်… ကိုယ့်ညီတို့ ပျော်မှာပါ…၊ သူက…ရယ်စရာလည်း ပြောတတ်တယ်”

စကားတပြောပြော၊ နောက်ရင်း ပြောင်ရင်းနှင့်ပင် ကားလေးက လမ်းမပေါ်မှ မြေလမ်းထဲသို့ ခွဲဝင်သွားသည်ကို တွေ့ရ၏။





“နေရာက ကောင်းတယ်နော်…”

“ဟုတ်တယ်”

ပတ်ဝန်းကျင်ကို လေ့လာပြီး ဝေဠုက ပြောတော့ ဆုမွန်က ထောက်ခံသည်။ ကိုအောင်ကျော်ဦးက…

“ဟုတ်ပ…နေရာက ကျယ်ပြီး စိမ်းစိမ်းလန်းလန်းနဲ့ နေချင် စရာကောင်းသလို…အနီးအနားမှာ ဈေးကလည်း အဆင်သင့်၊ ကား ဂိတ်ကလည်း အဆင်သင့်၊ ဟဲ…ဟဲ…ဆေးရုံနဲ့ ရဲစခန်းတောင် အဆင် သင့် ရှိသေးတယ်”

“ကောင်းတာပေါ့အစ်ကို…ဘာမှ မပူရတော့ဘူး”

သူတို့ ရယ်ဖြစ်ကြသည်။

မြားကလေးများ ပြရာသို့ လိုက်ဝင်သွားသောအခါ ခြံဝန်းကျယ် ကြီးတစ်ခုကို တွေ့လိုက်ကြရ၏။ အထဲတွင်…အဆောက်အဦ လေးငါး ခုက ဟိုဟိုသည်သည်တွင် ခွဲဆောက်ထား၏။

ကားရပ်လိုက်သည်နှင့် ထိုဆရာကြီး၏ တပည့်ဖြစ်ဟန်တူသူများ က ကားနားရောက်လာပြီး ဘယ်သူလဲ…ဘာကိစ္စလဲ…စသဖြင့် မေးပါ တော့သည်။ မျက်နှာထားတွေက ခပ်တင်းတင်းတွေ ဖြစ်သည်။

သူမတို့လည်း ဘာပြောရမှန်း မသိ။ ကိုအောင်ကျော်ဦးကိုသာ လှမ်းခေါ်ရတော့သည်။

“ကိုအောင်ကျော်ဦး…ဒီမှာ…”

ထိုအခါမှ ကိုအောင်ကျော်ဦးကို တွေ့သွားကြပြီး တစ်ယောက် က…

“သြော်…လာလာ…ဆရာ မှာထားတယ်၊ စောင့်နေတာ… ဧည့်သည်တွေက လာစရာ များနေတယ်လေ…”

ပြောပြောဆိုဆိုနှင့် ထိုသူ ဦးဆောင်ခေါ်သွားရာသို့ လိုက်သွား ကြရသည်။ ဂျပန်အိမ်ကလေးလို ဆောက်ထားသော အဆောက်အဦ လေးဆီသို့ ဖြစ်၏။ ငန်းကြီး လေးငါးကောင်ကို တွေ့ရ၏။ ကိုအောင် ကျော်ဦးက ရယ်ဟဟနှင့် ပြော၏။

“ငန်းတွေကို ရွှေငန်း ငွေငန်း ဖြစ်အောင် ဆေးသုတ်မလို့တဲ့

လေ…၊ ငန်းတွေတော့ စိတ်ညစ်ကြမှာပဲ”

အနားကို ရောက်တော့ အဆောက်အဦရှေ့တွင် လုပ်ထားသော ရေကန်လေးတစ်ခုကို တွေ့ရသည်။ အုတ်နှင့် အခိုင်အမာ လုပ်ထားခြင်းဖြစ်သည်။ ထိုကန်အပေါ်မှ ဖြတ်၍ တံတားလေးတစ်စင်း ခင်းထား၏။

“ဟယ်…လှလိုက်တာ”

“ဟုတ်တယ်နော်…”

ဆုမွန် တအံ့တသြ ရေရွတ်မိတော့ ရင်ငြိမ်းက ထောက်ခံ၏။ ကန်ဘေးတွင် ထိုင်နေသည့် အင်မတန်မှ ဥပဓိရုပ်ကောင်းသော လူတစ်ယောက်ကို တွေ့ကြရသည်။

ထိုသူ၏အရှိန်အဝါက ဘယ်၍ ဘယ်မျှ ကြီးမားသည်တော့ မသိ…။ ဆုမွန်တို့အုပ်စု မီးကို ရေနှင့် အဖျန်းခံလိုက်ရသလို ငြိမ်သက်သွားကြ၏။ အခိုးအငွေ့ပင် မထွက်တော့။ ထိုပုဂ္ဂိုလ်ကြီးထံမှ အရှိန်အဝါတွေက ဝေဠုထံ ကူးစက်သည် ထင်၏။ ဝေဠုကလည်း အလို အလျောက် ခန့်ခန့်ညားညားကြီး ဖြစ်လာလေသည်။ ခက်ရချည်သေးရဲ့။

“လာ…ထိုင်ကြ”

သူ့ရှေ့မှ ဖျာများကို ညွှန်ပြကာ ထိုင်ခိုင်းသဖြင့် ဝင်ထိုင်လိုက်ကြသည်။

“ကိုအောင်ကျော်ဦးတို့ ဘယ်တုန်းက ရောက်နေကြတာတုန်း၊ မတွေ့တာ ကြာပြီနော်…”

“ဟုတ်ကဲ့ ဆရာကြီး…ကျွန်တော် ရန်ကုန်ရောက်တာ နှစ်ရက်ပဲ ရှိသေးတယ်၊ ဆရာကြီးဆီ လာဖို့ကို ဒီက…ညီ၊ ညီမတွေကလည်း လိုက်ချင်တယ်ဆိုတာနဲ့…ဒီနေ့ သူတို့ ကျောင်းအားရက်မှ ထွက်လာကြတာ…”

စကားပြောကြတော့မှ ထို…ဆရာကြီးသည် အသံသြဇာကလည်း အလွန်ကောင်းကြောင်း သိလိုက်ရ၏။ ထို့ပြင်…စကားပြောလည်း ကောင်း၍ အင်မတန် ဆွဲဆောင်နိုင်သည်ကိုလည်း တွေ့ရသည်။ ကိုအောင်ကျော်ဦးက သူမတို့ တစ်ယောက်ချင်းစီနှင့် မိတ်ဆက်ပေး၏။





“ဒီက…ကလေးတွေကလည်း ကျွန်တော့်လိုပဲ…ထူးထူးဆန်းဆန်းတွေ စိတ်ဝင်စားတယ်”

“ဟားဟား…ကောင်းတာပေါ့၊ တကယ်တော့ ထူးဆန်းတယ်ဆိုတာက မသိသေးလို့ပါ…သိသွားရင် မထူးဆန်းတော့ဘူးကွ၊ ကိုယ့်ဘဝမှာ အဲလိုမျိုး လျှောက်လုပ်ခဲ့တာ…စမ်းသပ်ခဲ့တာတွေ အများကြီးပေါ့ကွာ…”

ကိုအောင်ကျော်ဦးက ဆရာကြီး၏ ဘေးစားပွဲလေးတွင် တင်ထားသော ဆေးဘူးတစ်ဘူးကို ကောက်ကိုင်ကြည့်ကာ…

“ဂမုန်းတစ်ထောင် ဆေးတဲ့…ဆရာ ဒီဆေးကို ဘာလုပ်ဖို့လဲ”

“အံမယ်…ထား ကိုယ့်လူ၊ ဒီဆေးကြောင့် ကိုယ် အရိုက်မခံရတာ”

“ဘယ်လိုဖြစ်တာပါလိမ့်”

“တစ်နေ့ကွာ…ကိုယ့်ကို အဲဒီ ဆေးလုပ်တဲ့ဆီ… မိတ်ဆွေတစ်ယောက်က ခေါ်သွားတယ်”

စကားကို ခဏရပ်ကာ ငါးသုံးလုံးစီးကရက်အသစ်တစ်လိပ်ကို မီးညှိလိုက်၏။ သူမတို့ရောက်ကတည်းက ဒါပါနဲ့ဆို သုံးလိပ်ရှိပြီး ဘေးက ဆေးလိပ်ပြာခွက်ထဲတွင်လည်း ငါးသုံးလုံးစီးကရက်လက်ကျန်များ လေးငါးခုခန့် ရှိသည်။

စီးကရက်ကို တရှိုက်မက်မက် ဖွာလိုက်ပြီး…စကားကို ဆက်၏။

“အဲဒါနဲ့ ကိုယ်လည်း ရောက်သွားတယ်ပေါ့ကွာ…ဟိုရောက်တော့ ဆေးတိုက်ပိုင်ရှင်နဲ့ မိတ်ဆက်ပေး စကားပြောကြပေါ့ကွာ… ပြန်ခါနီးတော့ အဲဒီပုဂ္ဂိုလ်က ဆေးဘူးလေးတွေ လက်ဆောင်ပေးတယ်၊ ကိုယ်က နဂိုကတည်းက စိတ်ဝင်စားနေတဲ့ သူပဲ…ဝမ်းသာအားရနဲ့ ပြောလိုက်တယ်…”

စကားကို ခဏရပ်၊ စီးကရက်ကို အသာချပြီး ဘေးတွင် ချထားသည့် ရေခမ မတ်ခွက်ကြီးထဲမှ ရေခဲရေကို တစ်ကျိုက် မော့

သောက်လိုက်၏။ ပြီး…

"ဟော့…တစ်ယောက်လာ၊ တစ်ယောက်လာ…ဒီကလေးတွေ အတွက် လက်ဖက်ရည် လုပ်ပါကွာ…"

ကိုအောင်ကျော်ဦးက ပြုံးကာ…သူမတို့ဘက် လှည့်ပြီး…

"ဒီက လက်ဖက်ရည်က အရမ်းကောင်းတာနော်…ရည်းစား တွေ ဘာတွေ မေ့ကုန်ကြဦးမယ်…အဲ…ဆက်ပါဦး ဆရာကြီး"

သူမတို့ မျှော်လင့်နေကြသောစကားကို ကိုအောင်ကျော်ဦးက ထောက်ပေးလိုက်၏။

"အေး…အဲဒါနဲ့ ငါလည်း…ကျေးဇူးတင်ပါတယ်…ရောင်းရ မယ့် ဆေးဘူးတွေကိုတော့ မယူပါရစေနဲ့၊ ကျွန်တော့်ကို အဲဒီ ဂမုန်း တစ်ထောင် စာရင်းလေးသာ ရေးပေးပါ…လို့ ပြောလိုက်တယ်"

"ဟာ…ဟုတ်တာပေါ့…ကျွန်တော်လည်း ရရင် လိုချင်တယ်"

ကိုအောင်ကျော်ဦးက ဝင်ပြော၏။ သူမတို့အုပ်စုကတော့ နား ထောင်သူသက်သက်…။ ဆရာကြီးက စီးကရက်ကုန်ခါနီးကို ပြာခွက် ထဲ ထိုးထည့်လိုက်ရင်း…မီးခြစ်နဲ့ ဆေးလိပ်ဘူးကို ကောက်ကိုင်လိုက် ပြန်၏။

"အဲဒါ ပြောတာပေါ့…အဲဒီလူလေ…ဒေါသတွေထွက်လိုက်တာ ပြောမနေနဲ့၊ ကံကောင်းလို့ ထအရိုက်မခံရတာ…ကိုအောင်ကျော်ဦးပဲ စဉ်းစားကြည့်လေ…ဂမုန်းတစ်ထောင်ရဲ့ နာမည်မပြောနဲ့…လူတစ်ထောင် ရဲ့နာမည်ကိုပဲ ချရေးကြည့်ဦး…၊ ဂမုန်းအမျိုးတွေ စုရင်တောင် တစ်ထောင်ပြည့်မှာမှ မဟုတ်တာ…"

သူမတို့အားလုံး ရယ်ဖြစ်ကြသည်။ အိမ်ကျမှ မေမေ့ကို သူ သုံးနေသော ဆေးအကြောင်း ပြောပြရဦးမည်…ဟု တေးထားလိုက်၏။

ပြောရင်းနှင့် သူတို့စကားဝိုင်းက ကံကောင်းခြင်း၊ ဆိုးခြင်းတို့ သည် လက္ခဏာနှင့် ဆိုင်မဆိုင်…ဆွေးနွေးကြသောဘက်သို့ ရောက် သွားသည်။ သူမတို့အတွက်ကတော့ ဘာပြောပြော…စိတ်ဝင်စားစရာ တွေချည်း။။

"ကိုယ်…တောင်ကြီးမှာ ဟောတုန်းကပေါ့…၊ ညကြီး





မင်းကြီး၊ ည…ဆယ့်နှစ်နာရီလောက် ရှိပြီ၊ ချမ်းက ချမ်းနဲ့…ဈေးဦး က မပေါက်တော့ လမ်းဘေးမှာ ဒီအတိုင်း ထိုင်နေရတယ်…၊ ထမင်းကလည်း မစားရသေးဘူး၊ အဲဒီအချိန်ကျမှ သူတောင်းစား တစ်ယောက် ရောက်လာတယ်…"

"ဗေဒင်ကြည့်ဖို့လား…"

"ဘယ်ကလာ…ပိုက်ဆံလာတောင်းတာပေါ့"

ထိုအချိန်တွင် လက်ဖက်ရည်ခွက်များ လာချ၍ စကားစ ခဏပြတ်သွားရ၏။ ပြီးမှ ဆရာကြီးက…

"ကိုယ် သူ့ကို စွန့်ကြဲလိုက်ပါတယ်…၊ ဒါပေမဲ့ သူ့လက်ကို လှမ်းမြင်ပြီး စိတ်ဝင်စားစရာတွေ တွေ့လိုက်တယ်"

"ဟုတ်ကဲ့"

"အဲဒါနဲ့…ကိုယ်လည်း ဖယောင်းတိုင်မီးကလေး ထွန်းပြီး…သူ့ လက္ခဏာကို ကြည့်ရတယ်၊ အောင်မလေး…သူ့လက်မှာ ကောင်းလိုက် တဲ့ ထီးရိုးကြီး၊ ထင်းပြီး ထောင်တက်နေတာပဲ…မျက်လုံးတွေ ဘာတွေ ပွတ်ကြည့်ရသေးတယ်၊ ဟုတ်နေတာပဲ…အဲဒါနဲ့ မသင်္ကာဖြစ်ပြီး မှန် ဘီးလူးတောင် ထုတ်ကြည့်လိုက်သေးတယ်၊ မမှားဘူးဗျ…ထီးရိုးကြီး မှ ကောင်းလိုက်တာ…ဒါပေမဲ့ ခက်တာက…သူက သူတောင်းစား ဖြစ်နေတယ်လေ…အဲဒီကတည်းက ကိုယ်လည်း လက္ခဏာတွေကို သံသယဝင်တော့တာ…သူ့ကို ပိုက်ဆံစွန့်ကြဲတဲ့ ကိုယ်ကတောင် သူ့ လောက် ထီးရိုးမကောင်းဘူး"

သူမတို့ သဘောကျ၍ ရယ်မိကြသည်။ ကိုယ့်လက်ကိုယ်လည်း မသိမသာ ငုံ့ကြည့်မိ၏။ ခက်တာက ထီးရိုး…ဆိုတာ ဘယ်နားမှာ ရှိမှန်းကို မသိ။

"သူ့လက္ခဏာက ထီးရိုးကောင်းကြောင်း ပြောလိုက်တော့… သူတောင်းစားက ပြုံးတယ်၊ ကိုယ့်မှာလည်း အူကြောင်ကြောင် ဖြစ်လို့"

သူတောင်းစားနှင့် ထီးရိုးအကြောင်းပြီးတော့ ကိုအောင်ကျော် ဦးက တွေ့တုန်းဆုံခိုက် သူ သိချင်တာလေးတွေ မေးနေသေးသည်။

"ဆရာ…ကျွန်တော် Hypnosis ကိုလည်း စိတ်ဝင်စား

တယ်၊ ကျင့်ချင်တယ် ဆရာ…''

''ကိုယ်လည်း ကျင့်ခဲ့ဖူးတယ်…ကိုအောင်ကျော်ဦးကို ကိုယ်ကြုံခဲ့ရတာလေးတွေ ပြောပြရဦးမယ်''

ဆရာက စကားစကို ဖြတ်ကာ…စီးကရက်ကို မီးညှိပြန်၏။ ဘယ်နှစ်လိပ်မြောက်မှန်းပင် မသိတော့။ သူမပင် စိတ်ပူလာမိသည်။ 'ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်နိုင်သည်'…ဟု ဆိုထားသည် မဟုတ်လား။

T.V ထဲမှာ လူတစ်ယောက် ဆေးလိပ်သောက်ရင်း အရိုးစုကြီး ဖြစ်သွားတာကို ဆရာကြီး မမြင်ဖူးဘူးလား မသိ။

''ကိုယ်…စိတ်ညို့ ကျင့်ခဲ့တုန်းက တော်တော်လေး ဖြစ်ခဲ့တယ်၊ တစ်နေ့…မိတ်ဆွေတွေနဲ့ တစ်အုပ်ကြီး လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ကြတယ်၊ လူတွေကလည်း များ…စားသောက်ထားတာကလည်း အများကြီးပဲ၊ အဲဒီအချိန်မှာ ကိုယ့်မိတ်ဆွေက ကိုယ့်ကို ဒီတစ်ဝိုင်းစာကို မဖြစ်စလောက်ဘဲ ရှင်းရအောင် စိတ်ညို့ပြီး လုပ်ကြည့်ပါလား…တဲ့''

သူမတို့ စိတ်ဝင်တစား ဖြစ်သွားကြသည်။ လူတွေကို စိတ်ညို့ပြီး ခိုင်းစေလို့ ရတာမျိုး…ရုပ်ရှင်တွေထဲမှာပဲ တွေ့ဖူးတာကိုး…။ ထိုအချိန်မှာပဲ စီးကရက်သောက်သော ဆရာကြီးနှင့် စီးကရက်မသောက်သော ဝေဠုတို့ တစ်ပြိုင်တည်း ချောင်းဆိုးကြသေး၏။

''အဲဒါနဲ့ ရှင်းမယ်ဆိုပြီး စားပွဲထိုးလည်း ရောက်လာရော… ကိုယ် စားပွဲထိုးကို ညို့ထားလိုက်တယ်၊ ကဲ…ဒီဝိုင်း ဘယ်လောက်ကျလဲ…တွက်စမ်း ဆိုတော့ စားပွဲထိုးကလေးက တွက်တယ်၊ အဲဒီမှာပဲ ကိုယ်က စားပွဲထိုးလေးရဲ့ မျက်ခုံးမွေးနှစ်ခုကြား နဖူးအလယ်တည့်တည့်ကို ဖမ်းညို့ထားလိုက်ပြီး သုံးကျပ်ကျတယ်…လို့ ပြောလိုက်တော့ စားပွဲထိုးကလေးကလည်း ဟုတ်တယ် သုံးကျပ်…လို့ ကောင်တာဘက်လှည့်အော်လိုက်တယ်၊ ဟုတ်ပြီပေါ့…''

စကားကို ခဏဖြတ်ကာ ရေခဲရေ သောက်ပြန်၏။ စီးကရက်ကိုလည်း ဖွာလိုက်သေးသည်။ သူ့ဘာသာ သူတော့ ရစ်သမ်မိကာ





အဆင်ပြေနေသည်။

ပြီးမှ…စကားကို ဆက်၏။

''ပိုင်ပြီးထင်ပြီး ပျော်နေတာ…အဲဒီမှာတင် ကောင်တာက တရုတ်ကြီးက ဒေါ်နဲ့ မောနဲ့ ထလာပါလေရော…ဒီလောက် စားသောက်ထားတာ သုံးကျပ်လား…ဆိုပြီး စားပွဲထိုးလေးကို ဆူပါလေရော၊ ပြီး…သူကိုယ်တိုင် တွက်တယ်၊ သုံးရာကျော် ကျတယ်…ဟဲဟဲ… လူများညို့မိတော့ မအောင်မြင်လိုက်ဘူးပေါ့ကွာ…နောက်ဆုံး ကျသလောက် ရှင်းခဲ့ရတာပါပဲ''

ကိုအောင်ကျော်ဦးရော…သူမတို့ပါ ရယ်ဖြစ်ကြသည်။ တော်တော် ဗဟုသုတများကာ အတွေ့အကြုံလည်း စုံခဲ့ပုံ ရသည်။ ဆုမွန်ကတော့ သူ စကားပြောရပ်သွားမှာတောင် စိုးနေမိ၏။

''မပြီးသေးဘူး''

သူမတို့ အရယ်မဆုံးခင်မှာဘဲ ဆရာကြီးက စကားဆက်၏။

''ရှိသေးတယ်…နောက်တစ်ခေါက်ကြုံတာက ဒီ့ထက် ဆိုးတယ်''

သူမတို့အားလုံး နားရွက်များ မထောင်ရုံတမယ် အာရုံစိုက်လိုက်ကြ၏။ တိတ်ခွေဇာတ်လမ်းတွေ နားထောင်လေ့ ရှိခဲ့ပုံရသော ဆရာကြီး၏တပည့် တောသားလေးက ဆုမွန်ကို ခိုးခိုးကြည့်နေသဖြင့် ပြုံးမိကြရသေးသည်။ ဆရာကြီးကတော့ မသိ…။ ထုံးစံအတိုင်း စီးကရက်ကို ဖွာရှိုက်ရင်း စကားဆက်၏။

''နောက်တစ်ခေါက်ကတော့ ဘတ်စကား မှတ်တိုင်မှာ…ကိုယ်ကလည်း ကျင့်ထားပြီးခါစ ဆိုတော့ လက်တည့်စမ်းချင်နေတာလေ…၊ မှတ်တိုင်မှာ ကားရပ်စောင့်နေတဲ့ မိန်းမတစ်ယောက်ကို လှမ်းညို့တာ''

ဘာရယ်မဟုတ်…ရယ်ရတော့မယ်ဆိုပြီး ပြင်ဆင်သည့်အနေနှင့် အားလုံး ပြုံးစိစိ ဖြစ်ကုန်ကြသည်။

''အဲဒီမိန်းမရဲ့ နောက်စေ့တည့်တည့်ကို လှမ်းညို့တာ…သူ တက်ရမည့် ဘတ်စကားလည်း ရပ်ရော…အဲဒီအမျိုးသမီးက ကားဘက်လျှောက်အသွားမှာ လှမ်းအမိန့်ပေးလိုက်တယ်…စိတ်ထဲကနေ မတက်နဲ့၊

အဲဒီကားပေါ် မတက်နဲ့၊ ပြန်လှည့်လာခဲ့…လို့ လှမ်းပြောတာ အံမယ် တကယ် ပြန်လှည့်လာတယ်…ကားအပေါက်ဝရောက်မှ ပြန်လှည့်လာတော့ စပယ်ယာလည်း အူကြောင်ကြောင်နဲ့ပေါ့…''

''ဟဲဟဲ''

''ခစ်ခစ်''

စကားက မဆုံးသေး…နိဒါန်းအနေနှင့် သူမတို့ စရယ်နေကြပြီ…။

''ကိုယ်က စပယ်ယာ အူကြောင်ကြောင်ဖြစ်တာကို ကြည့်ပြီး ရယ်ချင်နေတုန်း…အမှုက ကိုယ့် ပတ်တော့တာပဲ''

''ဘာဖြစ်လို့လဲ ဆရာ''

''အဲဒီအမျိုးသမီးက ကိုယ့်ဆီ ပြန်လှည့်လာနေတာလေ…ကိုယ့်ဆီကို အူကြောင်ကြောင်နဲ့ အိပ်မက်ထဲမှာ လမ်းလျှောက်သလို လှမ်းလာနေတာ''

''ဟား ဟား…''

''ဟဲ ဟဲ''

''ခစ်ခစ်…ခစ်''

ဒါက…စာကိုယ်ပိုင်း အရယ်ဖြစ်၏။ ရယ်သံ နိဒါန်းနှင့် ရယ်သံ နိဂုံးကိုတော့ မတင်ပြတော့ပါ။ ရယ်သည့်အထဲမှာ ဝေဠု မပါ…။ သူက မိန့်မိန့်ကြီးသာ ပြုံးနေသည်။

''ကိုယ်လည်း ဘာလုပ်ရမှန်း မသိတာနဲ့…ဘေးက ကွမ်းယာဆိုင်က သကြားလုံးတစ်လုံးကို လှမ်းယူပြီး…အဲဒီအမျိုးသမီးကို စိတ်ထဲက အမိန့်ချပြီး ပေးလိုက်ရတယ်''

''ဘယ်လိုအမိန့် ချရလဲ…''

''အဲဒီသကြားလုံးကို ယူပြီး ငုံလိုက်…ငုံလိုက်တာနဲ့ ညို့ဓါတ်ပျယ်ပြီး မင်းလမ်း မင်းသွားနိုင်ပြီ…လို့ပေါ့''

''ဒီတော့…''

''သကြားလုံးလည်း ငုံပြီးရော ညို့ဓါတ် ပျယ်သွားတာနဲ့ အဲဒီအမျိုးသမီးလည်း အူကြောင်ကြောင်နဲ့ပေါ့…၊ အိပ်ရာက လန့်နိုး





လာတဲ့ လူလို ကိုယ့်ကို ကြည့်တယ်…ကားဂိတ်က လူတချို့ကလည်း ကိုယ့်ကို ကြည့်နေတာ…ကိုယ်လည်း မသိသလိုလုပ်ပြီး အဲဒီနေရာက အမြန် ထွက်ခဲ့ရတယ်''

ပြောပြီး သူ့ဘာသာ သူ…ထိုအဖြစ်အပျက်ကို မြင်ယောင်သလို ရယ်၏။

''ဟား ဟား ဟား…''

ရယ်သံများ စီဝေသွားတော့၏။

''အဲဒီမိန်းမလည်း အတော် စိတ်ရှုပ်သွားမှာပေါ့ကွယ်…ဘတ်စကား လွတ်သွားတဲ့အပြင် သူ့ပါးစပ်ထဲမှာ သကြားလုံးတစ်လုံးက ဘယ်တုန်းက ရောက်နေမှန်း မသိဘူးကိုး''

ဆရာကြီးက စီးကရက်အသစ်တစ်လိပ်ကို ထပ်မံမီးညှိ ဖွာရှိုက်လိုက်ပြန်သည်။ ပြီး…

''အဆိုးဆုံးကတော့ ညို့နေတုန်း တခြားပယောဂ ဝင်လာတာပဲ''

''ဘယ်လိုဆရာ…ကျွန်တော် နားမလည်ဘူး''

''တစ်ခါကွာ…ကိုယ့်တပည့်တစ်ယောက်ရဲ့ အမျိုးသမီးကို သူ့အိမ်မှာပဲ ညို့ကြတယ်…ညို့နေရင်းက ထပြီး ကြမ်းတော့တာပဲ''

''အဲဒီ အမျိုးသမီးကလား…''

''ဒါပေါ့…ကိုယ်တောင် ကြောင်ပြီး ဘာဖြစ်မှန်း မသိဘူး၊ အဲဒီအမျိုးသမီးက ထအော်တယ်လေ…ငါ ကိုယ်တော်လေးကို ဘာ အကြံအစည်ရှိလို့ ဒီလိုလုပ်ရတာလဲ၊ မထီလေးစားနဲ့…ဘာညာဆိုပြီး ဝုန်းဒိုင်းကို ကြဲနေတာပဲ…၊ နောက်မှ သိရတာက မင်းလေး ဝင်လာတာ ဖြစ်နေတယ်…၊ အဲဒီတော့မှ ကိုယ်တော်လေးရဲ့ ဘာရဲ့ ညာရဲ့နဲ့ မနည်းတောင်းပန်ပြီး ပြန်ထွက်ခိုင်းလိုက်ရတယ်''

သူမတို့ ဒီတစ်ခါတော့ နိဒါန်းတွေ နိဂုံးတွေမပါဘဲ ရယ်ဖြစ်ကြသည်။ ထိုအမျိုးသမီးကို မင်းလေးကတော့ ကောက်ထားသည် ဆိုပဲ။ ထိုအမျိုးသမီး၏ ခင်ပွန်းကပင် အနေရ အထိုင်ရ ခက်သွားကြောင်း သိရသည်။

ဆရာကြီးက လက်ထဲမှ စီးကရက်ကို ပြာခွက်ထဲ ထိုးထည့်လိုက်ရင်း...

"အဲဒီကတည်းက ကိုယ် စိတ်မညှို့ဖြစ်တော့တာပဲ..."

စကားစ ပြတ်သွားကြ၏။ ထိုအခါကျမှ ကိုအောင်ကျော်ဦးက

"ဆရာ...ကျွန်တော်တို့ တခြားကိစ္စလေးလည်း ပါလာတယ်၊ ဆရာ့ကို မေးချင်လို့..."

"ပြော..."

"ဒီက ညီလေးဝေဠုကပဲ ရှင်းပြလိမ့်မယ် ဆရာ၊ သူ ဖြစ်နေတာ...သူမှ ဂဃနဏ ပိုပြောတတ်မှာ..."

"ဒီလိုပါ ဆရာကြီး"

ဝေဠုက သူ ဖြစ်ပျက်နေတာတွေကို အစပျိုးကာ ပြောပြလိုက်၏။ ဆရာကြီးက ဘာမှ မထူးဆန်းသလို ခေါင်းတညိတ်ညိတ် နားထောင်သည်။ တချို့နေရာများတွင် သူကပင် ကြိုထောက်ပေးသေး၏။

"ဟုတ်တယ်...ကိုယ်က ခံစားနေရမယ်၊ အဲဒီလူပြောမှာကို ကြိုသိနေတယ်...အဲဒါမျိုး...ဟုတ်ပြီ"

ဝေဠုစကားဆုံးတော့...ဆရာကြီးက သူ့လက်ထဲမှ ဖွာလက်စ စီးကရက်ကို ပြာခွက်ထဲ ထည့်လိုက်ရင်း ပြုံးစစနှင့်...

"အဲဒီလိုဖြစ်နေတာဟာ ဘာဖြစ်လို့လဲဆိုတော့..."

"ဆရာ...ဆရာ"

တပည့်တစ်ယောက် အပြေးအလွှား ရောက်လာ၏။

"ဆရာ...နိုင်ငံခြားက ဧည့်သည်တွေ ချိန်းထားတာ ရောက်လာကြပြီ ဆရာ"

ဆရာကြီးက နံရံမှ နာရီကို လှမ်းကြည့်၏။

"ဟာ...ဟုတ်တယ်၊ စကားကောင်းနေကြတာ ဧည့်သည်တွေနဲ့ ချိန်းထားတာ မေ့နေတယ်...ကဲကဲ...နောက်နေ့မှ ဆက်ပြောကြရအောင် ပြန်လိုက်ကြတော့...နောက်လူတွေ ရောက်လာတော့မယ်၊ အဲဒီကိစ္စကတော့ ပြေလည်သွားမှာပါ၊ မပူနဲ့"

စာမေးပွဲ အောင်နေပါလျက် ကျောင်းလခ ကြွေးကျန်၍





အောင်စာရင်း၌ နာမည် မပါလာသောသူများပမာ ခံစားလိုက်ကြရ၏။ သို့သော်...ဒီနေရာကို နောက်တစ်ခေါက် လာဖို့ကိုလည်း ဘယ်သူကမှ ငြင်းကြလိမ့်မည် မဟုတ်တာ သေချာနေသည်။

မျှော်လင့်ချက်တော့ ရှိလာပြီ။ ပညာရှိကို မှီဝဲဆည်းကပ်မိသည့် အကျိုးကို ခံစားရချေတော့မည်။ ရှုရှု သမဝါယမ ဟာသမျိုးတော့ မဖြစ်တန်ရာ။ ကုန်ပစ္စည်းများကို တယ်လီဖုန်းဖြင့် လှမ်းမှာ၍ ရပြီ။ သို့သော် ထိုကုန်ပစ္စည်းများကို ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်ပေးမည်ဆိုတာမျိုးပေါ့...။

❀❀❀

(၁၀)

ဆုမွန် အိမ်ကထွက်တော့ မနက်ရှစ်နာရီပဲ ရှိသေးသည်။ ကားမှတ်တိုင်နားတွင် ဝေဠုက အငှားကားတစ်စီးဖြင့် စောင့်နေ၏။ သူမတို့ ချိန်းထားကြခြင်း ဖြစ်သည်။ ဒီနေ့…တနင်္ဂနွေနေ့။ အေးအေးဆေးဆေးတွေ့ပြီး စကားပြောကြ၊ ဆွေးနွေးကြ၊ လျှောက်လည်ကြရန် ချိန်းထားခြင်းဖြစ်၏။

''လာ…ဆုမွန်''

ဝေဠုက နောက်ခန်းတံခါးကို ဖွင့်ပေးပြီး သူက တစ်ဖက်မှ ပတ်ကာ ဝင်ထိုင်၏။

''ဒါ…ကိုယ်တို့အိမ်နားက…ကား၊ ကိုယ် ဒီနေ့တစ်နေ့လုံး အတွက် နာရီနဲ့ ငှားလာတာ…ကိုယ်တို့ သွားချင်တဲ့ဆီ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် သွားလို့ ရအောင်လေ…''

''ကောင်းသားပဲ''

''ကောင်းရင်…ပထမဆုံးအနေနဲ့ ကိုယ်တို့ လက်ဖက်ရည်ဆိုင် ထိုင်မယ်…၊ ဆုမွန် ဘာစားခဲ့ပြီးပြီလဲ…ကိုယ်တော့ အိပ်ရာက နိုးနိုး





ချင်း ထွက်လာတာ…ဘာမှ မစားရသေးဘူး''

''ဆုမွန်ရောပဲ''

''အိုကေ…ဒါဆို လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို မောင်းဆရာ''

တစ်ဆက်တည်း ကားသမားကိုပါ ပြောလိုက်၏။

ကားသမားရပ်ပေးသည့် လူစည်ကားလှသည့် လက်ဖက်ရည်ဆိုင်ထဲ သူတို့ ရောက်သွားရသည်။ ကားသမားကတော့ ဒီဆိုင်က တော်တော်ကောင်း ဆိုပဲ…။ ဖြစ်တော့ ဖြစ်နိုင်သည်၊ လူတွေက အပြည့်။ (တစ်ခါက ကားသမားကောင်းသည်ဆိုသော ဆိုင်ကို ဝင်ထိုင်ဖူးသည်။ မစွံ။ Taxi ဒရိုင်ဘာတွေ ထိုင်သည့်ဆိုင်ဖြစ်နေသည်။)

ကံကောင်းလှစွာ…အပေါက်ဝနားမှ စားပွဲတွင် နေရာရသည်။ စားပွဲတွေက လွန်စွာကပ်နေ၍ အတွင်းခုံတွင် ဝေဠုက ထိုင်ပြီး အပြင်ခုံတွင် ဆုမွန်က ထိုင်လိုက်၏။

''ကြပ်တယ်ကွာ…''

နောက်မှ ကပ်ထိုင်နေသော ထောင်ထောင်မောင်းမောင်းနှင့် လူကြီးတစ်ယောက်၏ ကျောနှင့် ဝေဠုကျောက ကပ်နေ၏။ ဆုမွန် ရယ်မိသည်။

''သုံးနဲ့လေးလို သဘောထားလိုက်ပါ''

''ထားရမှာပေါ့''

''ဝေဠု…နင် သိပြီးပြီလား''

''ဘာလဲ''

''ရင်ငြိမ်းနဲ့ သူရ အကြောင်းလေ…''

''ဟင့်အင်း…ဘာဖြစ်လို့လဲ''

ဆုမွန်က ရှေ့ကို အသာကိုင်းပြီး ပြောနေရသလို ဝေဠုကလည်း သူ့နောက်ကလူနှင့် ကျောချင်း မပူးမိအောင် ရှောင်ရင်း ကိုယ်ကို ကိုင်းထားရ၏။ ဆိုင်က ဆူညံနေတော့ အားလုံး ကိုယ့်လူကိုယ် ကိုင်းပြီး စကားပြောနေကြရ၏။

ကိုယ့်နောက်ကလူနှင့် ၃၄ လို ဖြစ်နေရပြီး ကိုယ်ရှေ့မှ လူကျတော့ ၄၃ လုပ်နေရသည်။

"သူတို့အိမ်က သိသွားပြီလေ...၊ တစ်ခုတော့ ကောင်းသွားတယ် သိလား...၊ သူတို့မိဘတွေက မကန့်ကွက်ကြဘူး"

"အမိုက်မ"

ဝေဠုထံမှ ထွက်လာသော မထင်မှတ်သည့်စကားကြောင့် ဆုမွန် ကြောင်သွား၏။ ဝေဠုက ရှုံ့မဲ့လျက် ဆက်ပြောပြန်သည်။

"တော်တော်မိုက်တယ်၊ ပညာသင်နေသေးတဲ့ အချိန်မှာ ရည်းစားထားရတယ်လို့...မိဘမျက်နှာကိုမှ မထောက်...လိမ္မာတယ် လိမ္မာတယ်နဲ့ ပန်းကန်ပြားကို ကားလုပ်စီးပြီး ထွက်သွားတယ်"

"ဟဲ့...ဝေဠု"

ဝေဠု ဆုမွန်ကို မချိမဆန့်ဟန်ဖြင့် ရယ်ပြ၏။ ပြီး...

"သြော်...အဲလို မဆူတာ တော်သေးတာပေါ့လို့ ပြောမလို့ပါ၊ ဆုမွန်..."

"ဘာလဲ"

ဝေဠုက ကိုယ်ကိုကိုင်း၍ ခေါ်လိုက်ရာ ဆုမွန်က ခုံကို ရှေ့တိုးကာ နားထောင်လိုက်၏။

"အနောက်ကလူကြီး..."

မျက်ရိပ်နှင့်ရော လက်ဟန်နှင့်ကော မသိမသာ ပြ၏။

"အင်း...ကြပ်လို့လား"

"မဟုတ်ဘူး...သူ သိပ်ဒေါသထွက်နေတယ်"

"ဟုတ်လား..."

"အဲဒီတော့...ကိုယ်လည်း အဲလိုဖြစ်ကုန်ရော..."

"ဟင်...ဟာ...ဒုက္ခပါပဲ"

ဆုမွန် ဝေဠုနောက်ကျောက လူကို သေသေချာချာကြည့်ပြီး မျက်လုံးပြူးသွားရ၏။

"ဘာ...ဘာဖြစ်လို့လဲ ဆုမွန်"

ဝေဠုက ခပ်တိုးတိုး ပြန်မေးသည်။

"ဟိုလေ...နောက်က...အဲ...အဲဒီနောက်က လူကြီးက ဆုမွန် ဘကြီး"





"ဟိုက်"

ဂျပန်လို ထူးလိုက်ခြင်း မဟုတ်ပါ။ အာမေဋိတ်တစ်ခု ဝေဠုထံမှ လွင့်စင်ကျသွားခြင်းဖြစ်၏။ တစ်ဆက်တည်းမှာ ဆုမွန်ဘကြီး၏ ခံစားချက်က သူ့ဆီ ကူးလျှောက်သည်။ ဆုမွန်ကို နားဘန်ကျင်းချင်လာခြင်းဖြစ်၏။

ဆုမွန်ကို ကပ်မေးရ၏။

"ဘယ်လိုလုပ်ကြမလဲ...ကျုပ်ဗျာ ဒေါသထွက်လိုက်တာ...ကောင်းကောင်းဆုံးမထားပါလျက်နဲ့..."

မဆိုင်တာတွေပါ ကပ်ပါလာ၏။ နောက်က ဘကြီး၏အာ့စွမ်းက ကြီးလှသည်။

"ဒီတိုင်း ထငွေရှင်းပြီးထွက်ရင် သူ မြင်သွားဦးမယ်၊ ထွက်ပြေးတယ်ထင်ပြီး ထဆွဲနေဦးမယ်"

"ဒီတော့..."

"ဆုမွန် မသိမသာထပြီး ထွက်သွားမယ်...ဝေဠုက ပိုက်ဆံရှင်းပြီး လိုက်ခဲ့နော်...ဟုတ်လား"

"ဟုတ်ပြီ...တောက်"

"အရေးထဲ"

စိတ်ညစ်ရသည့်ကြားထဲ...ရယ်ချင်လာ၍ မျက်စောင်းထိုးပစ်ခဲ့ပြီး လစ်ထွက်လာလိုက်သည်။

ခဏနေတော့ ဝေဠု ငွေရှင်းပြီး ထွက်လာတာကို ခပ်လှမ်းလှမ်းမှ မြင်ရ၏။

"ဟင်"

ဝေဠုနှင့် မလှမ်းမကမ်းမှာပင် ရှူးရှူးရှားရှားနဲ့ ဟိုကြည့်သည်ကြည့်လုပ်ကာ သူမတို့ကို ရှာနေပုံရသော ဘဘကြီးကို တွေ့လိုက်ရ၏။ ထို့ကြောင့် ဝေဠု အနားရောက်လာတော့...

"လာလာ ဝေဠု...လစ်ရအောင်"

"ဟာ...ဆုမွန် ဘယ်လဲ...၊ ကားက ဟိုဘက်မှာ..."

"ကားဆီ နောက်မှပြန်လာ...ဟိုမှာ ဘကြီးတော် လိုက်လာ

ပြီ၊ လစ်ရအောင်...''

မလစ်၍လည်း မဖြစ်၊ ဝေဠု၏ဘဝမှာ အဖိုးကြီး အဖွားကြီးများနှင့် တစ်ခါမှ ရန်မဖြစ်ဘူးချေ။ ရှုံးတော့လည်း မကောင်း၊ နိုင်တော့လည်း မကောင်း။

ကားများ၊ လူများကို အကာအကွယ်လုပ်ကာ ဝေဠုတို့ ခပ်သွက်သွက် လျှောက်ရသည်။ ဒီဘက်ထိပ်ရောက်ရင် နှစ်လမ်းကျော်ပြီး ပြန်ပတ်ရမည်ဟုလည်း စိတ်ကူးထား၏။

သို့သော်...ထိုစိတ်ကူးက ဖြစ်မလာ။ နောက်က ဘကြီးကို ရှောင်ရင်း တိမ်းရင်း ဘယ်ရောက်ကုန်မှန်းပင် မသိတော့။ တစ်နေရာ ရောက်မှ လှည့်ကြည့်လိုက်တော့ ဘဘကြီး ပါမလာတော့...။

''ဟူး''

ခြေပစ်လက်ပစ်နှင့် အိမ်တစ်အိမ်၏ လှေကားထစ်များတွင် ဝင်ထိုင်လိုက်သည်။ အိမ်က သော့ခတ်ထား၍ ပိုကောင်းသွား၏။ မဟုတ်လျှင် အားနာနေရဦးမည်။

''ဘယ်လိုလုပ်ရမလဲတောင် မသိဘူး ဝေဠုရယ်...''

ဆုမွန်က ခပ်ညည်းညည်း ပြော၏။

''ဘယ်လိုလုပ်ချင်လဲ''

''မသိပါဘူးကွာ...ဘဘကြီးက ဆုမွန်တို့ လမ်းထိပ်တင်နေတာ...အိမ်ကို နေ့တိုင်း လာနေကျ၊ အိမ်ကို လာတိုင်ရင် ဒုက္ခပဲ''

''ဘာလို့ ဒုက္ခရမှာလဲကွာ...ကိုယ်တို့လည်း ကလေးမှ မဟုတ်တော့တာ၊ အမှန်အတိုင်း ပြောလိုက်ပေါ့''

ဆုမွန် ခေါင်းခါပြလိုက်သည်။

''မဖြစ်ဘူး...အားလုံးက ဆုမွန်ကို လိမ်မှာတယ်၊ စာပဲ ကြိုးစားတယ်၊ ရည်းစားတောင် မရှိဘူး ဆိုပြီး...ဝိုင်း ချီးမွမ်းထားတာ''

ဝေဠုက ရယ်သဖြင့် မျက်စောင်းထိုးလိုက်မိ၏။ ရင်မောနေမိသည်။ သူမတို့က ဗွက်ထဲမှာ လျှောက်လာကြခြင်း မဟုတ်၍ ဘဘကြီးက ခြေရာခံပြီး လိုက်လာနိုင်မည် မထင်။

''ကဲကဲ...ဒါဆိုလည်း သူငယ်ချင်းလို့ပဲ ပြောင် ညာလိုက်





တော့''

''ဝေဠုနော်...ဘယ်လိုရမှာလဲ၊ သူငယ်ချင်းမဟုတ်တာ အသိသာကြီးကို...ဘယ်လိုပြောလို့ ယုံကြမှာလဲ''

''ဟားဟား...ဟုတ်လား၊ ပြောပါဦး...သူငယ်ချင်းမဟုတ်တာ ဘယ်လိုသိသာတာလဲ''

''ဝေဠုနော်...အစုတ်ပလုတ်''

ထိုစဉ်...သူတို့ရှေ့သို့ လူတစ်ယောက် လာရပ်၏။ လန့်ဖျပ်ပြီး မော့ကြည့်မိတော့...

''ဟာ...အောင်မင်း''

''အောင်မယ်လေးကွာ...လိုက်လိုက်ရတာ၊ ဘာလဲ...သရဲဘီလူး တွေ့တယ်များ မှတ်နေလို့လား...''

အောင်မင်းစကားကြောင့် သူတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။ ပြီးမှ...အောင်မင်းမျက်နှာကို ပြန်ကြည့်ဖြစ်ကြသည်။ သို့သော်လည်း မျက်ဝန်းထဲမှာ ဘဘကြီးကိုသာ မြင်နေမိကြသည်။

''မင်း...ဘယ်က လိုက်လာတာလဲ''

''လက်ဖက်ရည်ဆိုင်မှာတည်းက တွေ့တာ၊ မင်းတို့ဆီ လာမလို့...ဘော်ဒါတွေနဲ့ စကားစ ဖြတ်နေရတာနဲ့...၊ ထလည်း လာရော မင်းက လစ်ရော...၊ အဲဒါနဲ့ မင်းတို့နောက် လိုက်မယ်လုပ်တော့ လူကြီးတစ်ယောက်လည်း ရှူးရှူးရှားရှားနဲ့ မင်းတို့နောက် လိုက်သွားတာ တွေ့ရတယ်၊ မင်းတို့ ဟိုကွေ့ သည်ပတ်နဲ့...၊ ငါလည်း ခု မင်းတို့ကို တွေ့ရော... ဟိုလူကြီးကို မတွေ့တော့ဘူး''

အောင်မင်းက အရေးထဲ စီကာပတ်ကုံး လာပြောနေ၏။ ကြာလျှင် ကာရံတွေ နဘေတွေပင် ပါလာနိုင်သေးသည်။ သူ မရေးခင်ကတည်းက သူ့ကဗျာကို ကြိုပယ်ရမည်။

''အေး...အဲဒါ ဆုမွန်ရဲ့ ဘကြီးပဲ...၊ နေပါဦး မင်းကရော ငါ့နောက်ကို ဘာကိစ္စ အပင်ပန်းခံပြီး လိုက်လာရတာလဲ''

''အောင်မာ...ခုမှ ကျေးဇူးကန်းတယ်၊ မင်းတို့နှစ်ယောက်

အဆင်ပြေသွားတာ ငါ့ရဲ့ ရှားပါးတဲ့ အဖိုးတန်ကဗျာတွေကြောင့် မဟုတ်လား…ဒါကြောင့် မင်းတို့ ငါ့ကို လက်ဖက်ရည် တိုက်ရဦးမယ်လေ”

“ဒါများကွာ…အပင်ပန်းခံလို့ သူငယ်ချင်းရာ…မင်းကို လက်ဖက်ရည်မကဘူး စားချင်တာ ကျွေးဦးမှာ”

“အိုကေ”

“မအိုကေနဲ့ဦး…ခု ကျွေးမှာ မဟုတ်ဘူး၊ ဒီမှာ ပြဿနာတက်နေတာ မင်းလည်း မြင်သားနဲ့”

ထိုအခါမှ အောင်မင်းလည်း သူတို့နှင့်အတူ ရောကာ ခေါင်းကုတ် ခြေကုတ် ဖြစ်ရတော့၏။

“ဒုက္ခပဲ ဝေဠုရယ်…ခုလောက်ဆို အိမ်ကို ဖုန်းဆက်ပြီး နေလောက်ပြီ ထင်တယ်…ဘယ်လိုလုပ်ရမလဲ…သူတို့က အနံ့ခံကောင်းတယ်…ဒီနေ့ တစ်နေရာရာမှာတော့ မိမှာပဲ”

ဆုမွန်က ဝေဠုကို ခပ်တိုးတိုးပြော၏။

သို့သော်…ဘေးမှာရှိနေသော အောင်မင်းလည်း ကြားသည်။ ထို့ကြောင့် အောင်မင်းက…

“ဒီမှာ ဝေဠု”

“ပြော…”

“ငါ…အကြံတစ်ခုရတယ်”

“အေး…ကျေးဇူးရှင်ရယ် ကျေးဇူးတွေကို ပေါင်းစပ်ပါ့မယ်၊ လောလောဆယ်တော့ ကြွေးမှတ်ထားဦး…လုပ်ပါဦး မင်းအကြံ”

“ဒီလိုလေ…အကောင်းဆုံးက ဒီလူကြီး မင်းတို့ဆီ တစ်ချိန်ချိန် ရောက်လာမှာဆိုတော့…အကောင်းဆုံး ရင်ဆိုင်တွေ့ဖို့ လိုတယ်”

အကောင်းဆုံးတွေချည်း ထပ်နေသော အောင်မင်းကို ဆုမွန် မသင်္ကာသလို ကြည့်လိုက်မိသည်။ သို့သော်…ကိုယ့်ကျေးဇူးရှင် ဖြစ်ရင်ဖြစ်လာနိုင်တာမို့ ဒီဂရိတော့ နည်းနည်းလျှော့ထားလိုက်သည်။ ဟုတ်ရင်တော့ ဟုတ်ပေါ့…ဟုလည်း တေးထားလိုက်၏။

လက်ဖက်ရည်ဆိုင်နားမှာ ရပ်စောင့်နေမည့် ကားသမားက သူတို့ကို ဘယ်လိုမြင်မလဲ မသိ။ ရှိပါတော့မလား…ထွက်များ သွား





ပြီလား…။ တွေးရင်း တွေးရင်း ကိုယ့်ဘာသာ သိက္ခာ အတော်ကျလာသည်။ အောင်မင်းကိုပဲ…

“ကဲပါ…ကြော်ငြာက နောက်မှဝင်ပါ၊ ပြောစရာရှိတာ အရင်ပြော…”

“ဒီလိုလေ…အတွဲတွေ၊ သမီးရည်းစားတွေဆိုတာက များသောအားဖြင့် ပန်းခြံတွေ၊ တိရစ္ဆာန်ရုံနဲ့ ရုပ်ရှင်ရုံတွေ၊ ဈေးတွေ၊ စတိုးတွေကိုပဲ အသွားများတတ်တယ်”

“အေးလေ…ဒါပဲသွားစရာရှိတဲ့ဟာ…မင်းကလည်း…”

“နေဦးလေ…ဆုံးအောင်နားထောင်ဦး…ဒီတော့…မင်းတို့က သူတို့ မထင်မှတ်ထားတဲ့နေရာကို သွားလိုက်…”

“ဘယ်ကိုလဲကွ”

“ဒီနေ့ ဥပုသ်နေ့လေ…ဘုရားမှာဖြစ်ဖြစ်၊ ဘုန်းကြီးကျောင်းတန်ဆောင်းမှာဖြစ်ဖြစ် သွားပြီး ဥပုသ်စောင့်လိုက်ကြ…တစ်နေရာရာဝင်ပြီး ယောဂီတဘက်လေး ဘာလေးလည်း ဝယ်လိုက်၊ ပုတီးတစ်ကုံးစီလည်း ဝယ်လိုက်”

“အိုကေ…ကျေးဇူးပဲ အောင်မင်းရာ…မင်းကိုတော့ တကယ်ကျေးဇူးဆပ်ရမယ်၊ လာ…သွားစို့”

“ဘယ်လဲ ဝေဠု”

“ယောဂီတဘက် အရင်သွားဝယ်မယ်လေ…ပြီးရင် မနက်စာအတွက် တစ်ခုခုရယ်…အဲဒီက ဥပုသ်သည်တွေအတွက် တစ်ခုခုရယ် ဝယ်သွားရမယ်”

ဝေဠု ဖြေလိုက်ခြင်း မဟုတ်ပါ။ အောင်မင်းက ဖြေလိုက်ခြင်းဖြစ်၏။ သို့သော်…ဆုမွန် လက်ခံလိုက်ပါသည်။ ဒီ့ထက်ကောင်းတဲ့ အကြံဉာဏ်မှ မရှိတော့တာ…။ ဝေဠုက အောင်မင်းကို ပြုံးပြုံးကြီး ကြည့်ကာ…

“မင်းက ကဗျာရေးတဲ့ အချိန်မှာ အတော်ဦးနှောက်ကောင်းတာပဲ”

သူတို့ ကားဆီ ပြန်မသွားသေး။ တခြား ကားတစ်စီးဖြင့်

အောင်မင်း ခေါင်းဆောင်ကာ ပစ္စည်းပစ္စယများ လိုက်ဝယ်၏။

ပြီးမှာ…ထိုကားနှင့် သူတို့အငှားကား ရပ်ထားရာ လက်ဖက်ရည်ဆိုင်ရှေ့သို့ ပြန်ခဲ့ရသည်။ အောင်မင်းကတော့ အဲဒီမှာတင် နေခဲ့သည်။

“အဆင်ပြေပါစေကွာ…”

“ပြေမှာပါ…”

အောင်မင်းနှင့်ဆုမွန်ပင် မိတ်ဆက်မပေးလိုက်ရတာ…ထိုအခါကျမှ သတိရသည်။ ရှိစေတော့ နောက်မှပဲ…။

ဘုရားပေါ်ရောက်တော့ တန်ဆောင်းတစ်ခုတွင် ဝင်ကာ သီလယူကြသည်။ အားလုံးကလည်း ထူးထူးဆန်းဆန်း ရောက်လာသော လူငယ်နှစ်ယောက် လိုက်လိုက်လှဲလှဲ ကြိုဆိုကြ၏။

သီလယူ၊ စားသောက်ပြီး…တရားနာကြ၏။ တရားဆွေးနွေးကြချိန်တွင်…တစ်ဝိုင်းစီ နေရာကွဲသွားကြ၏။ အမျိုးသားများက တစ်ဝိုင်း၊ အမျိုးသမီးများက တစ်ဝိုင်း…။ ဝေဠုက အမျိုးသားဝိုင်းတွင် ဝင်ထိုင်လိုက်ရပြီး ဆုမွန်က တခြားဝိုင်းသို့ ရောက်သွား၏။

လူကြီးတွေ ကြားထဲမှာ ဝင်သာထိုင်နေရသည်၊ ဝေဠု မနေတတ်လှ။ တရားအကြောင်းလည်း သိပ်မပြောကြဘဲ ကားစပယ်ယာများအကြောင်း ၊ တယ်လီဖုန်းများ ပျက်သည့်အကြောင်း စသည်တို့ကို ပြောနေကြသည်။

ဝေဠု၏ နံဘေးကပ်လျက်တွင် ထိုင်နေသော လူဝကြီးက အင်မတန် အရယ်သန်သည်။ စကားလည်း အလွန်ပြောသည်။ အရယ်နှင့်စပြီး အရယ်နှင့်ဆုံးသည်။ အသံကြီးကလည်း တဝုန်းဝုန်းနှင့် ဖြစ်သည်။

“ဟား…ဟား…ဟား…ကြက်ဖတွေကတော့ မိုးလင်းမိုးချုပ် တွန်နေမှာပေါ့ဗျာ။ သူတို့တဝက ဘယ်လောက်ကောင်းသလဲ၊ မိန်းမတွေသာ အများကြီး ယူထားတာ၊ ယောက်္ခမက တစ်ယောက်မှမှ မရှိဘဲကိုး…ဟား…ဟား…ဟား…”

“အဲဒီလောက်ကြီး ကျတော့လည်း ဘယ်ကောင်းမလဲဗျ၊





သင်္ချိုင်းကုန်းရောက်ရင် တောင်းတစရာမရှိ ဖြစ်နေမယ်”

“ဟား…ဟား…ဟား…သင်္ချိုင်းကုန်းဆိုမှ သတိရတယ်။ အဲဒါကလည်း အလွန်ထူးဆန်းတဲ့ နေရာဗျ…နော်။ အပြင်က လူတွေကလည်း မဝင်ချင်ဘူး၊ အထဲက လူတွေကလည်း ပြန်ထွက်ချင်တယ်…ဟား…ဟား…ဟား…”

“ဟား…ဟား…ဟား…လောကကြီးမှာ အဲ့ဒီလို ကိုရို့ကားယားတွေကတော့ ရှိတာပေါ့ အန်ကယ်လ်ရာ…၊ ဟား ဟား…ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဆိုရင် ငါးရာ့ငါးဆယ် နိပါတ်တော်ကို အပြန်ပြန် အလှန်လှန်ဖတ်ပြီး တိရစ္ဆာန်တွေကို မထိရဲ မတို့ရဲတော့ဘူး။ အဲဒီ တိရစ္ဆာန်တွေထဲမှာ ဘုရားလောင်းပါလာမှာ စိုးလို့တဲ့…ဟား…ဟား…ဟား…”

ထိုစကားကို ဝင်ပြောသူက ဝေဠုဖြစ်သည်။ လူဝကြီးကဲ့သို့ တဟားဟားရယ်ပြီး ပြောသဖြင့် အားလုံးက သူ့ကို ဝိုင်းကြည့်ကြသည်။ လူဝကြီးက မသိချင်ယောင်ဆောင်ပြီး…

“ဟား…ဟား…ဟား…အဲဒီလိုကိစ္စမျိုး ရှိသလား…ဟား”

“ဟား…ဟား…ဟား…ရှိတယ်၊ ဟားဟားဟား”

လူဝကြီး ဆက်မရယ်ခင် ဝေဠုက ဆက်ရယ်ခြင်းဖြစ်၏။ နောက်…တောက်လျှောက်လည်း ထိုသို့ပင် ဖြစ်နေသည်။

ဟိုက ရယ်မည်ပြင်လိုက်တိုင်း တဟားဟား ထရယ်နေသော ဝေဠုကို ဆုမွန်က ကပျာကယာထကာ အမျိုးသမီးဝိုင်းဘက် ခေါ်လာရ၏။ အူကြောင်ကြောင်ဖြစ်နေသော…ဝိုင်းမှ လူများကိုလည်း ဆုမွန်က မျက်နှာချိုသွေးခဲ့ရသေးသည်။

ဒီဘက်ဝိုင်း ရောက်ပြန်တော့လည်း ဝိုင်းထဲဝင်ထိုင်လို့ မကောင်းသဖြင့် ခပ်လှမ်းလှမ်းမှာပဲ နှစ်ယောက်သား ထိုင်လိုက်ကြသည်။ သူတို့ထိုင်ပြီး မကြာခင်မှာပဲ…အမျိုးသမီးကြီးနှစ်ယောက်က ဘေးလာထိုင်ပြီး တွတ်ထိုးနေကြ၏။

မကြာပါ…။ ဝေဠု ဇာတိပြတော့၏။

“ဆုမွန်…”

"ကိုယ်တို့လမ်းထိပ်က အသုပ်သည်မလေ...သိလား..."

"ဟင့်အင်း...မသိဘူး"

"အင်း...အသုပ်ရောင်းနေလို့သာပဲ၊ ရွှေရောင်းတာများဆို ဘယ့်နှယ့်နေမလဲ မသိဘူး..."

"ဝေဠုနဲ့ ရန်ဖြစ်လို့လားဟင်..."

"မဖြစ်ပါဘူး ဆုမွန်ရာ...ကိုယ်က ရန်မှ မဖြစ်တတ်တာ၊ မျက်စောင်းထိုးအိမ်က မိန်းမသာ ကိုယ့်ကို လိုက်ရန်လိုနေတာ...၊ လူကဖြင့် အထည်ကြီးပျက်၊ ယောက်ျားက...ကားငှားပြီး ရောင်းစားနေရတာကိုများ..."

"ဝေဠုကို ရန်လိုနေတယ်...ဟုတ်လား...၊ ဘာလို့လဲဟင်"

"မသိပါဘူး...လူတွေ တရားမရှိပုံ ပြောပါတယ်...ဟန်ဆောင်တာတွေ...ဟန်ဆောင်တာတွေ၊ မာယာတွေ၊ ညာနေကြတာ...တရားကို မရှိဘူး"

စောစောက ဘေးမှာ ထိုင်တွတ်ထိုးနေသော မိန်းမကြီးနှစ်ယောက်၏ မျက်လုံးပြူးကြီးများက သူတို့ဆီ ရွေ့လာသည်။ ဒီတော့မှ ဆုမွန် လန့်ဖျပ်ကာ ဝေဠုကို ဆွဲခေါ်ရတော့၏။

"ဝေဠု...လာ...ထထ...၊ ဘုရားကို တစ်ပတ်,ပတ်ရအောင်"

အပြင်ရောက်တော့မှ ဆုမွန် သက်ပြင်းချကာ...

"ဉပုသ်ယူထားတယ်ဆိုပြီး တရားမှတ်နေမိတော့ သတိလက်လွတ်ဖြစ်သွားတယ်...နှစ်ဝိုင်းလုံးနဲ့လည်း လုမ်းနေတော့ သူတို့လာထိုင်တာကို အမှတ်တမဲ့ ဖြစ်သွားတယ်၊ ဝေဠုရဲ့ ရောဂါကတော့ စံပဲကွာ"

ဝေဠုကတော့ ဘာမှမပြော...။ ကြုံခဲ့ရတာ များပြီမို့ ထူးပြီးတော့လည်း စိတ်မညစ်ချင်တော့။ လက်အုပ်ကို အသာချီ၊ ဘုရားကို အာရုံပြုပြီး စေတီတော်ကြီးကို လှမ်းမျှော်နေလိုက်၏။ နှုတ်မှလည်း...

"ခုနက အတင်းအဖျင်းတွေကို ကျွန်တော်မျိုးပြောတာ မဟုတ်ပါဘူး...ဘုရား၊ ဘေးက မိန်းမကြီးနှစ်ယောက် ပြောတာပါ...ဘုရား၊ အဲ့ဒီ အသုပ်သည်တွေ၊ အဲ့ဒီ အထည်ကြီးပျက်တွေကိုလည်း ကျွန်တော် မသိပါဘူး...ဘုရား"





ဆုမွန် ရယ်ရသေးတော့၏။

ယောဂီတဘက်လေးတွေကိုယ်စီနှင့် လျှောက်လာသော ဝေဠုနှင့်ဆုမွန်တို့ ရှေ့သို့ လူသုံးယောက် ရောက်လာ၏။

"ဟင်..."

"ဟင်..."

နှစ်ဘက်လုံး တအံ့တသြ ဖြစ်သွားရသည်။ ဆုမွန်၏ ဘကြီးနှင့် ဆုမွန်အစ်မနှစ်ယောက် ဖြစ်၏။ သူတို့လည်း ဆုမွန်နှင့်ဝေဠုကို သေသေဝပ်ဝပ် ရိုရိုကျိုးကျိုးနှင့် ဘာသာရေးကိုင်းရှိုင်းနေကြတာ တွေ့တော့ အမ်းသွားကြ၏။ ဘာပြောရမှန်းမသိ ဖြစ်သွားပုံလည်း ရသည်။ သူတို့တောင် ဉပုသ်မစောင့်နိုင်ဘဲကိုး...။

"ဟင်း..."

ဘဘကြီးက စိတ်ကို ချုပ်တည်းလိုက်ရပုံနှင့် ဆတ်ခနဲ လှည့်ထွက်သွားတော့...အစ်မနှစ်ယောက်လည်း လှည့်ကြည့် လှည့်ကြည့်နှင့် လိုက်ပါသွားရ၏။

"ဝေဠု..."

"အင်း...ပြော...ဆုမွန်"

"ဘကြီး ဘာဖြစ်သွားလဲ၊ ဝေဠု သိတယ်မဟုတ်လား၊ ဝေဠု ခံစားရတယ်မို့လား"

"အင်း...သိတယ်၊ ဟင်း...နေနှင့်ဦးပေါ့ကွာလို့ စိတ်ထဲက ကြိမ်းသွားတယ်၊ ဒေါသတော့ သိပ်မဖြစ်ဘူး၊ တွေ့တွေ့ချင်းတော့ သူ တော်တော့်ကို အူကြောင်ကြောင်ဖြစ်သွားတယ်"

ဆုမွန် သက်ပြင်းကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်၏။

"ဟူး...ဒါဆို မဆိုးဘူး။ ဖြေရှင်းလို့ ရလောက်တယ်၊ ကျေးဇူးပဲ ကိုအောင်မင်းရေ..."

"ဆုမွန် ဘကြီးရဲ့ ခံစားချက်ကို ကိုယ် အတော်အီဆိမ့်ပြီး ခံလိုက်ရတယ်ကွာ၊ ကိုယ့်ကိုယ်ကို ဆွဲထိုးချင်တာ အရမ်းပဲ။ ဘကြီးက ကိုယ့်ကို ဆွဲထိုးချင်နေပုံ ရတယ်၊ အဟီး..."

✿✿✿

(၁၁)

တောင်ငူဆောင်ကင်တင်းမှာ ဝေဠု ထထွက်လာတော့ ဆယ့်တစ်နာရီ ထိုးနေပြီ။ အတန်းမှာလည်း ဆုမွန်ကို တက်ရှာခဲ့သေး၏။ မရှိ။ ဒီနေ့နဲ့ဆို ဆုမွန် ကျောင်းမတက်တာ (၂)ရက်ရှိပြီ။ ဝေဠု စိတ်ထဲမှာလည်း အတော့်ကို ပူနေမိသည်။ ဘာဖြစ်လို့လဲ…။ ဘာကြောင့်လဲ…။ အဆူများ ခံနေရလို့လား…။ ရုပ်ရှင်တွေထဲကလို ''အိမ်ထဲက အိမ်ပြင် မထွက်ရ''လို့များ ချုပ်ချယ်ခံနေရသလား…စသဖြင့် လားပေါင်းများစွာ တွေးနေမိသည်။

''ဘယ်က ပြန်လာတာလဲ''

''ဟာ…ကွ၊ အဲ…စိုးမိုး''

''ဟာကွာ…မင်းကလည်း ငါ့နာမည် ကျော်စိုးမိုးပါ၊ မမကေသီရဲ့ ကျော်စိုးမိုးလေကွာ၊ ဟဲဟဲ…ဒါနဲ့ ဘယ်က ပြန်လာတာတုန်း''

''တောင်ငူဘက်က''

''သြော်…ကြုံတုန်း ပြောရဦးမယ်''

''အေး…မင်းရဲ့ ရိုးလက်စ်နာရီအကြောင်းရယ်…၊ မနေ့ကမှ





ကျောင်းကို စီးလာတဲ့ Harley Davidision ကြီးအကြောင်းရယ်…၊ ဒါတွေ မဟုတ်လား၊ ပြောပြီးပြီလို့ သဘောထားလိုက်ကွာ၊ ဟုတ်ပြီ လား…၊ ငါ အခု စိတ်ညစ်နေတယ်၊ ဒါက နံပါတ်တစ်အချက်၊ နောက်…ထိန်လင်းတို့ကို ရှာနေတယ်၊ ဒါက နံပါတ်နှစ်အချက်''

ဝေဠုစကားကြောင့် စိုးမိုးမျက်နှာ ရှုံ့မဲ့သွား၏။ ပြီးမှ မပြောချင်ပြောချင်နှင့်…

''ထိန်လင်းတို့ကို ငါ တွေ့ခဲ့တယ်''

''ဆိုင်းရင့်စ်ကင်တင်းမှာ မဟုတ်လား၊ ကျေးဇူးပဲ သွားပြီ''

စိုးမိုး ပွစိပွစိလုပ်ကာ ကျန်ခဲ့တော့၏။ အင်းဝရှေ့ရောက်တော့ ထိန်လင်းက လက်ခုပ်တီးကာ လှမ်းခေါ်၏။ ခါတိုင်းနေရာမှာ မဟုတ်။

''မျက်နှာက မသာမယာနဲ့ ရာသီဥတုမကောင်းပုံထောက်တော့ ဒီနေ့လည်း ဆုမွန် ကျောင်းမတက်ဘူး ထင်တယ်၊ ဟုတ်လား''

''ဟုတ်တယ်ကွာ…''

ထိန်လင်း၏ အမေးကို စိတ်မသက်မသာနှင့် အဖြေပေးလိုက်၏။ ရင်ငြိမ်းက…

''ငါတော့ စိတ်တောင်ပူလာပြီ''

''နင်ပူစရာ ကျန်သေးလို့လား ရင်ငြိမ်းရာ…၊ ဟိုမှာ ဝေဠုက ရှိသမျှ သိမ်းကျုံးပူနေတဲ့ဟာ''

ဘယ်သူမှ မရယ်ဖြစ်ကြ။

''ဘယ်လိုလုပ်ရင်ကောင်းမလဲ မသိဘူး''

''အေးလေ…ဘယ်လိုလုပ်ရင် ကောင်းမလဲမသိဘူး၊ ကျောင်းမှားတက်နေတာတော့ မဟုတ်လောက်ဘူး''

''အရေးထဲ ဝေဠုရယ်…နင်က တစ်မျိုး''

''ဒီလိုလုပ်ရင် ကောင်းမလား''

ဝေဠု စိတ်ညစ်ညစ်နှင့်ပင် တစ်ခုခု စဉ်းစားမိ၏။ အင်း… စဉ်းစားမိသည်ဆိုသည်ထက် မြင်ယောင်မိ၏ဆိုက ပိုမှန်မည်။ မြန်မာကားတွေကို အိမ်က ဒေါ်လေးက ကြည့်နေကျ မဟုတ်လား။ သူနှင့်ဆုမွန်

တို့ ပန်းခြံထဲမှာ လျှောက်ပြေးပြီး သီချင်းဆိုတာမျိုး မလုပ်မိပေမဲ့...

"ဘယ်လိုလဲ"

သူရက မေး၏။

"ဒီလိုလေ...ရုပ်ရှင်တွေထဲကလိုပေါ့၊ ဆုမွန်ဆီကို သူငယ်ချင်းတွေ သွားလည်ကြပြီး နေမကောင်းဘူးလား...ဘာလား...စာနောက်ကျနေမှာစိုးလို့ စာကူးပေးရမလား...စသဖြင့် သွားမေးရင် သတင်းလေး ဘာလေး သိရမှာပေါ့"

နှင်းမာနှင့် ရင်ငြိမ်းက မျက်လုံးပြူးကြည့်၏။ မသိသလို ဆက်ပြောလိုက်သည်။

"အဲဒီကမှ သူက စာပေးရင် ယူခဲ့၊ သူက ချိန်းရင် မှတ်ခဲ့၊ ခိုးဆို ခိုးကြမယ်"

"ဟား ဟား ဟား"

အားလုံးက ဝိုင်းရယ်ကြ၏။ ရင်ငြိမ်းက...

"ဝေဠုရယ်...နင် ဦးနှောက်များ တစ်ခုခုထိသွားပြီလား၊ ဒီလို အကြံတွေ ကြံရအောင်"

"အေးလေ...စဉ်းပဲ စဉ်းစားကြည့်ဦး၊ သွားရင် ငါတို့က သွားရမှာ၊ ငါနဲ့ ယဉ်မင်းက သချာင်္က၊ ရင်ငြိမ်းက ဖီဆစ်က၊ ဆုမွန်က မြန်မာစာက၊ ဘာဆိုင်လို့လဲ"

နှင်းမာကပါ ရင်ငြိမ်းကို ထောက်ခံ၏။ ပြီး... ထိန်လင်းက ဆက်ပြော၏။

"မတော်လို့ ဟိုက တွေ့ခွင့်မပေးနိုင်ပါဘူး၊ အိမ်ထဲမဝင်ရဆိုရင် ဘယ်လိုလုပ်မလဲ"

"ဒါလည်း ဟုတ်တာပဲ၊ တော်ပါတော့ ဝေဠုရာ...၊ ငါတို့က လည်း ဗမာကားတွေ သိပ်မကြည့်ဖြစ်တော့ အမူအရာလည်း ကောင်းမှာ မဟုတ်ဘူး၊ အဲလောက်လည်း ဟန်ဆောင်မကောင်းဘူးဟ"

နှင်းမာစကားကြောင့် အားလုံး ခပ်ဖျော့ဖျော့ ရယ်ဖြစ်ကြသည်။ မြန်မာဗီဒီယိုကားများထဲမှာ ပါနေကျ သတင်းကားလို 'ပြေးပြေးလွှားလွှား သွားသွားလာလာ' လုပ်မှ မတော်လျှင် ကားတိုက်ခံနေရဦးမည်။





အန္တရာယ်ရှိသည်လေ...၊ လော၍မရ။

ရင်ငြိမ်းကတော့...

"တယ်လီဖုန်းလေး ဘာလေး ဆက်ကြည့်ရရင်တော့ မဆိုးဘူး..."

"မခေါ်ပေးရင်ကော"

သူရက ဝင်ထောက်၏။

"အေး...ထားလိုက်ပါဟာ...စောင့်ကြည့်ကြတာပေါ့၊ သိပ်ကြာလာရင်တော့ တစ်မျိုးကြံကြတာပေါ့၊ မရရင် နှစ်မျိုး သုံးမျိုး ထပ်ကြံကြတာပေါ့"

ရင်ငြိမ်း၏စကားကြောင့် ဝေဠုက ရင်ငြိမ်းကို မျက်ထောင့်နီနှင့် ကြည့်၏။

"စောင့်ကြည့်မယ်...ဟုတ်လား...ဘယ်လောက် သိပ်ကြာတဲ့ထိ စောင့်ကြည့်မှာလဲ...နင်တို့က မခံစားရတိုင်း...၊ ငါ့မှာတော့ သူတို့ ခံစားရင် လိုက်ခံစားရတယ်...ငါ ခံစားရတော့ ဘယ်သူမှ မသိဘူး၊ ဘယ်သူမှ မျှမခံစားဘူး"

ဒေါသထွက်ထွက်နှင့် ပြောပြီး သူ့ဘေးတွင် ထိုင်နေသည့် နှင်းမာကို လှည့်ကာ...

"ရား...ရော့...ငါ့ခံစားချက်တွေယူ"ဟု ဆိုကာ အတွင်းအားလှိုင်း ထည့်ပေးသလို လုပ်၏။ အားလုံး အူကြောင်ကြောင် ဖြစ်သွားရသည်။

"တရုတ်ကားတွေကြည့်ပြီး သွားရှာပြီ ထင်တယ်..."

"ထားပါ...နင် ဘယ်လိုနေလဲ"

ထိန်လင်းက ရယ်ချင်ပက်ကျိနှင့် ဝင်ပြောတာတောင် ဂရုမစိုက်အား၊ နှင်းမာကို မေးနေ၏။ နှင်းမာက မျက်နှာသေလေးနှင့် ပြန်ပြောသည်။

"ဟင့်အင်း...ဘယ်လိုမှ မနေပါဘူး...ဘာဖြစ်လို့လဲ"

အားလုံး ရယ်မိကြသည်။ မရယ်နိုင်သူက ဝေဠုတစ်ယောက်တည်း...။ နောက်လူတွေကို လိုက်ပြီး 'တဟားဟား'နှင့် ခံစားချက်

လှိုင်းကို ထုတ်လွှတ်ပေးသည်။ အသည်းယားကြတာကလွဲလျှင် သူခံစားချက်ကို မည်သူကမှ မရ။ ဝေဠု စိတ်ညစ်သွားသည်။

ထိန်လင်းက နှင်းမာနှင့် နေရာလဲထိုင်လိုက်ရင်း ဝေဠုပခုံးကို နှစ်သိမ့်သလို ဖေးမထားလိုက်၏။ ပြီး…

"စိတ်ငြိမ်ငြိမ်ထားပါ ဝေဠုရာ…ငါတို့က မင်းလို ကူးစက်ပြီး မခံစားတတ်ပေမဲ့ ဆုမွန်နဲ့ မင်းအတွက်တော့ ငါတို့လည်း ပူတာပါပဲ…၊ ကဲ…ဒီနေ့တော့ မင်းပြန်နားလိုက်တော့၊ မနက်ကျရင် အားလုံး တောင်ငူမှာ ဆုံမယ်၊ နှင်းမာက ယဉ်မင်းတို့ကိုပါ ပြောလိုက်…အဲဒီကျမှ ဆုမွန်မလာရင် တစ်ခုခု စီစဉ်ပါ့မယ်…ဟုတ်လား"

ထိုအခါကျမှ စိတ်က ငြိမ်သက်သွားပြီး ဝိုင်းထဲတွင် သန်းထိုက်နှင့် ယဉ်မင်းမရှိတာ သတိထားလိုက်မိ၏။

"ဟိုနှစ်ကောင် ဘယ်သွားတာလဲ"

"တော်ပါ…ခုမှ သတိရတယ်၊ ငါ့ကို ပြောသွားတာကတော့ ဆေးရုံကို လူမမာ သွားမေးမယ်တဲ့…"

ဝေဠု ထိုအခါကျမှ ရယ်မိတော့သည်။ တွေ့နေကျလူတွေ မရှိတာတောင် သတိမထားမိလောက်အောင် သူ့စိတ်တွေ စိုးရိမ်နေခဲ့သည်ကိုး…။ စိတ်တိုမိတာလည်း ရှိသည်၊ သူများကိုသာ လူမမာ သွားမေးနေသည်၊ ကိုယ့်ကိုကျတော့ လူမမာ လာမမေးဘဲကိုး။

တတ်နိုင်လျှင် AIDS သာ ဖြစ်ပြလိုက်ချင်တော့သည်။

နောက်တစ်နေ့မနက်တွင် တောင်ငူကင်တင်းသို့ ဝေဠု အစောကြီး ရောက်နေ၏။ ခဏအကြာတွင် သူရနှင့် ရင်ငြိမ်း၊ ထိန်လင်းနှင့် နှင်းမာတို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြ၏။

"ဟိုအတွဲကို မနေ့က Massage မရိုက်လိုက်ရဘူး၊ ကျောင်းမှ ပြန်ဝင်မလာကြတာ"

မမေးရခင် နှင်းမာက ရှင်းပြ၏။ ပြီးမှ…

"ဆုမွန်ရော…လာပြီလား"

"မလာသေးလို့ မတွေ့တာပေါ့ဟ"

ဝေဠုက ဘုတောတော့ နှင်းမာက ရယ်သည်။





"ထင်သားပဲ…လူမှုရေးအရ မေးတာ"

လာမည့်ကျောင်းပိတ်ရက်တွင် လုပ်မည့် သူတို့ဌာန၏ **အာစရိ** ယပူဇော်ပွဲနှင့် နှုတ်ဆက်ပွဲအစီအစဉ်များကို ရင်ငြိမ်းက လာပြောပြနေသည်။ စိတ်မသက်မသာနှင့် နားထောင်ရင်း…တောင်ငူဆောင်ဂိတ်မှ ဝင်လာသော ကားအနီရောင်လေးကို ဘာရယ်မဟုတ် ငေးကြည့်နေမိသည်။

"ဟင်…ဆုမွန်…"

ဝေဠု ဆတ်ခနဲ ထိုင်ရာက ထတော့ ထိန်လင်းက လှမ်းဆွဲထား၏။

"ဘယ်မှာလဲ…နေပါဦးဟ"

"ဟိုမှာ…"

ကားလေးက တောင်ငူဆောင် ဆင်ဝင်အောက်တွင် ထိုးရပ်လိုက်ပြီး ဆုမွန်နှင့်အတူ အခြားအမျိုးသမီးကြီးတစ်ဦး ကားပေါ်က ဆင်းလာ၏။ ဆုမွန် အပေါ်တက်သွားတာကို စောင့်ကြည့်ပြီးမှ ထိုအမျိုးသမီးကြီး ကားပေါ်ပြန်တက်ကာ ထွက်သွားတော့သည်။

"ဒါကြောင့်…ငါပြောတာ၊ ခဏစောင့်ကြည့်နေလို့…ခုလည်း မသွားနဲ့ဦး၊ ဆုမွန် မကြာဘူး ဆင်းလာလိမ့်မယ်…မယုံရင် ကြည့်နေ"

ထိန်လင်းပြောသည့်အတိုင်းပင် ခဏနေတော့… ဆုမွန် သုတ်သုတ်သုတ်သုတ်နှင့် ဆင်းလာ၏။ ထိုအခါကျမှ ထိန်လင်းကပင်

"နှင်းမာ…သွားခေါ်လိုက်၊ တော်ကြာ မတွေ့ဘဲ နေဦးမယ်"

နှင်းမာ ထထွက်သွား၏။ ခဏနေတော့ နှစ်ယောက်လုံး ပြန်ရောက်လာသည်။ ဝေဠုအတွက်တော့ ဆုမွန်သည် အမှန်ပင် ဆုမွန်ဖြစ်သည်။ မွန်မြတ်သော…ဆုကလေး…။

"လာ…ထိုင်"

ရင်ငြိမ်းက နေရာပေးသဖြင့် နှင်းမာနှင့်ရင်ငြိမ်းကြားတွင်ပင် ဆုမွန် ဝင်ထိုင်လိုက်သည်။

"ဆုမွန်ရယ်…ကိုယ် ပူလိုက်ရတာ…"

"အေးလေ…ဒီမှာ အားလုံး စိတ်ပူနေတာ"

“ဟုတ်တယ်…ဒီနေ့မှ မရောက်ရင် တစ်ခုခုလုပ်တော့မလို့၊ ဟို…ဗီဒီယိုကားတွေထဲက လိုလေ…”

တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြ၏။

“ကဲ…ထားပါဦး၊ ဘယ်လိုဖြစ်တာလဲ ဆုမွန်…ပြောပါဦး၊ ခုနက လိုက်ပို့တာရော ဘယ်သူလဲ…”

“အဲဒါ…အဒေါ်၊ သူ ရုံးအသွားကို ဝင်ပို့တာ၊ အပြန် သူ ရုံးကပြန်ရင် ဝင်ကြိုလိမ့်မယ်”

“ဒါက ဘယ်လိုဖြစ်ရတာတုန်း”

“ဟိုနေ့က အပြန်မှာလေ…အိမ်ရောက်တော့…”

“ဆူရောလား…”

“ဟင့်အင်း…ဥပုသ်ကြီးနဲ့ဆိုတော့ မဆူနိုင်ဘူးလေ၊ ကိုယ်ကလည်း ပုတီးစိပ်လိုက်၊ ဘုရားရှိခိုးလိုက်၊ တရားမှတ်လိုက် လုပ်နေတာကိုး…”

“အင်း…ဥပုသ် ကယ်ပေလို့…”

“အံမယ်လေး…မကယ်ဘူး၊ ဒီဥပုသ်ကြောင့်ပဲ စစ်လည်းမေးရော…ညာလို့ မရတော့ဘဲ…အားလုံး အမှန်အတိုင်း ပြောလိုက်ရတယ်လေ”

“အဲဒီတော့…”

“ဘာမှတော့ မဆူကြဘူး၊ ကြည့်လည်း မကြည့်ဘူး၊ သူတို့က ဆုမွန်ကို အိမ်မှာ အငယ်ဆုံး၊ အလိမ္မာဆုံးဆိုပြီး ချစ်နေတာ…စိတ်ထဲမှာလည်း ခုထိ သူတို့က ဆုမွန်ကို ကလေးပဲ ထင်တာ…”

“ဟဲဟဲ…ကလေးက တော်တယ်နော်၊ ဥပုသ်လည်း စောင့်တတ်၊ ရည်းစားလည်း ထားတတ်တယ်၊ ဘာတွေလုပ်တတ်ဦးမလဲ မသိဘူး”

တစ်လျှောက်လုံး ဝေငြုနှင့် ဆုမွန် မေးဖြေနေတာကိုပဲ နားထောင်နေကြရာမှ သူရက ဝင်နှောက်ခြင်းဖြစ်သည်။

ဆုမွန် ဘာမှပြန်မပြော၊ မျက်စောင်းသာ လှမ်းထိုး၏။ စကားကို ဆက်ပြောသည်။





“ရည်းစားထားရမယ့်အရွယ် မဟုတ်သေးဘူးတဲ့”

“ဟုတ်လား…သူတို့ပြဌာန်းချက်ထဲမှာ အသက်ဘယ်လောက်မှာ…ရည်းစားထားလို့ ပါသလဲ၊ နှစ် နည်းနည်းထပ်ပေါင်းရင် လင်ယူလို့ ရလောက်ပြီ”

“ဝေငြုနော်…မနှောက်နဲ့”

“အေးပါ…မနှောက်တော့ဘူး အဲဒါဆို ဘာလို့ကျောင်းမလွှတ်တာလဲ…”

“ကျောင်းကလည်း မတက်ရဘူးလို့ တားထားတာ မဟုတ်ဘူး မတက်ဖြစ်အောင် တစ်မျိုးလှည့်ပြီး ခိုင်းထားကြတာ…”

“ဘာဖြစ်လို့လဲ…”

နှင်းမာက ဝင်မေး၏။

“ပြဿနာက ဒီလို…၊ လမ်းထိပ်အိမ်က ကောင်မလေး…ငါတို့နဲ့ တစ်တန်းတည်းပဲ၊ သူက ‘လော’…က၊ အဲလိုပဲ ရည်းစားနဲ့ မိတယ်၊ အိမ်က မကြည့်ဘူး…ဆူတယ်၊ သဘောမတူဘူး ဘာညာ…ပညာသင်ချိန် မိုက်တယ်…ကွိကွ…လုပ်တော့တာပေါ့ဟာ”

“အဲဒီတော့…”

“အဲဒီတော့ နောက်နေ့ ကျောင်းအသွားမှာ လိုက်ပြေးရော…”

“ဟိုက်…”

“အဲ…အဲလိုဖြစ်မှာစိုးလို့ ကျောင်းမသွားစေချင်တာ…ဆိုတာကို ရိပ်မိမှ သူတို့ကို ပြောပြရတယ်…မီးငယ်က ဒီလိုမလုပ်ပါဘူး…အခုလည်း အမှန်အတိုင်း ပြောနေတာပဲ…ဘာညာဆိုမှ ကျောင်းလာရတာ”

ကျောင်းသို့ လိုက်ပို့ခြင်း၊ ကျောင်းမှ လာကြိုခြင်းသည် ကျောင်းကို အထင်သေးခြင်း ဖြစ်နိုင်သည်။ သက်သက် ကျောင်းကို စော်ကားခြင်းဖြစ်မည်။ ဟွန်း…ဝေငြုက…

“ဒါတောင် ဘော်ဒီဂတ်နဲ့ မဟုတ်လား”

“ဟုတ်တယ်”

ဝေငြု မောသွားသလို ဖြစ်သွား၏။

"အဲလိုကျတော့ စိတ်ချလား"

သူရက ဝင်မေးခြင်းဖြစ်သည်။

"စိတ်ချတယ်တော့ မဟုတ်ဘူး...မလုပ်လောက်ဘူးဆိုတာ ယုံတာရော၊ သွေးအေးအေးနဲ့ စဉ်းစားပြီး စိတ်လျှော့လိုက်တာတွေရော...ဒါကြောင့်သာ ဒီကို လာနိုင်တာ..."

"နင့်ဟာကလည်း ဗီဒီယိုကြည့်နေရတာ ကျနေတာပဲ"

ထိန်လင်းစကားကြောင့် အားလုံး ရယ်ဖြစ်ကြသည်။ ထိုအခါ ဆုမွန်က...

"မရယ်နဲ့ဦး...ပြဿနာက မပြီးသေးဘူး"

"ဟင်...ဘာပြဿနာ ဝင်လာရပြန်တာလဲ"

ဝေချိုက ပျော်ရမည် ကြံကာမှ ပြဿနာဆို၍ စိတ်ပျက်သွား၏။

"အိမ်က ဒီရက်ပိုင်းအတွင်း ငါ့ကို ဝေချိုအကြောင်းတွေ မသိမသာနဲ့ ခဏခဏ မေးတယ်၊ သူတို့တာသာ သူတို့လည်း အပြင်မှာ စုံစမ်းကြတယ်"

"ဒီတော့..."

"သူတို့ပြောစကားအရပေါ့လေ..."

"အင်း..."

ဝေချို 'အင်း...'သာ လိုက်နိုင်တော့၏။

"အလျဉ်းသင့်ရင် ခေါ်တောင် တွေ့ဦးမှာတဲ့..."

"ကိုယ့်ကို..."

ဝေချို မျက်လုံးပြူးကာ...သူ့ဘက်သူ လက်မနှင့် ညွှန်ပြရင်း မေးလိုက်၏။ မေးရင်း 'မျက်လုံးပြူးပြခြင်း'က အမေးစကားကို Question Mark (?) တပ်ပေးခြင်းဖြစ်သည်။

"မင်း မခေါ်လို့ ဘယ်သူ့ခေါ်ရမှာလဲ"

"အေးလေ...တွေ့ချင်တယ်ဆိုရင် တွေ့ခွင့်ပေးလိုက်ပါ ဝေချိုရာ..."

ဆုမွန်က...





"အဲဒါက အရေးမကြီးဘူး"

"ဘာက အရေးကြီးရပြန်ပြီလဲ...နင်ကလည်းဟာ..."

ရင်ငြိမ်းက စိတ်မရှည်သလို ဝင်ပြော၏။

"ဘကြီးက ဝေချိုကို ဘာမှတောင် မသိသေးဘဲနဲ့ 'နင့်လူက အူကြောင်ကြောင်နဲ့'...လို့ ပြောနေလို့...တွေ့ကြလို့ရှိရင်တော့ ဒုက္ခ၊ အဲဒါက အရေးကြီးတာ...ဘကြီးဒေါသထွက်ရင် ဝေချိုက လိုက်ထွက်မယ်...ဘကြီးက မမေးရသေးဘူး ဝေချိုက ဖြေမယ်...ဘကြီးပြောတာတွေ ကြိုပြောနေမယ်ဆိုရင် ဖြစ်မှာမဟုတ်ဘူး"

"အမ်..."

အားလုံး ငြိမ်သွားရ၏။ ခဏကြာတော့ ဆုမွန်က...

"အဲလို ငြိမ်မနေကြနဲ့လေ...ကြံကြစမ်းပါဦး...ဘာလုပ်ရင် ကောင်းမလဲလို့..."

"ဝေချိုကို နင့်ဘကြီးနဲ့ ဝေးဝေးထိုင်ခိုင်းလိုက်ဟာ...ဒါမှမဟုတ် နိုင်ငံခြားကားတွေထဲကလို မှန်နဲ့ခြားပြီး ဟိုဘက်သည်ဘက် ဖုန်းနဲ့ပြောပါလား"

ထိန်လင်းက မနောက်သာ နောက်သာ ဝင်နောက်သေး၏။

"အဲဒါ 'ထောင်'ဟဲ့...နင်ပဲ သွားပြော...အရေးထဲ မနောက်နဲ့ဟာ..."

ထိန်လင်း ပါးစပ်ပိတ်သွား၏။ ဆက်ပြောရန် ပြင်နေသော စကားတို့က လမ်းတစ်ဝက်မှာ အသက်ရှူရပ်သွားပြီး သူကိုယ်တိုင်က လည်း သချိုင်းမှတ်တိုင်ကြီးလို ငြိမ်သွားသည်။

သူရက...

"ဒီလိုလုပ်လေ...ငါတို့ ဆရာကြီးဆီ ပြန်သွားကြရအောင်...ဘာဖြစ်တာလဲ သိမှ ဘယ်လိုလုပ်ရမလဲ သိမှာ...၊ ဒီလိုစဉ်းစားနေလို့ မဖြစ်ဘူး"

"အေး...ဟုတ်တယ်"

ဝေချိုက ထောက်ခံ၏။ ပြီး...တစ်ဆက်တည်း...

"ပြောနေ ကြာတယ်ကွာ...ခုပဲ သွားကြရအောင် အစောကြီး

ရှိသေးတာ…၊ အပြန် ဆုမွန်ကို ကြိုတဲ့အချိန် အေးအေးဆေးဆေး မီပါတယ်''

ဝေဠု၏အဆိုကို အားလုံးက လက်ခံကြ၏။ ဆရာကြီးနှင့် ထပ်တွေ့ချင်တာလည်း ပါမည်။ 'ဘယ်ညာ ဘယ်ညာ'ဟု မအော်ဟစ်ရုံတမယ် တက်ကြွစွာ လျှောက်ထွက်လာခဲ့ကြတော့သည်။

သူတို့အုပ်စု ကျောင်းထဲမှထွက်လာပြီး လှည်းတန်းတွင် ကိုအောင်ကျော်ဦးထံ ဖုန်းဆက်ကြ၏။

''ဟဲလို…''

''ကိုအောင်ကျော်ဦးလား…''

''ဟုတ်ပါတယ်''

''ကျွန်တော် ဇော်ဂျီပါ''

သူရစကားကြောင့် အားလုံး ပြုံးမိကြ၏။

''ဘယ်က ဇော်ဂျီလဲ…ဘယ်က ဆက်တာလဲ''

''ဟိမဝန္တာကနေ ဆက်တာပါ''

''ဟိမဝန္တာ…ဆိုတော့…ဟာ…ဇော်ကြီး…ကိုဇော်ကြီးလား''

''မဟုတ်ပါဘူး…ကိုဇော်ဂျီပါ''

''ဟာ…ဟေ့ကောင် သူရ''

အသံကို ကျက်မိသွားပြီဖြစ်သဖြင့် လိမ်၍မရတော့။ အကျိုးအကြောင်းကို ပြောပြလိုက်သည်။

''ဟာ…ကိုယ် ဒီနေ့ မအားဘူးကွ''

''ဟာ…အစ်ကိုက လုပ်ပြီ…အားလိုက်ပါ''

''မရလို့ပါကွာ…ကိစ္စက အရေးကြီး…''

''ဇော်ဂျီနဲ့ သွားတွေ့ဖို့လား''

ကိုအောင်ကျော်ဦး ရယ်၏။

''သွားပါကွာ…ငါ ဒီကနေ ဖုန်းဆက်ထားပေးပါ့မယ်…အပြန်ကျရင်တော့ ငါ့ဆီ ဖုန်းဆက်ဦး၊ ငါလည်း စိတ်ဝင်စားတယ်…''ဟု ဆိုကာ ဖုန်းချသွားသဖြင့် သူတို့ဘာသာ သွားရန် ဆုံးဖြတ်လိုက်ကြသည်။





ထိုခြံနားတွင် ဂိတ်ဆုံးသော လိုင်းကားကို ရှာ၍ စီးကြရ၏။ ဒါနဲ့…မပြီးပါ။ ဝေဠုကို လုံခြုံစိတ်ချရသော ရှေ့ခန်းတွင် ဆုမွန်နှင့်အတူ စီးနင်းလိုက်ပါနိုင်ရန် ဝိုင်းစီစဉ်ပေးလိုက်ကြ၏။ ကျန်လူများက နောက်ခန်းမှာ…။

ထိုသို့ စီမံပေးသည့်ကြားထဲက…တရကြမ်း ကျော်တက်သွားသော နောက်ကားများကို ဒရိုင်ဘာကိုယ်စား ဝေဠုက ဝင်ဆဲနေသေးတော့သည်။

❀❀❀

## (၁၂)

ဟိုတုန်းကလိုပင် ဈေးတွေ၊ ရဲစခန်းတွေ၊ ဆေးရုံတွေ ဖြတ်ခဲ့ကြရ၏။ ဟိုတစ်ခါတုန်းကလိုပင် ခြံထဲ ဝင်လိုက်သည်နှင့် သူတို့ကို စစ်ဆေးမေးကြပြန်သည်။ ကိုအောင်ကျော်ဦး…ဟု စရုံရှိသေး…သြော်…ဟု ဆိုကာ ဟိုတစ်ခါတုန်းကလိုပင် သူတို့ကို ဂျပန်ပုံစံတိုက်ကလေးဆီသို့ ခေါ်သွား၏။ ဆရာကြီးကလည်း ဟိုတစ်ခါတုန်းကလိုပင် ရေကန်နားက ဖျာကြီးများပေါ်တွင် ထိုင်နေသည်။ အရေးကြီးသည်က ဟိုတစ်ခါတုန်းကလိုပင် စကားမဆုံးဘဲ ပြန်မလာရဖို့ ဖြစ်သည်။ ထို့ကြောင့်…

"ဆရာကြီး…ဟိုတစ်နေ့က ပြောထားတဲ့ ကိစ္စကလေး…"

"သြော်…အေး…ပြောမယ်ကွ"ဟု ဆိုကာ ဆရာကြီးက ရယ်၏။ ပြီး…သူ့ကို ကြည့်ကာ ပေါ့ပေါ့ပါးပါး မေး၏။

"မောင်ရင်…ယောဂီကျင့်စဉ်တစ်မျိုးမျိုးများ ကျင့်ဖူးသလား"

ဝေဠု ကြောင်သွား၏။ သူနှင့် ဘယ်လိုမှ မပတ်သက်သောအရာကိုး…။ ဉပုသ်တောင် ဟိုနေ့ကမှ အောင်မင်းကောင်းမှုနှင့် စောင့်ဖူးသွားတာ မဟုတ်လား…။





"ဟင့်အင်း…မကျင့်ဖူးဘူး ခင်ဗျ"

"ပိန်ဖောင်း…ဝိပဿနာတွေ ဘာတွေရော…"

"ဟင့်အင်း…မကျင့်ဖူးဘူး ဆရာကြီး"

ဟင့်အင်း…ချည်း ဖြေနေရတာ အားပင် နာလာ၏။ ခက်သည်က ကိုယ်ကလည်း ထမင်းဝလျှင် ဗိုက်ဖောင်းပြီး၊ မစားရလျှင် ဗိုက်ပိန်တာလောက်ပဲ သိသည်မဟုတ်လား။ နောက်ထပ်မေးခွန်းတစ်ခုကို 'ဟင့်အင်း'ဖြေရမှာ အားနာနေမိသည်။

"ဟုတ်ပြီ…ဒါဆိုရင် မောင်ရင့် 'ချက်'မှာ ထူးခြားမှုတစ်ခုခု ရှိလား"

"ခင်ဗျာ…"ဟု ဆိုကာ သူ မျက်နှာပျက်သွားရသည်။ ချက်ကိုလည်း မသိမသာ ချို့သွင်းလိုက်မိ၏။ သူ့မျက်နှာကို ကြည့်ကာ ဆရာကြီးက…

"ပြောပါ…ဘာဖြစ်လဲ ပြောမှ သိမှာ…"

ဝိုင်းကြည့်နေကြသော သူငယ်ချင်းများကို မသိမသာ ခိုးကြည့်မိတော့ ဆရာကြီးက ထပ်ပြောသည်။ (အလိုက်ကို မသိချေ။)

"မရှက်နဲ့…ပြောစရာရှိတာ ပြော…"

"ဟုတ်ကဲ့ ဆရာကြီး…ကျွန်တော့်ချက်က 'ချက်ထိး'ပါ…တော်တော်စူပါတယ်၊ ဒါကြောင့် ငယ်ငယ်ကတောင် ကျွန်တော့်ကို ချက်စူလို့ ခေါ်ကြတယ်"

ရယ်သံများ ထွက်လာ၏။ သို့သော်…ဆရာကြီးက လက်ကာရင်း…

"မရယ်နဲ့…ရယ်ချင်ရင် အိမ်ကျမှ ရယ်…ခု…မောင်ရင် ပြောစရာရှိတာ ဆက်ပြော"

"ဟုတ်ပါတယ် ဆရာ…ကျွန်တော့်မိဘတွေကလည်း အဲဒါကို သဘောမကျလို့…ငါးလ ခြောက်လ အရွယ်လောက်ကတည်းက ကျွန်တော့်ကို ဗိုက်စည်း စည်းပေးထားတယ်"

ရယ်သံတော့ ထွက်မလာ။ ကြိတ်ပြုံးလိုက်တာကိုတော့ မြင်ရ၏။ ဆရာကြီးက…

"ဘယ်လို…"

"သြော်…ချက်ကလေး စူမထွက်အောင် အနှိုးစကို ခေါက်ပြီး ဗိုက်နေရာမှာ တင်းတင်းစည်းပေးတာ…ဟိုလေ…ဟို အမျိုးသမီးတွေ ဗိုက်စည်းသလိုမျိုး"

"ဟုတ်ပြီ"

"ကျွန်တော်လည်း… အရွယ်ရလာ၊ သိတတ်လာကတည်းက အဲဒီချက်အတွက် ရှက်ခဲ့ရတာပါပဲ…စွပ်ကျယ်သားအကျီတွေ ဝတ်ရင် အရမ်းသိသာတာကိုး…"

"ဒီတော့…"

"ဒီတော့…ကျွန်တော့်ချက်ကလေးကို ဒီထက်စူမထွက်အောင်၊ စူနေတာကို လူမသိအောင် ရှုံ့ရှုံ့သွင်းတဲ့အကျင့်ကို ရသွားတယ်"

"အဲ…အဲဒါပဲ…ဒါနဲ့ မောင်ရင် အသက်ဘယ်လောက် ရှိသွားပြီလဲ"

"နှစ်ဆယ့်နှစ်ထဲမှာပါ…"

"အဖြစ်က…ဒါကြောင့်ပဲ"

ဆရာကြီးစကားကြောင့် ဝေဠုသာမက အားလုံး အံ့သြသွားရသည်။

"ခင်ဗျာ…"

"ယောဂီကျင့်စဉ်တွေအရ…စွမ်းအင်စခန်း ခုနစ်ခုဆိုတာရှိတယ်၊ လူ့ ကိုယ်ပေါ်မှာပေါ့လေ"

"ဟုတ်ကဲ့"

ဆရာကြီးက စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိဖွာလိုက်၏။ သူပါ စီးကရက်သောက်ချင်သလို ဖြစ်လာရသည်။ တောင်းသောက်ရန် ရွံ့နေမိ၏။ ဆရာကြီး ချောင်းဆိုးမှပဲ သူပါ လိုက်ဆိုးလိုက်မည်ဟု စိတ်ကူးမိသည်။

ဆရာကြီးက စကားကို ဆက်၏။

"အဲဒီ စွမ်းအင်စခန်းတွေကို 'ချက်ကရ'လို့ ခေါ်တယ်…အဲဒီ ခုနစ်ခုထဲက တစ်ခုဟာ ချက်မှာရှိတယ်"





"သြော်…"

ရောင်ခြည်ကတော့ သန်းလာပြီ။

"ချက်ကရတွေပွင့်ရင် ပွင့်တဲ့လူဟာ တန်ခိုးသိဒ္ဓိတွေ ရသွားနိုင်တယ်၊ ဒါကြောင့် တချို့လူတွေ သမထနည်းနဲ့ တရားထိုင်ပြီး ချက်ကရတွေ ပွင့်အောင် ဖွင့်ကြတယ်…မောင်ရင်ကကျတော့ ဒီချက်ကိုပဲ ရှုံ့ရှုံ့သွင်းလိုက်၊ ပြန်ဖောင်းလိုက်နဲ့ လုပ်ခဲ့တာ အနှစ်နှစ်ဆယ်လောက်ဆိုတော့ ချက်မှာရှိတဲ့ ချက်ကရ ပွင့်သွားတာပဲ…"

"ဗျာ…"

ဝေဠု အံ့သြသွားမိ၏။ တမင်ကျင့်ယူလျှင်တောင် ဖြစ်မှာမဟုတ်။ ဒီချက်ကတော့ အတော်ဒုက္ခပေးတဲ့ချက်ပဲ ဖြစ်သည်။ ကိုယ့်မှာဖြင့် 'ချက်'ဟူသောအသံကို မကြားလို၍ စစ်တုရင်ဝိုင်းနားကိုတောင် မသွားခဲ့။

ဆရာကြီးက ရေခဲရေခွက်ကို မ…သောက်ပြီး စကားဆက်၏။

"အဲဒီချက်ကရကို 'မဏိပူရ'ချက်ကရလို့ ခေါ်တယ်…ဒီချက်ကရ ပွင့်သွားတဲ့ သူဟာ…မောင်ရင့်လိုပဲ…အနားမှာရှိတဲ့လူရဲ့ ခံစားချက်တွေ၊ ဝေဒနာတွေကို အလိုအလျောက် ဖမ်းယူခံစားနိုင်တဲ့အစွမ်းတွေ ရှိလာတယ်"

"သြော်…"

"မောင်ရင်က ဘာမသိ ညာမသိနဲ့ စနစ်တကျ ကျင့်ခဲ့တာလည်း မဟုတ်တော့ ဒါတွေကို မထိန်းချုပ်နိုင်ဘဲ ခုလို ဖြစ်နေတာ"

"ဟုတ်ကဲ့…ကျေးဇူးပါပဲ ဆရာကြီး…ဒါပေမဲ့ ကျွန်တော် တစ်ခုမေးချင်သေးတယ်"

"မေးပါ"

"အဲဒါဟာ ကောင်းလား…မကောင်းဘူးလား သိချင်လို့ပါ"

ဆရာကြီးက စီးကရက်ပြာကို ခွေ့ချရင်း ရယ်၏။

"လိုချင်လို့ ကျင့်ယူတဲ့ လူအတွက်ကတော့ ကောင်းတယ်… မောင်ရင့်လို ဖြစ်တာကျတော့ မကောင်းဘူးကွ၊ အခန့်မသင့်ရင် အန္တရာယ်တောင် ဖြစ်နိုင်တယ်"

"ခင်ဗျာ…"

ဝေဠု စိတ်ညစ်သွား၏။ အကျိုးအကြောင်း သိရပြန်သော်လည်း အဆင်မပြေသေး...။ ချက်အရက်၊ ချက်နို့ဆီ...စတာတွေကို ကြားဘူးရပြီ။ အခုတော့ 'ချက်အန္တရာယ်' ကိုပါ ကြားဖူးရပြီ၊ ပြီးတော့ 'ချက်ကရ' တဲ့။

အတန်ကြာ ငြိမ်သက်သွားပြီးမှ ဝေဠုက...

"အဲဒါဆို...ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

ဆရာကြီးကိုတော့ သူ...ယုံကြည်အားကိုးပါသည်။ အားလုံးကလည်း ဝေဠုအတွက် ပူပင်နေကြသူများ ဖြစ်သည့်အတွက်...ဆရာကြီး၏ အဖြေကိုပဲ...မျှော်လင့်စောင့်နေကြသည်။

"ဓမ္မာနုပဿနာတရားကို ကျင့်ရမယ်..."

"ဟုတ်..."

ဟုတ်...ဟုသာဆိုလိုက်သော်လည်း ဘယ်လိုကျင့်ရမယ်ဆိုတာ ဝေဠု မသိ...။ ပြန်လည်း မမေးရဲ။ သို့သော် ဆရာကြီးက မဆုံးသေးသော စကားကို ဆက်၏။

"ရိပ်သာတစ်ခုခုကို ဝင်ပြီး သေသေချာချာ ကျင့်ရမယ်...ဓမ္မသဘောကို သတိနဲ့ယှဉ်ပြီး သိလာတဲ့အခါ...အဲ့ဒီအသိက သတိတရားနဲ့ ထိန်းချုပ်နိုင်ရင်...ဒီဖြစ်ရပ်တွေ လျော့နည်းသွားလိမ့်မယ်..."

"အဲ့ဒါဆို...ကျွန်တော် ဘယ်လောက်ကြာအောင် ကျင့်ရမလဲ မသိဘူး..."

"ဒါကတော့ မောင်ရင်ကျင့်တဲ့ အပေါ်မှာ မူတည်တယ်...လောလောဆယ်တော့ ဆယ်ရက်စခန်း ဝင်ပြီး ကျင့်ကြည့်ပေါ့..."

"ဟုတ်ကဲ့ ဆရာ..."

ထို့နောက်...သူတို့ ဆရာကြီးကို နှုတ်ဆက်ပြီး ပြန်လာခဲ့ကြသည်။ ကားဂိတ်သို့ သွားရာလမ်းတွင် သူရက...

"မင်း ...တရားစခန်း ဝင်မယ်ဆိုရင် ဝင်သာဝင်...ဘာမှမပူနဲ့ သိလား...ငါက စာကူးထားပေးမယ်...ရင်ငြိမ်းက စာရှင်းပြလိမ့်မယ်..."

"အေးကွာ...ကျေးဇူးပဲ...ဆုမွန်ကိုတော့..."

"အဲ...အဲဒါတော့...ငါတို့ စောင့်ရှောက်ထားလို့ မရဘူး





မောင်ရင်..."

ထိန်လင်းက...အကြောက်အကန်ဟန်ဖြင့် ဝင်ငြင်း၍ ရယ်ရသေး၏။

"ဘာလဲဟ မင်းတို့ကလည်း...ပြောမယ့်စကားတောင် ပျောက်သွားပြီ...၊ သြော်...ဆုမွန်ကိုတော့...Dummy ဖြေရရင် လာဖြေနိုင်းမယ်လို့ ပြောမလို့ပါ..."

"ရပါတယ်...ဝေဠုရယ်...နင်သာ အေးအေးဆေးဆေးနဲ့ စိတ်ဖြောင့်ဖြောင့် တရားထိုင်နိုင်အောင် လုပ်ပါ..."

"အေးပါ..."

တစ်ခါမှ မလုပ်ဘူးသောအလုပ်ကို လုပ်ရမှာမို့ အဆင်မပြေမှာတော့ တွေးပူမိသေးသည်။ အင်းလေ...ကိုယ့်ဘာသာ တရားကျင့်တာပဲ၊ သူများကို မတရားကျင့်တာမှ မဟုတ်ဘဲဟု...စိတ်ဖြေရ၏။

သို့နှင့်...သူတို့ ကားဂိတ်သို့ ရောက်လာကြ၏။ ကားက တစ်စီးပဲ ရှိသည်။ ခေါင်းခန်းက လူပြည့်နေပြီ၊ နောက်မှာတော့ နေရာတွေရှိ၏။

တစ်ယောက်ပြီးတစ်ယောက် ခုန်တက်ကာ နေရာယူလိုက်ကြ၏။ ဝေဠုက ဆုမွန်ကို တက်စေပြီး နောက်ဆုံးမှ တက်သည်။

မျက်လုံးဝေ့ကြည့်လိုက်တော့...နေရာက တစ်နေရာတည်း ကျန်တော့၏။

"ဝေဠု...အဲဒီမှာထိုင်လိုက်..."

ဆုမွန်က နေရာမရမှာစိုး၍ ပြော၏။ ထိန်လင်းကလည်း...'ထိုင်လေ'တဲ့။ သူ့မှာသာ ခက်နေ၏။ တစ်ဖက်မှာက အခြောက်တစ်ယောက် မခို့တရို့ ထိုင်နေသည်။ တစ်ဖက်မှာက စစ်သားတစ်ယောက်...ယူနီဖောင်းနှင့် ကျားကျားလျားလျား...။

ဝေဠု...အဲဒီမှာတင် ပြဿနာတက်တော့၏။ ဒေါင်းတင်မောင်းတင်နှင့် ဝင်ထိုင်မလို လုပ်လိုက်...ကန္တဲ့ကလျ နောက်ဆုတ်မိလိုက်၊ ကန္တဲ့ကလျနှင့် ဝင်ထိုင်မလိုဖြစ်လိုက်...ချက်ချင်း ဟန်ပါပါဖြစ်ပြီး နောက်ဆုတ်လိုက်နှင့်...ရှုပ်နေတော့သည်။

အခြေအနေကို ချက်ချင်းရိပ်စားသွားမိပုံရသော သူရက...

"ဟော့ကောင် ဝေဠု...လာ...ဒီမှာလာထိုင်..."ဟုဆိုကာ... ဆုမွန်နှင့် ထိန်လင်းကြားသို့ ထိုးထည့်ပေးလိုက်၏။ ရင်ငြိမ်းကို နှင်းမာဘေးတွင် ထိုင်ခိုင်းလိုက်ပြီး ထိုနေရာကို သူဝင်ထိုင်လိုက်၏။ ထိုအခါမှ ဝေဠု အဆင်ပြေသွားရသော်လည်း 'သူရ' မှာတော့ မသက်မသာနှင့်...။

အချောက်က သူရကို ရွှန်းရွှန်းစားစား ကြည့်လိုက်၊ စစ်သားကို မခို့တရို့လုပ်လိုက်နှင့်...အတော်ဒုက္ခရောက်သည်။ သို့နှင့်ပင်...သူတို့ ကျောင်းသို့ အချိန်မီ ပြန်ရောက်ခဲ့ကြ၏။

ကျောင်းကိုရောက်တော့ သန်းထိုက်နှင့် ယဉ်မင်းတို့ကို တွေ့ရ၏။

"ဘယ်သွားနေကြတာလဲ..."

"ဆရာကြီးဆီ..."

"ဩော်...ဒါကြောင့် ဘယ်မှာမှ ရှာမရတာကိုး...၊ နေပါဦး... ဘာလို့ အလောတကြီး ထွက်သွားကြတာလဲ..."

"အခြေအနေ အရပ်ရပ်ကြောင့်ပေ့ါ သူငယ်ချင်းရာ..."

ထိန်လင်းက...စိတ်မကောင်းဟန်နှင့် ပြောပြီး မျက်နှာလွှဲသွား၏။ ဒီတော့ သန်းထိုက်...ဝေဠုဘက် လှည့်သည်။

"ဘာဖြစ်လို့လဲ ဝေဠု..."

"အေးလေ...ပြောပါဦး...မထိတ်သာ မလန့်သာ"

ယဉ်မင်းကပါ ဝင်မေး၏။

"မသိချင်ပါနဲ့ဟာ..."

ထိန်လင်း မျက်စပစ်ထား၍...ဝေဠုလည်း ဟန်ဆောင်လိုက်သည်။ နှစ်ရက်လောက် အဖွဲ့နှင့် ကင်းကွာနေသည့်အတွက် ဒဏ်ခတ်ခြင်းဖြစ်သည်။

"ဟာ...အချင်းချင်းတွေကို...ဒီလူနဲ့ ဒီလူမှမပြောရင်...မင်းတို့ ဘယ်သူ့ကို ပြောမလဲ..."

"ထားလိုက်ပါကွာ..."

ဝေဠုနှင့် မရတော့...ရင်ငြိမ်းဘက် လှည့်သွား၏။

"ရင်ငြိမ်း...ပြောပါဦး...နင်တို့ ဒီနေ့ ဆရာကြီးဆီ သွားတာရော





ဘာတွေထူးလဲ...အခြေအနေကရော...ခုဖြစ်နေတာတွေကရော...အဲဒါနဲ့ ဆိုင်သလား..."

"ဆိုင်တယ်ပဲ ထားလိုက်ပါတော့..."

"ဟာ...နင့်ဟာကလဲ..."

ယဉ်မင်းက...ရင်ငြိမ်း၏အဖြေကို မကျေနပ်။

"ဝေဠု အခြေအနေကရော...ထူးလား..."

ယဉ်မင်းက ထပ်မေး၏။

"အင်း...ထူးပါတယ်..."

"ဘာတဲ့လဲ..."

ရင်ငြိမ်း ဘာဖြေရမှန်းမသိ ဖြစ်သွားသည်။ သူမ လုပ်လိုက်မှ... အစီအစဉ် ပျက်သွားမှာလည်း စိုးပုံရ၏။

သူရက လှမ်း၍...အသံတိတ် လုပ်ပြ၏။

'ချက်ကရ'...တဲ့။

"ဟိုလေ သူ အဲလိုဖြစ်နေတာ...ချက်ကရကြောင့်တဲ့..."

သန်းထိုက်ရော ယဉ်မင်းပါ...ကြောင်သွား၏။ သူတို့မကြားဘူးသော ဝေါဟာရဖြစ်နေသည်ကိုး...။

"ချက်ကရ...ဟုတ်လား"

"ဘာလဲဟ...ချက်ကရ..."

နှစ်ယောက်သား ပြန်မေးခွန်း ထုတ်ကြ၏။ ခက်ပြီ...။ ချက်ကရ ဆိုတာကို ရင်ငြိမ်းလည်း ဟိုမှာတုန်းကသာ နားလည်လိုက်တာ...ခု... ပြန်ရှင်းမပြတတ်တော့။

"ဟိုလေ...ဟို"

အခက်အခဲတွေ့နေသော ရင်ငြိမ်းကို ထိန်လင်းက ဝင်ကယ်တင်၏။

"ဟာ...နင်ကလည်း ခုပဲ နားထောင်လာတာ မမှတ်မိတော့ဘူးလား"

"အေးဟာ...နင်ပဲ ရှင်းပြလိုက်"

"အဟမ်း..."

ထိန်လင်းက လည်ချောင်းတစ်ချက် ရှင်း၏။ ပြီး…သန်းထိုက်ဘက်လှည့်ကာ…

“မင်း…ဇော်ဂျီဆိုတာ သိတယ်မဟုတ်လား”

“ကဗျာဆရာကြီးလား…”

“ဟာ…သေတော့မှာပဲ…ဟိုနေ့က ကိုအောင်ကျော်ဦးပြောတဲ့ သူလိုက်ရှာနေတဲ့ ဇော်ဂျီ ဆိုတာလေ…”

“ဩော်…အေး…သိပြီ၊ ဆေးတောင်ဝှေးနဲ့ ဇာတ်ထဲမှာဆို အနီဝမ်းဆက်ဝတ်တဲ့ပုဂ္ဂိုလ်’

“အေး…ချက်ကရဟာ ဇော်ဂျီနဲ့ မတူဘူးတဲ့”

သန်းထိုက် စိတ်ညစ်သွားတာကို ကြည့်ပြီး အားလုံး ကြိတ်ရယ်ကြ၏။

“မင်း ရှင်းတာကလည်းကွာ…မတူတာတော့ မင်းပြောမှလား… ဘာလဲ…ဆိုတာ ထပ်ရှင်းလေ”

“သန်းထိုက်…၊ မတူရင် မတူဘူး မှတ်ကွာ…အရေးထဲ မင်းက တစ်မျိုး”

သူရက ဝင်ဟောက်၏။ သူတို့စကားတွေ လုံးထွေးရှုပ်ခတ်နေချိန်တွင် ဝေဠုက စိတ်ပျက်လက်ပျက်နှင့် မှိုင်ကာ ထိုင်နေ၏။ အနားမှာရှိသော ဆုမွန်က စားပွဲပေါ်တွင် တင်ထားသော ဝေဠု၏လက်ကို အသာအုပ်ကိုင်ကာ နှစ်သိမ့်ပေးနေသည်။

ထိုစဉ်…

သူတို့၏ နောက်စားပွဲသို့ ဆရာတစ်ယောက် ဝင်ထိုင်လိုက်တာကို တွေ့ရ၏။ ထိုဆရာ ထိုင်နေသည့်နေရာက ဝေဠုခုံနှင့် ဓားလွယ်ခုတ်ဖြစ်နေသည်။

ဆရာက မျက်မှောင်ကြီးကို အစွမ်းကုန်ကြုတ်ကာ မှုတ်ကုတ်ရင်းစဉ်းစားနေသည်။ ရေနွေးကြမ်းခရားကို ဆတ်ခနဲ ဆွဲယူငှဲ့လိုက်ပြီး…တစ်ယောက်တည်း အလိုမကျသောမျက်နှာနှင့် ထိုင်နေ၏။

“မိန်းမတွေဟာ မျောက်က ဆင်းသက်လာတာပဲ”

အနားမှာ သူ့ကို အားပေးနေသော ဆုမွန်ကိုမှ အားမနာဘဲ





ပြောလိုက်သောစကားကြောင့် အားလုံးအာရုံက ဝေဠုဘက် လှည့်သွားကြသည်။ ဆုမွန်က ရုတ်တရက်မို့ ဒေါသထွက်သွားကာ…

“ဘာလဲ…ဒါက ဘာစကားလဲ…မိန်းမတွေက မျောက်ကဆင်းသက်တယ်ဆိုတော့ ရှင်တို့ ယောကျ်ားတွေကရော…”

သူတို့အသံကြောင့် နောက်ဝိုင်းမှဆရာ…မျက်မှန်ကြီးတဝင်းဝင်း၊ မျက်လုံးတပြူးပြူးနှင့် ဝေဠုကို လှည့်ကြည့်၏။ ပြီး…ပြန်လှည့်သွားကာ ရေနွေးခွက်ကို ကောက်သောက်သည်။

“မိန်းမက…မျောက်က ဆင်းသက်လာတာ…၊ ယောကျ်ားကတော့ ယောကျ်ားပဲ…ဘယ်ကမှ မဆင်းသက်ဘူး၊ မင်းတို့မိန်းမတွေသာ မျောက်တွေလိုပဲ တစ်ကောင်နဲ့တစ်ကောင် သန်းတုတ်ပေးရင်း အတင်းပြောကြမယ်…ယောကျ်ားမကောင်းကြောင်း ပြောမယ်၊ ဒါပဲ…”

“ရှင် ဘာစကား ပြောတာလဲ”

ဒါက…ဆုမွန်အသံ။

“မျောက်တွေက အတင်းပြောတယ်…ဟုတ်လား”

ဒါက…ထိန်လင်း၏ ရယ်ချင်ပက်ကျိဖြစ်နေသော အသံ…။

“ဒုန်း”

ဒါကတော့…နောက်စားပွဲမှဆရာ ဝေဠုကို မျက်ထောင့်နီနှင့် စောင်းကြည့်ပြီး စားပွဲကို ဆောင့်ထွက်သွားသောအသံ…။

ထိုအခါကျမှ အားလုံး သဘောပေါက်သွားကာ…တဝါးဝါးတဟားဟား ရယ်လိုက်မိကြ၏။ ဝေဠုရောဂါက ဆရာ့ကိုပင် အလွတ်မပေး။

ဝေဠုမှာသာ မရယ်နိုင်ဘဲ သူတို့ကို ဒေါသတကြီး အော်လိုက်မိ၏။

“အေး…ရယ်ကြ…ရယ်ကြ၊ မင်းတို့ပဲ ရယ်ကြ…သိလား”

(သူ့စကားကြောင့် အားလုံး ငြိမ်သက်သွားရမည့်အစား) ရယ်သံတွေက တောင်ပိန္နဲပင်ကြီးအထက်သို့တိုင် လျှံတက်သွားတော့၏။

❁❁❁

(၁၃)

'ဘုရားရိပ် တရားရိပ်သည် အလွန်အေးချမ်းသည်'...ဟု စာများတွင် ဖတ်ခဲ့ဖူးတာ ခုမှ လက်တွေ့ယုံကြည်ခွင့် ရတော့သည်။ ဒီ...တရားရိပ်သာစခန်းလေးသို့ ဝေဠု စရောက်ကတည်းက စိတ်ကြည်လင်လာသလိုလို ခံစားရ၏။

ရိပ်သာမှ လူများကလည်း သူ့ကို ကြိုဆိုကြသည်၊ ရောက်သည့်နေ့ နံနက်မှာပင် တရားစခန်း စသည်၊ ခန်းမကျယ်ကြီးတစ်ခုထဲသို့ တရားမှတ်ရန် အစီအရီ ဝင်သွားကြသည်။ ရှေ့မှ တရားပြသူက တရားထိုင်နည်းကို သေသေချာချာ ဟောကြားသွန်သင်ပေး၏။

ထိုအထိကတော့ အဆင်ကို ချောလို့...။ ကိုယ့်ဘာသာကိုယ်ကျင့်ရမည့်အချိန်ကျမှ ပြဿနာက တက်တော့သည်။ တရားစမှတ်စမှာ စိတ်က ဟိုရောက်သည်ရောက်မို့ မနည်းဖမ်းနေရသည်။ ဒီကြားထဲ နံဘေးမှ အိန္ဒိယအမျိုးသား၏ ဝေဒနာတွေကို သူက လိုက်ပါခံစားရတော့၏။

"ဩော်...မိန်းမ...မိန်းမ"





မြတ်စွာဘုရား...။ သူ့စိတ်ထဲမှာ ဘုရားတပြီး စောင်းငဲ့ကြည့်တော့ ပုဂ္ဂိုလ်က တုတ်တုတ်မျှပင် မလှုပ်။ တင်ပလ္လင်ခွေ အထိုင်မပျက်။ လက်အယှက် မပျက်၊ မျက်လုံးစုံ မှိတ်မပျက်...။ သူ မျက်စိပြန်မှိတ်သည်။

"အမိနာ...အမိနာ...မိန်းမတွေများ တယ်ခက်တာပဲ...အမိနာရယ်"

ဗုဒ္ဓေါ...၊ မပြီးသေးပါလား...။

"အမိနာရယ်...ရက်စက်လိုက်တာ...ဒီလောက် ကောင်းကောင်းရှာဖွေကျွေးမွေးထားပါလျက်နဲ့...ဆိတ်ကျောင်းတဲ့ မူတူးနဲ့များ လိုက်ပြေးရတယ်လို့..."

အမိနာမှသည် မူတူးဆီ ရောက်သွားပြန်ပြီ။ ဒင်းကတော့...ဘာလဲမသိ။

"အဲဒီမူတူးမှာ ငါ့ထက်သာတာ ဘာများ ရှိလို့လဲ အမိနာရယ်၊ ငါ့မှာတော့ အပင်ပန်းခံပြီး ကြိုးစားပမ်းစားနဲ့ မင်းကို ရှာဖွေကျွေးမွေး လိုက်ရတာ...တော်ပါပြီ...တရားနဲ့ ဖြေတာပဲ အေးပါတယ်"

ဩော်...သူ့ဒုက္ခက ဒါကိုး...ဟု ဝေဠု တွေးမိ၏။သူ့...ကိုရွှေကုလား တရားဆက်မှတ်ပါမှ သူ တရားမှတ်လို့ ရမည်မဟုတ်လား...။

"ကဲပါလေ...တရားပဲ မှတ်ပါတော့မယ်၊ အနိစ္စ...ဒုက္ခ...အနတ္တ...အနိစ္စ...အမိနာ၊ အနတ္တ...အမိနာ...ဒုက္ခ...အမိနာ၊ အဲလေ...အနိစ္စ...အမိနာ...ဒုက္ခ...အမိနာ...အနတ္တ...နာ...နာ...နာ"

အောက်ကခင်းထိုင်ရသော ကတ္တီပါဖုံကလေးကို ဆွဲကာ ဝေဠု ထပြေးရတော့၏။ တရားပြသောသူက သူ့ကို အကဲခတ်သလို လှမ်းကြည့်သေး၏။

သူက ဂရုမပြုအားသေး။ သူ လောလောဆယ် ရှာရမှာက ဥပဓိရုပ်ကောင်းကောင်းနှင့်လူ။

ထို့ကြောင့်...တစ်ဖက်မှ ကိုယ်လိုတာလည်း ရှာရ၊ တရားပြသူကိုလည်း မသိမသာ လှမ်းအကဲခတ်ရနှင့် ရှုပ်နေတော့၏။

တွေ့ပါပြီ...။

ရုပ်အကျီအဖြူ၊ ရခိုင်ပုဆိုး အရောင်နုနုတို့ကို ဝတ်ဆင်ထားသည့် ဥပဓိရုပ်ကောင်းကောင်းနှင့်လူ။

ထိုသူ့ကြည့်ရတာ အရာရှိ၊ အရာခံဟု တွက်ဆမိသည်။ သို့သော်...

"တော်ပြီ...ဖဲရိုက်တာ မကောင်းဘူး၊ နောက်...မရိုက်တော့ဘူး"

မျက်ခွံကို အသာပင့်ကာ ခိုးကြည့်လိုက်တော့ ထိုလူကြီးက ဟန်ပင်မပျက်။ သူ...လူရွေးတာ မမှားလောက်ပါဘူးဟု တွက်ကာ မျက်စိပြန်မှိတ်လိုက်၏။ ပြန်ခံစားလိုက်ရသည်။

"ပေါင်ထားတဲ့အိမ်ကိုလည်း ဘယ်လိုပြန်ရွေးရပါ့မလဲ...မရွေးနိုင်ရင် အိမ်ကို ထိုးပေးရတော့မှာ...အဲဒီအခါကျ ဘယ်မှာသွားနေကြမလဲ"

သူ့ဒုက္ခက တစ်မျိုး။ ဝေဠု...စိတ်ညစ်သွား၏။ ဒီလိုသာ နေရာလိုက်ရွှေ့နေရလျှင် မလွယ်။ သူ့ကို ခေါ်မေးကြလိမ့်မည်။ မေးလျှင် သူ့မှာ ဖြေစရာမရှိ။

"အပေါ်စက်နဲ့ အောက်စက် ပေါင်ထားတာကတော့ ပြန်ရတော့မှာ မဟုတ်ဘူး...ကလေးတွေက အပေါ်စက် အောက်စက်နဲ့ပဲ အပျင်းဖြေရတာ...ပြန်ဝယ်ပေးရအောင်လည်း ဘယ်ကငွေနဲ့ ဝယ်မလဲ"

ဝေဠု ကြိတ်မှိတ်သည်းခံနေရ၏။ သူ့ဘာသာ သူလည်း ဘာမှ မှတ်လို့မရ။ ဖဲအရာရှိ ခံစားချက်လှိုင်းများက သူ့ကို စိမ့်ဝင်ရိုက်ခတ်နေသည်။ အဲဒါကြီးကို လက်ခံယူနေရသည့် သူ့အဖြစ်က တရားကျင့်သည်နှင့် မတူဘဲ 'တယ်လီပသီ' ကျင့်သလိုပင် ဖြစ်နေပြီ။

"တော်ပြီ...တရားပဲ မှတ်တော့မယ်၊ တရားရေအေးနဲ့ပဲ ကိုယ့်စိတ်ကိုယ် ဖြေရတော့မှာပဲ...အနိစ္စ...ဒုက္ခ...အဲ...သမုတိလောကသားတွေကို အဝိဇ္ဇာက အုပ်စိုးထားတယ်တဲ့...အဲဒီအဝိဇ္ဇာမှာ ဘုရင်က ဘယ်သူပါလိမ့်"

"ခင်ဗျား ဝင်လုပ်ပါလား"ဟု ပြောချင်နေသော ဝေဠု၏စိတ်တွေကို မနည်းထိန်းထားရ၏။





"အင်း...ဘုရင် ဘုရင်မတွေ မရှိရင်တော့ နယ်စားတို့ စစ်ကဲတို့က အုပ်ချုပ်မှာပဲ...အဲ...နယ်စားမရှိရင်ကော ဘယ်သူအုပ်ချုပ်မလဲ...စပိတ်တစ်...လား၊ ဟာ...ငါ ဘာတွေ တွေးနေပြီလဲ...တစ်...နှစ်...သုံး...လေး...ငါး...ခြောက်...ခုနစ်...စိတ်ငြိမ်အောင် ရွတ်ပေးမှ၊ ရှစ်...ကိုး...ဆယ်...ဂျက်...ကွင်း...ကင်း"

အခြေအနေကတော့ အတော့်ကို ဆိုးနေလေပြီ။ သူက ဆိုးခြင်း မဟုတ်၊ ကိုယ်က ဆိုးခြင်းဖြစ်သည်။ ဘယ်သူနဲ့ ယှဉ်ယှဉ် ကိုယ်ကပဲ 'ကိုယ်သာဆိုး' ဖြစ်နေသည်။

ထိုနေ့က တရားဖြုတ်သည်အထိ ဝေဠု အတော်သည်းခံနေလိုက်ရ၏။ ညဘက် တရားချိန်ကျမှ တကယ်တရားမှတ်နိုင်သော...အဆင့်တက်နိုင်သူကို စိတ်ထဲမှ ကြိတ်မှတ်ထားလိုက်၏။

သို့မှသာ ထိုလူနား သွားထိုင်ပြီး ထိုသူကဲ့သို့ တရားကျင့်နိုင်မည် မဟုတ်လား...။ ဝေဠုအကြံ အောင်မြင်သွား၏။ နောက်ရက်မှာတော့ အဆင်ပြေပြေ အေးအေးချမ်းချမ်း တရားကျင့်ခွင့် ရသွားသည်။ သူ့နံဘေးမှ ပုဂ္ဂိုလ်ကဲ့သို့ပင် တရားထဲ နစ်ခွင့် ရသွားတော့၏။ လူရွေးမှန်သွားပြီဟု ဆိုနိုင်သည်။

အမှန်တော့ ထိုကဲ့သို့ တရားအာရုံရခြင်းသည် မိမိဘာသာ စစ်မှန်စွာ တရားအာရုံ ရခြင်းမဟုတ်။ ကိုယ့် ထူးထူးခြားခြား ရောဂါကြီးကို ပယ်သတ်ပစ်ရာလည်း မရောက်သေးကြောင်းကိုတော့ ဝေဠု သိပါသည်။

ထိုအချိန်တွင် ကျောင်း၌ ထိန်လင်းတို့အုပ်စု ဆုမွန်ကို လိုက်ရှာနေကြသည်။ တောင်ငူဆောင်မှာလည်း မရှိ၊ တောင်ငူကင်တင်းမှာလည်း မတွေ့။ မြကျွန်းသာနှင့် ဝိဇ္ဇာကင်တင်းဘက်ဆီတော့ သူမ လာကို မလာတတ်။

"ဘယ်များသွားလဲ မသိဘူး"

"အေးလေ..."

"အိမ်ကများ ကျောင်းမတက်ခိုင်းတော့ ပြန်ဘူးလား မသိဘူးနော်..."

"ဘာလို့လဲဟ...ရုပ်ရှင်ရိုက်ပြီးသွားလို့လား"

ထုံးစံအတိုင်း ရယ်ဖြစ်ကြ၏။ ရင်ငြိမ်းမိုးက...

"အီကိုဘက်မှာများ ရှိမလား မသိဘူး"

"အောင်မင်းနဲ့တွေ့လို့ မေးလိုက်ပြီးပြီ...မရှိဘူးတဲ့"

အုပ်စုလိုက် ကြွက်ဝီညံနေကြစဉ်...မျက်မှန်နှင့် တိုက်ပုံနှင့် မှုန်ကုတ်ကုတ်ဆရာတစ်ယောက် အဓိပတိပေါက်မှ ဝင်လာသည်။ သူတို့နားမှ ကွေ့ဖြတ်သွားရင်း ပြောဆိုနေကြသံကို ကြားတော့ ပြန်လှည့်လာ၏။

"ဒီမှာ..."

"ဪ..."

ဟိုနေ့က ဝေဖန်နှင့် နည်းနည်းပဋိပက္ခဖြစ်သွားသော ဆရာဖြစ်၏။

"မင်းတို့ထဲက ကောင်မလေး...ငါ ဖေးမတ်စမှာ တွေ့ခဲ့တယ်၊ ပြောတော့ မကြိုက်ချင်ဘူး...မျောက်က မျောက်ပဲ"

ရှေ့စကားက သူတို့ကို အသိပေးခြင်းဖြစ်၏။ နောက်စကားကတော့ သူ့ဘာသာ ပွစိပွစိလုပ်သွားခြင်းဖြစ်သည်။ ပြီး...ဘောက်ဆတ်ဆတ်နှင့် မန္တလေးဆောင်ထဲ ဝင်သွားတော့၏။

သူတို့ ရယ်ဖြစ်ကြသော်လည်း ဆရာ့ကိုတော့ ကျေးဇူးတင်ပါသည်။ *Famous* သည် ကျောင်းရှေ့ ဓမ္မာရုံဘေးမှ ဆိုင်တန်းများတွင် ရှိ၏။

သူတို့ ဖေးမတ်စကို ရောက်သွားတော့ အားလုံး အံ့သြသွားကြရသည်။ ဆုမွန်ကို အခြားသော အမျိုးသားတစ်ယောက်နှင့် တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ ဆုမွန်ပုံကို အကဲခတ်တော့ အတော်စိတ်အိုက်နေပုံရ၏။

"ဟာ...လာကြ"

သူတို့ စားပွဲနားရောက်သွားတော့ ဆုမွန်က မြင်ပြီး ဝမ်းသာအားရနှင့် ခေါ်၏။ အကြပ်အတည်းတစ်ခုမှ လွတ်မြောက်သွားသလို ပျော်သွားပုံလည်း ရသည်။

"ဪ...ဒါ...ဦးတင်ကိုကိုတဲ့...အိမ်က လူကြီးတွေရဲ့ အသိ





လေ...၊ ဦးတင်ကိုကို...ဒါက ဆုမွန်သူငယ်ချင်းတွေ..."

ဆုမွန်က တစ်ယောက်ချင်းစီကို သေချာ မိတ်ဆက်ပေး၏။ သို့သော်...ဦးတင်ကိုကိုက စိတ်ဝင်စားပုံ မပေါ်။ ဆုမွန်ကိုသာ ရွှန်းရွှန်းစားစားကြီး ကြည့်နေ၏။

အခြေအနေကို ရိပ်စားမိလိုက်ပြီမို့... တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း မျက်စပစ်ပြလိုက်ကြသည်။ ဒီလို...လူကြီး မိဘတွေကတစ်ဆင့် ဖျာခင်းရန် ကြိုးစားသူကို ပညာတော့ ပြမှုဖြစ်မည်။

ထို့ကြောင့် ထိန်လင်းက စကားစ၏။

"သူရ..."

"ဘာလဲကွာ...စိတ်ညစ်ရတဲ့ထဲ"

ဒီလို အတိုင်အဖောက်ညီသူများ ဖြစ်၏။

"မင်းကလည်းကွာ...စိတ်ညစ်မနေပါနဲ့...အိမ်ကပေးစားတဲ့မိန်းမကို မယူနဲ့ပေါ့...ဟိုကလည်း ကိုယ်ကိုမချစ်၊ ကိုယ်ကလည်း မချစ်နဲ့..."

"အေးကွာ...လူကြီးတွေက ခက်ပါတယ်"

သန်းထိုက်က သူ့ဘာသာ သူ ညည်းသလို ဝင်ပြော၏။

"ဪ...ကိုယ့်ကို မချစ်တဲ့သူကို လက်ထပ်ရတာ ရေသူမကို မိတဲ့ တံငါသည်လိုပဲ..."

"အံမယ်...မင်းစကားက အဆန်းပါလား...ရှင်းစမ်းပါဦး"

"အေးလေ..."

အားလုံး အတိုင်အဖောက်ညီနေကြတော့ ဦးတင်ကိုကိုလည်း ဘာမှ မစွမ်းသာတော့။ ငြိမ်ကာ နားထောင်နေရ၏။

"မင်းတို့ပဲ စဉ်းစားကြည့်လေကွာ...ရေသူမကို မိတဲ့ တံငါသည် ဘဝကို၊ မိန်းမအဖြစ်ယူဖို့ကလည်း မနိုင်ဘူး"

"ဟုတ်တယ်...အကြေးခွံတွေနဲ့၊ အမြီးကြီးနဲ့..."

"ချက်စားရမှာကျတော့လည်း ညှိမယ်"

"ဟုတ်တာပေါ့...ဒီလောက်ကြီးတဲ့ငါး ညှီတော့မှာပေါ့...ဟားဟား ဟား"

"ဆေးဖော်ရအောင်ကလည်း သူက ဘာပျောက်မှန်း မသိဘူး"

"ဟိဟိ…ဒါလည်း ဟုတ်တာပဲ"

"ကုန်းပေါ်မှာ ထားတော့လည်း မနေတတ်ဘူး၊ ရေထဲမှာ ထားတော့လည်း ရေချိုဆို မရဘူး…ရေငန်ဖြစ်အောင် ဆားခတ်ပေးပြန်တော့လည်း ဆားရေပဲ ဖြစ်သွားတယ်…ပင်လယ်ရေနဲ့ မတူလို့ မနေတတ်ပြန်ဘူး"

"ဟုတ်ပါရဲ့နော်"

"အဲဒါကြောင့် ပြောတာပေါ့…ရေသူမကို မိတဲ့ တံငါသည်လို ဘာလုပ်ရမှန်းသိမှာ မဟုတ်ဘူး"

အားလုံးက တဟားဟားဟား ရယ်တော့ ဦးတင်ကိုကိုလည်း ရောယောင်ကာ ရယ်၏။

"ဟီးဟီးဟီး…"

အောက်သွားများတော့ ရှိနေသေးသည်ကို တွေ့ကြရ၏။

"ဟီးဟီး…ဆုမွန် ကိုယ်သွားဦးမယ်…ဒီကအားလုံး ကျွန်တော့်ကို ခွင့်ပြုပါဦး"

သူ့ကို စောင်းမြောင်းနေမှန်းသိ၍ အချိန်မီ ထွက်သွားခြင်းဖြစ်သည်။ မသိကျိုးကျွံ ပြုနေလျှင်ဖြင့် ပါးစပ်များ နားကြရမည်မဟုတ်။ ကျေးဇူးတင်ပါသည်။

ဦးတင်ကိုကို ထွက်သွားတော့ အားလုံးက ဆုမွန်ဘက် လှည့်လာသည်။ မေးခွန်းထုတ်သော မျက်လုံးများနှင့် ကြည့်လိုက်ကြ၏။ ထိုအခါကျမှ ဆုမွန် သက်ပြင်းချ၏။

"ဟင်း…တော်ပါသေးရဲ့…နင်တို့ ရောက်လာပေလို့၊ အဲဒီလူကြီးက အိမ်က သဘောတူထားတဲ့ လူကြီးလေ…"

"ဟင်…အစကတော့ နင့်ကို ကလေးဆို၊ ရည်းစားတောင် ထားရမယ့်အရွယ် မဟုတ်ဘူးဆို…"

"အေးဟာ…ခုကျမှ ကောက်ကာငင်ကာ သဘောတူလိုက်တာ၊ ငါက ရည်းစားထားတတ်တဲ့အရွယ် ရောက်ပြီဆိုရင်လည်း သူတို့ရှာပေးတဲ့လူနဲ့ ထားပြီးယူ…ဆိုတဲ့ သဘောပေါ့ဟာ…"

"နင်က မကြိုက်ဘူး မဟုတ်လား"





"ကြုံကြီးစည်ရာ ရင်ငြိမ်းရယ်…"

"ဒါဆို…အဲဒီလူက ဘာလို့ ကျောင်းလာလည်တာလဲ"

"အံမယ်…ကျောင်းလာလည်တာ မဟုတ်ဘူး ဆရာ…သူ့ကိုက ကျောင်းထဲမှာ အဆင်သင့်…သူက ဖလော်ဆိုဖီက ကျူတာလေ"

သန်းထိုက်က…

"ဒါကြောင့်ကိုး…ခုနက ငါ…ရေသူမအကြောင်း ပြောတော့ သူ…နားထောင်နေတာ"

"ဘာဆိုင်လို့လဲ"

"ဖီလိုဆိုဖီအသစ် ရပြီဆိုပြီးလေ…"

"အဲဒါက နေပါဦးဟာ…ဒီမှာ အရေးကြီးတာက ပြောမလို့"

ဆုမွန် ဝင်ပြောရ၏။

"အေးပါ…ပြောပါ…နင်တို့အတွဲက နောက်ဆုံးကမို့ပဲ တော်တော့တယ်…ရှေ့ဆုံးကသာဆို နင်တို့အရေးကြီးတာတွေပဲ လိုက်ဖြေရှင်းလို့ ဆုံးမှာ မဟုတ်ဘူး"

ထိန်လင်းစကားကြောင့် ဆုမွန်မျက်စောင်းက ဒိုင်းခနဲ ရောက်လာ၏။ ဘာမှတော့ မပြော။ 'နေနှင့်ဦး'ဆိုသော ပုံစံမျိုး…။

"အိမ်က အဲဒီလူကြီးနဲ့ ပေးစားဖို့ စီစဉ်နေပြီ"

"ဟင်…ဘယ်တော့လဲ"

"သူတို့ နေ့ကောင်းရက်သာ ရွေးပြီး နောက်ဆယ်ရက်အတွင်း လာတောင်းကြလိမ့်မယ်"

"ဟင်…မြန်လိုက်တာ"

"အဲဒါကြောင့် ပြောတာပေါ့…ဘယ်လိုလုပ်ရမလဲ မသိဘူး…ဝေဠုကလည်း တရားစခန်းကို ရောက်နေတယ်"

အားလုံး ငြိမ်သက်သွားကြ၏။

ခဏကြာတော့ သူရက…

"ငါတို့က ဝေဠုရှိတဲ့ တရားစခန်းကို လိုက်သွားကြမယ်…အကျိုးအကြောင်းပြောပြီး ပြန်လာခိုင်းရမှာပေါ့…"

"ပြန်လာပြီး ဘာလုပ်ရမှာလဲ"

ရင်ငြိမ်းက ဝင်မေး၏။

သူရက ဆုမွန်ဘက် လှည့်ကာ...

"နှင်...အဲဒီလူကြီးကို မယူဘူးနော်"

"အင်း..."

"နှင့်မိဘတွေကို နှင် လွန်ဆန်ရဲလို့လား"

"လွန်ဆန်ရမှာပေါ့ဟာ...လိုမှ မလိုချင်ဘဲ"

"ဝေဠုကိုတော့ ယူမယ် မဟုတ်လား"

"အေးလေ...ယူမှာပေါ့"

"ဒါဆို...ဝေဠုက ခိုးရင် နှင် လိုက်မှာလား"

ဆုမွန် တစ်ချက်တွေကာ စဉ်းစား၏။

"ခုမှတော့ဟာ..."

"ဘာလဲ...မလိုက်ဘူးလား"

"လိုက်မှာပေါ့..."

စိတ်ညစ်သည့်အထဲမှ ရယ်ဖြစ်ကြသေး၏။

သူရက စကားကို ဆက်၏။

"ဒါဆို...ငါတို့ ယောက်ျားလေးသုံးယောက်က ဝေဠုဆီ သွားမယ်၊ ရိပ်သာမှာ...အကျိုးအကြောင်း သွားရှင်းပြပြီး ပြန်ခေါ်ခဲ့မယ်"

"ရပါ့မလား..."

"ရ,ရမှာပေါ့..."

"ဂျိုကာ စူပါမုန့်ကြွတ်လား..."

"အရေးထဲ...မနောက်နဲ့ဟာ"

ထိန်လင်းက ဝင်နောက်၍ နှင်းမာက ဟန့်၏။

"နှင်တို့ မိန်းကလေးတွေဘက်ကလည်း ပြင်ဆင်ထားပေး"

"ဘာပြင်ရမှာလဲ"

"ခိုးရာလိုက်ဖို့ လိုအပ်တဲ့ ပစ္စည်းတွေ စုဆောင်းထားပေးပေါ့"

"ငါတို့က...ဟုတ်လား"

ရင်ငြိမ်းက လက်မနှင့် သူ့ဘက်သူ ညွှန်ပြကာ မေး၏။

"ဟုတ်တယ်လေ..."





သူရစကားကြောင့် လွတ်အိတ်သုံးလုံးလောက် သူ့ကျောပေါ် စုပြုံကျလာ၏။

"ဟ...ဟ...နာတယ်...ဘာဖြစ်တာလဲကွာ"

"ဘာဖြစ်ရမှာလဲ...ငါတို့ထဲမှာ ဘယ်သူက ခိုးရာလိုက်ဖူးလို့ အတွေ့အကြုံတွေ ရှိနေပြီး လိုတဲ့ပစ္စည်းတွေကို သိရမှာလဲ...သေနာရဲ့"

"နှင့်နှမကို လာပြီး သင်ခိုင်းပါလား"

ထိုအခါကျမှ သူရ သဘောပေါက်သွား၏။

"အရေးထဲဟာ...နှင်တို့က အကျကောက်နေပြန်ပြီ...ငါက ဆုမွန်ကို ဝိုင်းဝန်းဖေးမပြီး အကြံပေးဖို့ ပြောတာပါ..."

"ဒါဆိုလည်း စကားကို ရှင်းရှင်းပြော"

သူတို့စကားဝိုင်းကို ဖြတ်ကာ သန်းထိုက်၊ ထိန်လင်းနှင့် သူရတို့ ထွက်သွားကြတော့သည်။

ဝေဠုရှိမည့် တရားစခန်းကလေးဆီသို့...။

မာရ်နတ်လား...၊ နတ်ကောင်းလေးတွေလား မသိ။

လာတော့ လာနေပြီ ဝေဠုရေ...။

❀❀❀

စားပွဲအလယ်မှာ ပန်းသီးတစ်လုံးရှိပြီး
စားပွဲရဲ့ တစ်ဖက်တစ်ချက်မှာ လူနှစ်ယောက် ရှိတယ်။

သူတို့ဟာ...
၁...၂...၃ လို့ သံပြိုင်အော်ပြီး...
ပန်းသီးကို အပြိုင် ကောက်ကြမယ်...တဲ့။

တစ်ယောက်ကတော့ ရိုးသားတယ်။

၁...၂...၃...လို့ ရေရွတ်တိုင်တည်ပြီး ပန်းသီးကို ကောက်လိမ့်မယ်။

တစ်ယောက်ကတော့ ကောက်ကျစ်တယ်။

၁...၃လီ...၃လို့ အော်ဟစ်ပြောဆိုပြီး ပန်းသီးကို ကောက်လိမ့်မယ်။

သူတို့နှစ်ယောက်ရဲ့ ပြိုင်ပွဲမှာ ဘယ်သူနိုင်မလဲ...
ပြော...ဘာကြောင့်လဲ...။





(၁၄)

ရိပ်သာထဲ သူတို့ရောက်သွားကြတော့...တိတ်ဆိတ်ငြိမ်သက်လျက် ရှိ၏။ လူသူကင်းရှင်းလျက် ရှိသည်။ စိတ်ကူးတည့်ရာ အဆောက်အဦတစ်ခုဆီ လျှောက်သွားလိုက်တော့...ဆွမ်းစားရုံ ဖြစ်နေသည်ကို တွေ့ရ၏။ အထဲမှာ ပြင်ဆင်နေသော လူတစ်ယောက်ကို လှမ်းမေးလိုက်၏။

"အဒေါ်...ဒီတရားရိပ်သာက တာဝန်ရှိလူကြီးတွေနဲ့ တွေ့ချင်လို့..."

ထိုအဒေါ်ကြီးက ဘာမှ ပြန်မပြော။ ရှေ့မှ အဝါရောင်တစ်ထပ်တိုက်ပုလေးဆီ ညွှန်ပြ၏။

"အဲဒီကို သွားရမှာလား"

ခေါင်းညိတ်ပြ၏။

"တိုရေ ရှားရေ ရှိလိုက်တာ"

ထိန်လင်းက မကျေမနပ် ရေရွတ်၏။

"ပါးစပ်မအားလို့ နေမှာပေါ့ကွာ"

"မဟုတ်ဘူး…စကားမပြောတတ်တာ ဖြစ်ရမယ်"

"တရားမှတ်နေတာလည်း ဖြစ်နိုင်တာပဲ"

တစ်ယောက်တစ်ပေါက်နှင့် တိုက်အဝါလေးနား ရောက်သွား၏။ သုံးယောက်ဆိုတော့ သုံးပေါက်ဖြစ်လိမ့်မည်။

အထဲတွင် မျက်လုံးအစုံကို မှိတ်ကာ ထိုင်နေသော အဖိုးကြီး တစ်ယောက်ကို တွေ့ရ၏။

"အဖိုး…အဖိုး"

"ကျွန်တော်တို့ မေးစရာလေး ရှိလို့"

"တိုးတိုးပြောပါ"

လေးလေး ညင်ညင် ထွက်လာသော အဖိုးကြီး၏စကားကြောင့် သူတို့ စိတ်ညစ်သွားသည်။

"ဟုတ်…ဟုတ်ကဲ့၊ တိုးတိုးပြော…ဆို ပြောပါ့မယ်…အရေး ကြီးလို့ပါ"

"ဟုတ်တယ်အဖိုး…ကျွန်တော်တို့ သူငယ်ချင်းတစ်ယောက် ဒီမှာ စခန်းဝင်နေတာ…အဲဒါ…"

ထိန်လင်းစကား မဆုံးလိုက်…အဖိုးကြီးထံမှ အသံ ထွက်လာ ပြန်သည်။

"မလောပါနဲ့"

"အဲ…"

သူတို့ လျှာရှိန် သပ်လိုက်ကြရပြန်သည်။ ပြီးမှ လောလည်း မလော၊ ကျယ်လည်း မကျယ်သော အသံနှင့် သူတို့ အဖိုးကြီးကို ရှင်းပြရ၏။

"ဒီလိုပါ…ကျွန်တော်တို့သူငယ်ချင်းတစ်ယောက်…ဒီမှာ တရား စခန်း ဝင်နေပါတယ်…၊ အဲဒါ သူ့အတွက် အရမ်းအရေးကြီးတဲ့ကိစ္စ တစ်ခုပါလာလို့…သူ့ကို အကျိုးအကြောင်းပြောပြီး ရိပ်သာကနေ ပြန်ခေါ် သွားချင်လို့…"

အဖိုးကြီးက အပြောင်းအလဲမရှိသော ပျော့ပျောင်းသော်လည်း တည်ငြိမ်သောမျက်နှာနှင့် သူတို့စကားကို နားထောင်သည်။ ပြီး…





"စိတ်မရှိပါနဲ့ လူကလေးတို့…၊ ဒီရိပ်သာရဲ့ စည်းကမ်းအရ ပြန်ခေါ်ခွင့် မရှိပါဘူး၊ သူတို့ကိုလည်း ဒီတရားရိပ်သာကို ဝင်မယ် ဆိုကတည်းက အပြင်က ကိစ္စတွေအားလုံးကို ဖြတ်တောက်ခဲ့ဖို့ မှာထား ပါတယ်…ခုလို သွားပြောရင် သူ တရားကျင့်တာကို အနှောင့်အယှက် ဖြစ်လိမ့်မယ်…ဒါကြောင့် ခွင့်မပြုနိုင်ဘူး"

ထိုအဖိုးကြီး၏စကားကြောင့် သုံးယောက်သား လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။

"ဟာ…မဖြစ်ဘူး"

"အရေးကြီးတယ်…အဘရဲ့"

"ဒါ…သေရေး ရှင်ရေး မကဘူးဗျ"

"တိုးတိုးပြောပါ…"

လာပြန်ပြီ၊ ဒီ…တိုးတိုးပြောပါ။ 'တိုး' ဆိုတော့လည်း တိုးလိုက် ရုံပါပဲ။

"အဖြစ်အပျက်က အရမ်းအရေးကြီးနေတယ် ဘဘ…၊ ဒီအချိန်ဟာ ဘဝမှာ နှစ်ခါ ပြန်မရနိုင်ဘူး၊ သူ့အတွက်ရော…တခြား တစ်ယောက်အတွက်ပါ အရေးကြီးလို့…ကူညီပါနော်…နော်"

"မလောပါနဲ့…"

ဒီလောက်ဖြစ်နေသောသူကို ကျားလှောင်အိမ် ဖွင့်ပေးလိုက်ပြီး 'တိုးတိုးအော်ပါ'…'မလောပါနဲ့'ဟု ပြောရရင် ကောင်းမည်။ လူငယ်ပီပီ စိတ်အချဉ်ပေါက်ပေါက်နှင့် တွေးမိ၏။

သို့သော်…စိတ်ထဲရှိတာက တခြား၊ ပါးစပ်က ပြောရမှာက တစ်ခြားလေ…။

"ဟုတ်…ဟုတ်ကဲ့ပါ၊ လောလည်း မလောတော့ဘူး…တိုးတိုး လည်း ပြောမယ်၊ အဘရယ်…ကူညီပါ…အရမ်းအရေးကြီးလို့ပါ"

"မဖြစ်လို့ပါ…စည်းကမ်းအရရော…တရားကျင့်နေတဲ့သူအတွက် ရော…ခွင့်မပြုနိုင်ပါဘူး"

မရတော့သည့်အဆုံး သူတို့ လက်လျှော့ကာ ပြန်ကာလာခဲ့ရ တော့သည်။ အပြန်လမ်းမှာတော့…

"ငါကွာ...အရေးထဲ ခေါ်လို့ မရ,ရဘူးရယ်လို့"

"တိုးတိုးပြောပါ..."

ထိန်လင်းစကားကြောင့် သူရ ပြောလက်စ စကား ရပ်သွားရ၏။ ပြီးမှ...

"တော်ကွာ...ဒီမှာ ကျဉ်းထဲ ကြပ်ထဲ ရောက်နေပါတယ်ဆိုမှ ဟိုကောင် ဝေဠုနဲ့ တိုက်ရိုက်တွေ့ရရင် ဒီလိုမဖြစ်ဘူးကွ၊ အဲဒီတရားစခန်းတွေမှာ ညှိသည်ချိန်ဆိုတာ ရှိလားမသိဘူး...အဲလိုဆိုရင် ကောင်းမှာ...ငါတို့..."

"မလောပါနဲ့..."

ထိန်လင်းက အဖိုးကြီးလေသံနှင့် ဝင်နှောက်သဖြင့် ရယ်ကြရသေးသည်။ ဘတ်စကားစီးကြသော်လည်း စပယ်ယာကို သွားပြီး...

"တိုးတိုးပြောပါ..."

"ဘတ်စကားပေါ်မှာ တိုး,တိုးပြီး ပြောရမှာပဲဗျို့"

စပယ်ယာက ဘုပြန်ပြောတော့ အငိုက်မိသွားပြီး သူတို့ ရယ်ဖြစ်ကြသည်။ သို့သော် သူတို့က မလျှော့သေးဘဲ...

"ကားခပဲဗျာ...ရမှာပေါ့၊ မလောပါနဲ့..."

"ကားခမဟုတ်ဘူး ကိုယ့်ဆရာ...ယာဉ်စီးခ၊ ခင်ဗျားကို ဒီယာဉ်နဲ့ သယ်ဆောင်သွားပေးမှာ၊ ယာဉ်စီးခလို့ ပြောပါ၊ ကားခဆိုတဲ့ စကားလုံးကြီးက မကောင်းပါဘူး၊ အဲ့ဒီလိုမျိုးလည်း ကျွန်တော်တို့ စီးပွားမရှာပါဘူး"

နောက်တစ်နေ့...။

သူတို့ ကျောင်းမှာ ဆုံကြတော့...

"ဘယ်လိုလဲ...နင်တို့ ဝေဠုဆီသွားတာ ဘာမှ မထူးခဲ့ဘူးလား၊ ဝေဠုရော...ပါမလာဘူး မဟုတ်လား...အဲဒါဆို ဘယ်လိုလုပ်ကြမလဲ"

နှင်းမာက အလောတကြီး မေး၏။

"တိုးတိုးပြောပါ..."

"မလောပါနဲ့..."

"ဘာလဲဟ...ဘာတွေ ကြောင်လာတာလဲ"





"အေးလေ..."

ထိန်လင်းတို့သုံးယောက်သား ရယ်မိကြ၏။ အမှန်တော့ သူတို့အားလုံးသည် မနေ့က ကားစပယ်ယာလောက်ပင် စကားမတတ်ကြသူများဖြစ်သည်။

ထိန်လင်းက...

"အေး...မနေ့က ငါတို့လည်း ဝေဠုအစား ဒီစကားနှစ်ခွန်းပဲ ရခဲ့တယ်"

အစအဆုံး ပြန်ပြောပြလိုက်တော့ မိန်းကလေးသုံးယောက်လည်း စိတ်ညစ်သွားကြသည်။ ရင်ငြိမ်းက...

"အဲဒါမှ ဒုက္ခပဲ..."

"ဘာလို့လဲ"

"ငါ့ဆီကို မနေ့က...ဆုမွန်ဆီက ဖုန်းလာတယ်"

"ဘာတဲ့လဲ..."

အားလုံး ငြိမ်သက်စိတ်ဝင်စားသွားကြ၏။

"သူတို့အိမ်မှာရော...ဟိုဘက်ကရော...အမြန်စီစဉ်နေကြပြီ၊ လာတောင်းမယ့် ရက်ရော...လက်မှတ်ထိုးဖို့ ရက်ရော...သတ်မှတ်လိုက်ပြီတဲ့"

"ဟင်...သူတို့ဟာကလည်း ဈေးပေါ်ပေါ်ပစ္စည်း ကျနေတာပဲ...ဆုမွန်ဆိုတဲ့ နာမည်လေးကိုတောင် အားမနာဘူး"

ယဉ်မင်းက မကျေမနပ်ဆို၏။

"လမ်းထိပ်က ကောင်မလေးရဲ့ ပရောဂ နေမှာပေါ့ဟာ"

နှင်းမာက ဝင်ဖြေဆေးပေး၏။

"ကဲ...ထားပါ...အဲဒီဝေဖန်ချက်တွေ နောက်ထား...ဆက်ပြော ရင်ငြိမ်း...ဘာတဲ့လဲ...ဘယ်ရက်တဲ့လဲ"

"နှစ်ဆယ့်ခြောက်ရက်နေ့..."

"နှစ်ဆယ့်ခြောက်ဆိုတော့...ဒီနေ့...ဆယ့်ကိုးရက်၊ ဝေဠု ရိပ်သာဝင်တာ ငါးရက်ရှိပြီဆိုတော့...အင်း...သူ (၂၄)ရက် ညနေ ထွက်လာရမှာ...၊ စီစဉ်ချိန် တစ်ရက်...အင်း...မီတော့ မီပါတယ်"

''အေး...အဲဒါ ပြောမလို့''

ထိန်လင်းက တွက်ချက်နေ၍ ရင်ငြိမ်းက ဝင်ပြော၏။

''အဲဒီရက်မတိုင်ခင် ခိုးမှ ဖြစ်မှာလေ...ခု...သူ့ကို ပိုပြီး စောင့်ကြည့်နေကြပြီတဲ့...ဘယ်မှ မလာရ၊ မသွားရ၊ ဟိုဟာမလုပ်ရ၊ သည်ဟာမလုပ်ရ ဖြစ်နေပြီတဲ့''

''အဲဒီတော့...''

''သူက မှာတယ်...ဝေဠုကို အခေါ်လွှတ်တာရော အဆင်ပြေလားတဲ့...စီစဉ်စရာရှိတာ စီစဉ်လို့ ရရဲ့လား...တဲ့''

''နင်က ဘာပြန်ပြောလိုက်လဲ''

သူရက အလောတကြီး ဝင်မေးသဖြင့် ထိန်လင်းနှင့် သန်းထိုက်က စပ်ဖြဲဖြဲလုပ်ကာ

''တိုးတိုးပြောပါ...''

''မလောပါနဲ့...''

စိတ်ညစ်သည့်ကြားထဲက ရယ်မိကြပြန်သည်။

''ဩော်...ငါကတော့ စိတ်ချမ်းသာအောင် ပြောလိုက်ရတာပေါ့ ဘာမှ မပူပါနဲ့...အားလုံး ပြင်ဆင်ထားမှာပါ...ဝေဠုလည်း ပြန်ရောက်လာမှာပါ...နင့်ဘာသာ နင်သာ ဟိုမှာ အယုံသွင်းပြီး ဟန်မပျက် ဆက်နေ...ဘာညာ...ပေါ့ဟာ''

''အဲလို ဖုန်းဆက်တာကျ ခွင့်ပြုလား...''

''အံမယ်လေး...ရပါလိမ့်မယ်၊ အဲဒါ သူ့သူငယ်ချင်းတစ်ယောက် လာလည်ရင်း ပါလာတဲ့ ဆယ်လူလာနဲ့ ခိုးဆက်တာ...တဲ့''

အားလုံး ငိုင်သွားကြသည်။ ရင်ထဲမှာတော့ ဝေဠုနှင့် ဆုမွန်အတွက် သောကကိုယ်စီနှင့်...။ အဆင်ပြေမှ ပြေပါ့မလား...ဆိုသော စိုးရိမ်စိတ် ကိုယ်စီနှင့်...။ ထိုအချိန်မှာပဲ ကဗျာဆရာအောင်မင်းက စာအုပ်ထူကြီးတစ်အုပ်ကို ကိုင်ပြီး ရောက်လာသည်။ သူတို့ကို...

''ဝေဠုဟာ အတော်ကြောက်တတ်တဲ့ ကောင်ပဲဗျာ''

''ဟင်...ဘာဖြစ်လို့လဲ''

အလန့်တကြား မေးလိုက်မိကြသည်။





''သူနဲ့ သူ့ကောင်မလေးကို ကောင်မလေးရဲ့ဘကြီးက တွေ့သွားတယ်၊ ဘကြီးစက်ကွင်းက လွတ်အောင် ဥပုသ်တစ်ရက် စောင့်နိုင်းလိုက်တာ...အဲ့ဒါကို ဒီကောင် ရိပ်သာပါ ဆက်ဝင်နေတယ်ဗျာ...အတယ့်ကောင်ပါပဲ...စိုးရိမ်နိုင်လွန်းတယ်''

''အရေးထဲ သူကတစ်မျိုး...''ဟု စိတ်ညစ်နေသည့်ကြားမှ ရယ်ကြရသေးသည်။

တထိတ်ထိတ်စောင့်စားရင်းနှင့်ပင် ဝေဠု တရားစခန်းမှ ထွက်သောရက်သို့ ရောက်လာခဲ့တော့၏။

ထောင်မှလွတ်လာသော သူတစ်ယောက်ကို လာကြိုသလို သူ့ကို အပေါက်ဝတွင် ထိုင်စောင့်နေသူများကို တွေ့ရတော့...သူ အံ့သြသွား၏။

ဝေဠုကို မြင်လိုက်သည်ဆိုလျှင်ပဲ တစ်ယောက်တစ်ခွန်း ဝိုင်းပြောကြတော့သည်။

''ဝေဠု...အချိန်မရှိတော့ဘူး၊ မင်း...တရားစခန်းက ထွက်မယ့်ရက်ကို စောင့်နေကြတာ''

''ဟုတ်တယ်ကွ...ဟိုမှာ...ဆုမွန်ကို ဦးတင်ကိုကိုတို့ လာတောင်းရမ်းပြီး လက်မှတ်ထိုးမယ့်ရက်က တအားကပ်နေပြီ...''

''ဆုမွန်ကိုလည်း ဘယ်မှ ပေးမထွက်ဘူး၊ ပိုပြီး တင်းကြပ်ထားတယ်တဲ့''

''ရက်က တအားကပ်နေပြီ၊ သန်ဖက်ခါမနက်လောက် သူတို့က စီစဉ်ကြမှာဆိုတော့...မနက်ဖြန်လောက် မင်း ခိုးမှ ရမှာ...''

ဘယ်သူတွေ ဘာပြောပြော ဝေဠုက မတုန်လှုပ်။ သူ့မျက်နှာကို ကြည့်လိုက်တော့ တမင်လုပ်နေတာ မဟုတ်မှန်း သိသာသည်။ ပကတိ အေးချမ်းငြိမ်သက်လျက်...။

သူတို့ပြောသောစကားများကို တည်ကြည်စွာ နားထောင်နေသည်။ ကြွေးပင် မပျက်။ အားကြိုးမာန်တက် ပြောရသူတွေက လျှာဟပ်ထိုး လဲကုန်ကြရ၏။

''တို့ဟာကလည်းကွာ...အိုးကမပူ၊ စလောင်းက ပူဆိုသလို

ဖြစ်နေပြီ”

“မင်းစကားပုံက ဒိတ်အောက်နေပါပြီ၊ ထားလိုက်ပါ…ဝေဠုက စဉ်းစားနေတာ ဖြစ်မှာပါ…မီးဆိုတာ ပြောင်းပြန် မလောင်ပါဘူး”

“အေး…ဟုတ်တယ်၊ ငါ စဉ်းစားနေတာ…”

“စဉ်းစားစရာ ဘာလိုသေးလဲကွာ…”

သူ့ရအသံက နည်းနည်းကျယ်သွားသဖြင့်…

“တိုးတိုးပြောပါ…”

ထိန်လင်းနှင့်သန်းထိုက် နောက်လိုက်ခြင်း မဟုတ်။ ဝေဠုက ပြောလိုက်ခြင်းဖြစ်သည်။

“ဒီစကားလုံးနဲ့ ခုထိ မလွတ်သေးပါလား…”

“အေးလေ…မနက်ဖြန် ခိုးရမှာမို့ ဒီနေ့ညနေ မင်းကို လာစောင့်နေကြတာ၊ စီစဉ်စရာရှိတာ အမြန်စီစဉ်မှ ဖြစ်တော့မှာလေ…၊ အချိတ်အဆက်ရှိအောင်…အဆင်ပြေအောင် လိုတာတွေ လုပ်ရဦးမှာ…”

“မလောပါနဲ့…”

သုံးယောက်သား စိတ်ပျက်သွားကြသည်။ သို့သော်…စိတ်ရှည်သော ထိန်လင်းက…

“ကဲကဲ…မလောပါဘူး…ပြော…ခုနက မင်း စဉ်းစားနေတာကို ပြော…”

“ခိုးတယ်ဆိုတာ ကောင်းတဲ့အလုပ် မဟုတ်ဘူး”

“ဘယ်လို…”

“ကံငါးပါးထဲက တစ်ပါးကို ကျူးလွန်ဖောက်ဖျက်တာ ဖြစ်တဲ့အတွက်…မကောင်းဘူးကွ၊ ပြီးတော့…”

“ပြီးတော့…ဘာဖြစ်လဲ”

သန်းထိုက် ငေါ့ရင်း ထောက်ပေး၏။

“ပြီးတော့…ငါက ဆုမွန်ကို ခိုးပြေးလိုက်ရင်လည်း ဟိုဘက်က စီစဉ်ထားတဲ့ ဦးတင်ကိုကိုတို့ နစ်နာလိမ့်မယ်…”

“နာတော့ ဘာဖြစ်လဲကွာ…”

သန်းထိုက် ဒေါသထွက်လာပုံ ရ၏။





“ဒေါသရှေ့မထားပါနဲ့ကွာ…သူများ နာပြီးရမှ ကိုယ်သာရမယ့်ကိစ္စဟာ မကောင်းပါဘူး။ ဒီနည်းကို သုံးဖို့ဆိုတာ မကောင်းလှပါဘူး”

“မကောင်းဘူး…ဟုတ်လား…မင်း ဘာတွေဖြစ်နေတာလဲ ဝေဠု”

“ဘာမှမဖြစ်ပါဘူး…တရားသဘောကို ပြောနေတာပါ”

“ကဲ…ဒါဆို မင်း ဆုမွန်ကို မချစ်ဘူးလား”

သူ့ရ စိတ်မရှည်တော့သလို မေး၏။

ထိုအခါကျတော့လည်း ဝေဠုက အေးအေးဆေးဆေးပင် မျက်လွှာကို ချပြီး…

“အဲဒီ…အချစ်ဆိုတာက ဒုက္ခရဲ့ အစပဲ…၊ မင်းတို့က ငါ့ကို သမုဒယကြိုးတွေနဲ့ ချည်ချင်ကြတာကိုး…”

အားလုံး လက်မှိုင်ချလိုက်ရသည်။ ဘယ်လိုဆက်ပြောရမှန်း မသိတော့။ ဟိုတစ်ခါကြုံခဲ့သော ကားစပယ်ယာကိုပင် ပြေးခေါ်ချင်စိတ်ပေါက်လာကြသည်။ ဓမ္မအရသာလား…ဓားမအရသာလားပင် မကွဲပြားတော့ချေ။

ဝေဠုကို လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို ခေါ်သွားပြီး ခဏထိုင်ခိုင်းထားရသည်။ ပြီး…သူတို့က ဘာလုပ်ကြမလဲ တိုင်ပင်ရ၏။

သူတို့ ဘာလုပ်နေနေ…ဝေဠုကတော့ စိတ်ဝင်စားပုံ မပြ…။ ဘာပြောပြော ကြားပုံလည်း မပေါ်…။ ပကတိအေးချမ်းသောအသွင်နှင့် တရားကိုသာ ရှုမှတ်နေပုံသာ ရသည်။

ထိန်လင်းက…

“ဘယ်လိုလုပ်ကြမလဲ…ဆုမွန်တော့ ဒုက္ခပဲ”

“အေးလေ…ငါလည်း ဒါပဲ စဉ်းစားရင်း ဒေါသထွက်နေတာ”

သန်းထိုက်က ဆို၏။

“စဉ်းစားတာ အကြံပဲ ထွက်ပါကွာ၊ ဘယ်က ဒေါသက ပါလာရတာလဲ…ခဏသိမ်းထားလိုက်၊ မင်းကသာ ဒေါသထွက်နေ ဟိုက အေးချမ်းလိုက်တာ တွေ့လား…”

“တိုးတိုးပြောပါကွာ…”

''အေးပါ…မလောပါဘူး''

သူတို့ စိတ်ညစ်ညစ်နှင့် ရယ်ရသေးတော့၏။

ခဏကြာမှ သူရက လက်ဖျောက်တစ်ချက်တီးကာ…

''ဟာ…ဟုတ်ပြီ…အကြံရပြီ''

ခေါင်းသုံးလုံး ပူးသွားကြ၏။ 'တိုးတိုးပြောပါ…'ဟု ပြောမည့်သူ မရှိဘဲ…အသံတွေက တိုးသွားကြသည်။

''သူ့ရောဂါက…အဲ…ရောဂါပဲ ထားလိုက်ပါတော့ကွာ၊ ပျောက်တဲ့အဆင့် မဟုတ်သေးဘူး…ကုခါစ ရှိသေးတယ်''

''အင်းလေ…အဲဒါ ဘာဖြစ်လဲ''

''တရားစခန်းက ထွက်လာခါစမို့ ဒီလိုဖြစ်နေတာ…ဒီတော့''

ခေါင်းသုံးလုံး တိုက်မိမတတ် ဖြစ်သွားကြပြန်သည်။

''x x x x x x''

''x x x x x x''

''x x x x x x''

''x x x x x x''

''အေး…အဲဒါပဲ''

''ဟေး''

သုံးယောက်သား ဝမ်းသာအားရ အော်လိုက်မိကြသည်။

စားပွဲစွန်းမှာထိုင်နေသော ဝေဠုကတော့ ပကတိအေးချမ်းလျက်၊ တမင်သက်သက်…အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေကို အပင်ပန်းခံပြီး ရှုမှတ်နေလေသည်။

✿✿✿





သူ့ကို ကျွန်တော် ချစ်သည်။

ကြာတော့လည်း ချစ်ရတာကို ပျင်းလာသည်။

ထိုသို့ဖြင့်…

ပျင်းရတာကြီးကိုလည်း ပျင်းလာသည်။

ထိုသို့ဖြင့်…

သူ့ကို ကျွန်တော် ထပ်ချစ်မိသည်။

ထိုသို့ဖြင့်…

… … …

… … … …

… … … … …။

(၁၅)

အမှန်ဆိုလျှင် ဤနေ့သည် ဝေဠုနှင့်ဆုမွန်တို့အတွက် နောက်ဆုံးနေ့ဖြစ်၏။ ဘေးလူတွေကပင် မရိုးမရွ ဖြစ်နေရသော အရေးတကြီးနေ့လည်းဖြစ်သည်။ ပြက္ခဒိန်မှာ ပြဿဒါးလား၊ ရက်ရာဇာလား။ အို... ဘာဖြစ်ဖြစ်၊ လိုအပ်တာက သူတို့နှစ်ဦး ဆုံစည်းမှုဖြစ်မည်။

"လာကွာ...ဝေဠု"

ဘာကိစ္စမှမရှိသလို အေးအေးဆေးဆေးနှင့်ပင် လက်ဖက်ရည်ဆိုင်သို့ ခေါ်ထုတ်လာခဲ့သည်။

"ဘယ်ဆိုင်သွားမှာလဲ"

"မထိုင်ဘူးတဲ့ ဆိုင်တစ်ဆိုင်ကို သွားထိုင်ရအောင်ကွာ"

သူရမှာ ဆိုင်ကယ်ပါသဖြင့် အိမ်အနီးနားက လက်ဖက်ရည်ဆိုင်တွေမှာ မထိုင်ဘဲ ခပ်ဝေးဝေးသို့ ထွက်ခဲ့ကြသည်။ ဝေဠုက မသင်္ကာဖြစ်ဟန် မရှိ။ ဆုမွန်ကို ဒီနေ့မှ သွားမခိုးလျှင် မဖြစ်ကြောင်းကိုလည်း ခေါင်းထဲမှာ ထည့်တွေးထားပုံ မပေါ်။ စကားလည်း သိပ်မပြော။ သူရက ရှေ့ကားတွေကို ကျော်တက်သည့်အခါများမှာသာ တစ်ခွန်းပြောသည်။





"မလောပါနဲ့"

လမ်းကြို လမ်းကြားများထဲသို့ ဆိုင်ကယ်ကို မောင်းဝင်ချပြီး မြေစိုက် လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှေ့မှာ ရပ်လိုက်သည်။

"လာ အစ်ကိုကြီးတို့၊ ဘာသောက်ကြမလဲ"

လက်ဖက်ရည်ဆိုင်က လူသိပ်မရှိချေ။ ရှင်းလင်းနေသည်။ 'ဘယ်လိုဆိုင်ကို ခေါ်လာတာလဲကွာ''ဟု ဝေဠုက မမေးပါ။

သူရကသာ ဝေဠုကို...

"ဘာသောက်မလဲ"

"ကျစိမ့်ပဲပေါ့ကွာ"

"ကျစိမ့်ရှယ် နှစ်ခွက်ဟေ့..."

အတော်ကြာသည့်အထိ နှစ်ယောက်သား ဘာစကားကိုမှ မပြောဖြစ်ကြ။ လက်ဖက်ရည်ခွက်ကို မွှေရင်း သူရ၏ရင်ထဲမှာ လှုပ်ရှားလာသည်။ အစီအစဉ် အောင်မြင်ပါ့မလား...ဟု။

သူတို့၏နံဘေးစားပွဲသို့ အသက်လေးဆယ်ခန့်ရှိသော အသားညိုညို လူတစ်ဦး လာထိုင်သည်။ ဆိုင်က ကျဉ်းသဖြင့် စားပွဲချင်းကလည်း ကပ်နေသည်။ သူရက ထိုလူ့ကို အကဲခတ်သလို ကြည့်မိ၏။ ဝေဠုကတော့ လှည့်ပင်မကြည့်။

"မင်း ဒီနေ့ အချိန်ရတယ် မဟုတ်လား၊ အေးအေးဆေးဆေးပေါ့"

သူရက ဝေဠုကို ပြောလိုက်ခြင်းဖြစ်သည်။ ဝေဠုအလိုကျ တိုးတိုးပြောလိုက်ခြင်းလည်း ဖြစ်သည်။

"အေး..."

ထိုအချိန်မှာပဲ လက်ဖက်ရည်ဆိုင်ရှေ့မှာ အရပ်ပုပု လူတစ်ယောက် ဖြတ်လျှောက်သည်။ သူတို့ဘေးဝိုင်းမှ ပုဂ္ဂိုလ်က လက်ပြပြီး လှမ်းခေါ်သည်။

:"ဟေ့လူ...ဘယ်ကိုလဲ"

"ဈေးဘက် သွားမလို့"

"လာလေဗျာ...ထိုင်ပါဦး"

သူ မခေါ်ကတည်းက ဟိုလူကလည်း ဝင်ချင်နေပြီဖြစ်သည်။ အခေါ်စောင့်နေပုံ ရ၏။ ထို့နောက် လက်ဖက်ရည်ထက် ချိုသည်ဟုထင်သော စကားများကို အတိုင်အဖောက်ညီညီ ပြောကြလေတော့သည်။

"ဘယ်လိုလဲ…မိန်းမ မယူတော့ဘူးလား"

"ကျုပ်ကိုသာ မေးနေတယ်…ခင်ဗျားကရော"

ပြီး တဟားဟားရယ်ကြသည်။ သူရ ဝမ်းသာသွားသည်။ ဤသို့ဖြစ်ရန် တမင်ဖန်တီးခဲ့ခြင်းဖြစ်၏။ ဤယုန်ကို ဤခြုံသို့ လာပို့ခြင်းဖြစ်၏။

ဤဆိုင်မှာ လူပျိုကြီးတွေ ထိုင်လေ့ရှိသည်ဆိုသောကြောင့် ဝေဠုကို ခေါ်လာခဲ့ခြင်းဖြစ်သည်။ လူပျိုကြီးတွေ ပြောမည့်စကားသည် လက်ရှိ ဖြစ်ပွားနေသည့် ဝေဠုတို့ အရေးအခင်းအတွက် တစ်စုံတစ်ရာကို အကျိုးထူးနိုင်သည်။

"မနေ့ကပဲ ကျုပ် ထူးခြားတဲ့ မင်္ဂလာပွဲတစ်ခုအကြောင်း စာအုပ်ထဲမှာ ဖတ်လိုက်ရတယ်ဗျ"

"ဟုတ်လား…ဘယ်လိုများလဲ"

သူတို့၏ အသံတွေက တစ်ဆိုင်လုံး ကြားရလောက်အောင် ကျယ်လောင်၏။ ဆိုင်ကလည်း ကျဉ်းမှကျဉ်းကိုး…။ ဝေဠုက တိုးတိုးပြောပါဟု တောင်းဆိုမှာ သူရ စိုးရိမ်မိသေးသည်။ သို့သော်…ဝေဠုက ဘာမှမပြော။ ထိုလူတွေကို လှည့်လည်း မကြည့်။

"ဒီလိုဗျ…သီရိလင်္ကာမှာ မင်္ဂလာဆောင်ကြလို့ရှိရင် သတို့သားနဲ့ သတို့သမီးကို လက်မတွေ ပူးချည်ပေးပြီး မင်္ဂလာဆောင်တယ်ဆိုပဲ"

"တစ်မျိုးပဲနော်"

"အေးဗျာ…ချစ်စရာလေး"

" ဒါပေမဲ့ ကျွန်တော်မှတ်ထားတဲ့ သတင်းတစ်ခုကို ပြောပြဦးမယ်၊ ပိုထူးဆန်းတယ်ဗျ။ ကျေနပ်စရာ အပြည့်ပဲ"

"ဘာပါလိမ့်…"

"ပါရာဂွေးနိုင်ငံကို ရှာဖွေတွေ့ရှိပြီး သူကိုယ်တိုင် မင်းလုပ်အုပ်ချုပ်ခဲ့သူဗျာ"

"အင်း…မသိဘူး၊ သူက ဘာဖြစ်လို့လဲ"





"ညီအစ်မ (၇)ယောက်ကို တပြိုင်တည်း လက်ထပ်ခဲ့တာတဲ့ဗျ"

"ဟာ…"

"ခင်ဗျား အံ့ဩသွားတယ် မဟုတ်လား"

"အေး…ပိုင်လိုက်တဲ့လူဗျာ၊ မိန်းမ(၇)ယောက်ကိုရပြီး ယောက္ခမကျတော့ တစ်ယောက်တည်း၊ အားကျဖို့ ကောင်းတယ်ဗျာ"

ထိုသို့ပင် သူတို့ချစ်ကြိုက်လက်ထပ်သည့်အကြောင်းတွေချည်း ပြောနေတော့၏။ သူတို့၏မျှော်လင့်ချက်၊ ခံစားချက်တွေကလည်း ဖုံးမရ ဖိမရ ပါဝင်နေသည်။ (သို့မဟုတ်) မဖုံးနိုင် မဖိနိုင် ပါဝင်နေသည်။ သူရ ဝေဠုကို အကဲခတ်လိုက်တော့ ဝေဠုတစ်ယောက် နှာခေါင်းပွတ်လိုက်၊ ဆံပင်သပ်တင်လိုက် ဖြစ်နေပြီ။

ပြောရလျှင် ရောဂါထ,စပြုပြီပေါ့။

လူပျိုကြီးနှစ်ယောက်ကလည်း အင်မတန်ကျေးဇူးတင်စရာကောင်းသည့် စကားတွေကို ဆက်ပြောနေကြသည်။

"အင်္ဂလန်မှာဖြစ်ခဲ့တဲ့ ကိစ္စတစ်ခုလည်း ရှိသေးတယ်ဗျ"

"ဆို"

"လွန်ဟယ်လ်ဒါဆိုတဲ့ လူတစ်ယောက်ဟာ အိပ်မက်ထဲမှာ မိန်းကလေးတစ်ယောက်ကို ချစ်သူအဖြစ် မက်တယ်တဲ့။ အဲ့ဒီမိန်းကလေးကို အပြင်မှာ ခက်ခက်ခဲခဲလိုက်ရှာတယ်။ နောက်ဆုံး တွေ့သွားပြီး သူတို့ လက်ထပ်ဖြစ်လိုက်ကြတယ်တဲ့"

"ဟင်…ကျုပ်ဆိုရင်တော့ ဒုက္ခပဲ"

"ဘာဖြစ်လို့လဲ"

"ကျုပ် အိပ်မက် မက်တဲ့ ချစ်သူမိန်းကလေးက တစ်ယောက်တည်းမဟုတ်ဘူးဗျ၊ အများကြီး…။ လိုက်ရှာရင်တော့ ရှာတိုင်း တွေ့နေတော့မှာပဲ၊ ဟား…ဟား…ဟား"

ဝေဠုက နေမရ ထိုင်မရ ဖြစ်လာသည်။ သူ့ကိုယ်သူ ပြန်ထိန်းချုပ်နိုင်ရန်လည်း ကြိုးစားပုံရသည်။ လူပျိုကြီးများကို လှည့်ကြည့်ပြီး တစ်စုံတစ်ရာပြောရန် ပြင်သည်။

သူရက ကပျာကယာ သူ့လက်ကို ဖမ်းကိုင်လိုက်ပြီး…

''မလောပါနဲ့''

''ဟင်...''

''မလောပါနဲ့...လို့''

ဝေဠု သက်ပြင်းချပြီး ငြိမ်သွားသည်။ ဝေဠု၏ အခြေအနေကို ကြည့်ပြီး သူ့အစီအစဉ်အောင်မြင်စပြုပြီဖြစ်ကြောင်း သူရ နားလည်လိုက်သည်။

လူပျိုကြီးနှစ်ယောက်၏ စကားသံက ဆက်လက်ပျံ့လွင့်လာသည်။ နေ့စဉ်နှင့်အမျှ ဒါတွေကိုချည်း လေ့လာခဲ့ပုံရသည်။ ပြောစရာစကားက ကုန်ကို မကုန်ကြ။

''ကွန်ဂိုနိုင်ငံက ပစ်ဇမီလူမျိုးစု တစ်စုအကြောင်းလည်း ကျုပ်ကြားဖူးတယ်ဗျ။ မိန်းမတွေက သူတို့ယောကျ်ားကို တခြားမိန်းမက ခိုးသွားမှာ ကြောက်တယ်တဲ့။ သူတို့ရဲ့နာမည်ကို ယောကျ်ားရဲ့နဖူးမှာ ထိုးပေးထားတယ်တဲ့''

''အလို တယ်ကြမ်းပါလားဗျ။ ဒါဆို...အဲ့ဒီယောကျ်ားက မိန်းမတစ်ယောက်တည်း ယူလို့ ရမှာပေါ့''

''အေးပေါ့...အဲ့ဒီမိန်းမကလည်း သူ့နာမည်တစ်လုံးတည်းကိုပဲ နဖူးအပြည့် ရေးထိုးထားမှာပေါ့''

သူတို့ ရယ်ကြသည်။ သူရလည်း ရယ်ချင်လာမိသည်။

''အေးဗျာ...တကယ်တော့လည်း အရွယ်ရောက်နေတဲ့ မိန်းမတစ်ယောက်အဖို့တော့ သူ့ကို လုံခြုံမှုပေးမယ့် လင်သားတစ်ယောက်ဟာ အမှန်တကယ် လိုအပ်ပါတယ်''

''ဒါပေါ့ဗျာ...၊ အဆိုတောင်ရှိသားပဲ...မိန်းမတစ်ယောက်ဟာ မောင်တစ်ကျိပ်ပင် ရှိလင့်ကစား လင်တစ်ယောက်မရှိရင် မတင့်တယ်ဘူး ဆိုတာလေ''

''အင်း...ဟုတ်တယ်၊ ဒါပေမဲ့ဗျာ အချစ်ဆိုတာကလည်း ခက်သား...။ ချစ်သူကို ချစ်ရတာ မိုးပေါ်က နဂါးငွေ့တန်းကြီးကို လှမ်းကြည့်နေရသလိုပဲ''

''ဘာဖြစ်လို့တုန်းဗျ''

''လှမ်းကြည့်ရတာ သိပ်လှတယ်လေဗျာ၊ ဒါပေမဲ့ မြင်သာမြင်





ကြင်ဖို့ခက်တယ်၊ ဆိုင်သာဆိုင် မပိုင်ရတာတွေက များတယ်''

''အေးလေ...ဒါကြောင့် ကျုပ်တို့ လူပျိုကြီးဖြစ်နေရတာပေါ့ဗျာ''

စကားအဆုံးမှာ တဟားဟားရယ်ကြ၏။ သို့သော် ရယ်သံတွေက အားမပါလှ။ ကိုယ့်ဂိုးကို ပြန်သွင်းမိပြီး ရက်ရယ်သော နောက်တန်း ခံစစ်မှူးကြီးများလို ဖြစ်နေသည်။

ဝေဠုက...

''ဟေ့ကောင်...သူရ''

''ဟေ...''

''ဆုမွန်ဆီက ဖုန်းဆက်လို့လည်း မရဘူးနော် ဟုတ်လား''

''အေး...သူ့ကို ဖုန်းလည်း ပေးမကိုင်ဘူးတဲ့''

ဝေဠု ငြိမ်ပြီး စဉ်းစားနေသည်။ လူပျိုကြီးတို့၏ အပြန်အလှန်စကားသံတွေကိုလည်း ကြားနေရဆဲ...။ ခုလောက်ဆိုရင် ဝေဠု၏ အနေအထားက သူတို့လိုချင်သော အတိုင်းအတာကို ရပြီ။ နံဘေးမှလူပျိုကြီးများကဲ့သို့ပင် မိန်းမလိုချင်စိတ်တွေ တဖွားဖွားပေါက်နေလောက်ပြီ။

''ငါ ခဏ...ဖုန်းသွားပြောလိုက်ဦးမယ်ကွာ''

ဝေဠုက ပြောခြင်းမဟုတ်ပါ။ သူရက ပြောခြင်းဖြစ်သည်။ ဝေဠုကို ထားခဲ့ပြီး မျက်နှာချင်းဆိုင် စတိုးဆိုင်မှာ ထိန်လင်းတို့ သန်းထိုက်တို့ဆီ ဖုန်းသွားဆက်ရသည်။

''ဟဲလို...နေခြည်ပွင့် စားသောက်ဆိုင်ကပါလားခင်ဗျာ''

''ဟုတ်ပါတယ်''

''အဲဒီမှာ ထိန်းလင်းတို့ သန်းထိုက်တို့ ရှိမယ်ခင်ဗျ၊ ခဏခေါ်ပေးပါ''

ဖုန်းကို သန်းထိုက်က လာကိုင်သည်။

''ဟဲလို...သူရလား''

''အေး...ဟုတ်တယ်''

''မင်းဆီက အခြေအနေ အိုကေလား''

''အိုကေတယ်...မင်းတို့ အဆင်သင့်ဖြစ်ပြီလား''

''မဖြစ်ဘူးကွာ အဆင်မပြေဘူး''

"ဟင်…"

"အေးကွာ…ငါတို့ဒီမှာ စိတ်ညစ်နေကြတာ"

သူတို့၏ အစီအစဉ်အရ…

သူရက ဝေဠုကို ထိုလက်ဖက်ရည်ဆိုင်သို့ ခေါ်သွားပြီး မိန်းမယူချင်စိတ်ပေါ်အောင် လုပ်ရမည်။ ထိန်လင်းနှင့်သန်းထိုက်က ရွှေနေလူလည်တစ်ယောက်ကို သွားခေါ်ပြီး ထိုစားသောက်ဆိုင်မှ စောင့်နေမည်။

မိန်းမယူချင်စိတ်ပေါ်လာသော ဝေဠုကို ထိုရွှေနေက အပြောအဟောကောင်းကောင်းဖြင့် ဆွယ်တရားဟောပြီး ခိုးမှုမမြောက်ကြောင်း သွန်သင်ပို့ချ တိုက်တွန်းမည်။ ထိုညမှာပင် ဆုမွန်ကို ခိုးဖြစ်အောင်ခိုးကြမည်။ ထိုသို့ဖြစ်၏။

ယခုဆိုလျှင် အစီအစဉ်က ထင်သလောက်မပီပြင်။

"ဘယ်လိုဖြစ်ကြတာလဲကွာ၊ မင်းတို့ကလည်း…"

"အေးကွာ…ဖုန်းကြိုဆက်ထားလျက်နဲ့ အရေးကြီးတဲ့ညှိသည်တွေက အတင်းလာခေါ်သွားလို့တဲ့ လိုက်သွားတယ်"

"ဆုမွန်တို့ ဘကြီး ဖြစ်နေပါဦးမယ်၊ တောက်…အဲ့ဒီရွှေနေကလူလည်ကျသလိုပဲ စကားကလည်း မတည်ဘူး"

"မင်းတို့က လူလည်ရွှေနေကို ခေါ်ရတဲ့ဘဝကိုးကွာ၊ ထားလိုက်ပါတော့၊ နေပါဦး တခြား အဲ…ခဏနေပါဦး ခဏနေဦး"

"ရပါတယ်…ဘာဖြစ်လို့လဲ"

"ဖုန်းကိုင်ထားဦး…"

စတိုးဆိုင်ပိုင်ရှင်ကိုပါ တောင်းပန်ပြီး ဖုန်းခွက်ကို ဘေးခဏချကာ ဝေဠုရှိရာ လက်ဖက်ရည်ဆိုင်ဆီ ပြန်ပြေးရ၏။

ယောဂီဝတ်စုံဝတ်ထားသော လူတစ်ယောက်အပါအဝင် စုစုပေါင်းသုံးယောက် လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်မည်ပြုနေ၏။ သူရက သူတို့ကို အတင်းအဓမ္မ သွားတားရသည်။

"အစ်ကိုကြီးတို့ ခဏနေပါဦးဗျာ၊ ဆိုင်ထဲ မဝင်ပါနဲ့ဦး"

"ဘာဖြစ်လို့လဲ"





"အဲ…ဟို"

သူရက ဘာပြောရမှန်းမသိ။

အမှန်တော့ သူတို့တာသာ လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်ကာကိုကိုယ်က တားပိုင်ခွင့်မှမရှိဘဲ။ သို့သော် ရရှိထားသော သတင်းအချက်အလက်များအရ ထိုလူပျိုကြီးအုပ်စုသည် အမှန်အကန်လူပျိုကြီး အုပ်စုဖြစ်သည်။ ဆိုင်ထဲမှရောက်နေသော အကြံအဖန်လူပျိုကြီးများနှင့် လိုင်းမတူ။

သူတို့က မိန်းမ,မရ၍ လူပျိုကြီးဖြစ်နေကြသူများ မဟုတ်။ မိန်းမ,မလိုချင်၍ လူပျိုကြီး လုပ်နေကြသူများဖြစ်၏။ ဃရာဝါသအိမ်ထောင်မှုကိစ္စများကို မခုံမင်၍သော်လည်းကောင်း၊ လောကီကာမဂုဏ်ကိစ္စများကို စိတ်ပျက်ညည်းငွေ့၍သော်လည်းကောင်း အိမ်ထောင်မပြုသူများဖြစ်သည်။

ဝေဠုဘေးမှာ ဝင်ထိုင်ပြီး အဝိဇ္ဇာမဖက်ဘဲ တဏှာကို ပညာနှင့်သတ်ဖို့အကြောင်းတွေ ပြောနေလျှင် ကမောက်ကမတွေ ဖြစ်ရဦးမည်။ ဝေဠုက စိတ်ပြောင်းသွားပြီး အစီအစဉ်တွေ လွဲချော်ရဦးမည်။

ထို့ကြောင့်…

"အဲ…ဟို…အစ်ကိုကြီးတို့ကို ကျွန်တော် တောင်းပန်တာပါ"

"ဘာတောင်းပန်တာလဲ…"

"သူတို့တွေ စိတ်တိုလာပုံရ၏။ သူရက သွားဖြဲလေးနှင့် ရယ်ပြရသည်။

"အဟီး အစ်ကိုကြီးတို့ လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်မလို့မဟုတ်လား၊ မဝင်နဲ့တော့လေ အစ်ကိုကြီးတို့ကို ကျွန်တော် တီးမစ်တစ်ယောက်တစ်ထုပ် ဝယ်ပေးမယ်လေ၊ ဆိုင်ထဲမဝင်နဲ့တော့…နော်…နော်"

"ဘာကွ…"

"တိုးတိုးပြောပါ…အစ်ကိုကြီးရယ်"

သူတို့ချင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး…

"ကဲ…လာလာ၊ ဝင်မှာ ဝင်ကြရအောင်"

"အဲ…"

သူရက ရှေ့မှ လက်နှစ်ဖက်လုံးဆန့်ပြီး ကာထားရသည်။ အချိုသာဆုံး ပြုံးပြလိုက်ပြီး ...

"မလောပါနဲ့ အစ်ကိုကြီးတို့ရာ"

"ဟာ...ဒီကောင် ဘာကောင်လဲ"

"မဟုတ်ပါဘူး အစ်ကိုကြီးရာ...ကျွန်တော်ပြောတာလေး နားထောင်ပါဦး"

"ပြော...ဘာပြောမလို့တုန်း"

"တိုးတိုးပြောပါ အစ်ကိုကြီးရာ"

"ငါက တိုးတိုးပြောရမှာ မဟုတ်ဘူး၊ မင်းက ကျယ်ကျယ်ပြောရမှာ...ဘာမှန်းလည်းမသိ၊ ညှောင်ညိုညှောင်ညိုနဲ့"

"ဟိုလေ... ဟိုစားပွဲမှာ တစ်ယောက်တည်းထိုင်နေတာက ကျွန်တော့်သူငယ်ချင်းပေါ့၊ အိမ်က မိန်းမပေးစားတာကို မယူချင်လို့ ဒီမှာ ယတြာလာချေနေတာ၊ ဟိုဘက်က နှစ်ယောက်ထိုင်နေတဲ့စားပွဲနဲ့ အပြိုင် ဒီဘက်မှာ သူက တစ်ကိုယ်တည်းထိုင်ပြီး လူပျိုခါတ်ကို ယူနေတာ"

သူတို့တွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။ အံ့သြနေပုံလည်း ရသည်။ သူတို့'အမ်း'သွားကြချိန်မှာ သူရက အခွင့်အရေးကို လက်လွှတ်မခံဘဲ...

"ဟုတ်ပါတယ်...အစ်ကိုကြီးတို့ရာ၊ ခဏလေးပါ။ နောက် (၂)မိနစ်ဆိုရင် အချိန်ပြည့်ပါပြီ...ခဏလေး သည်းခံပါ"

"အေးလေ...မိန်းမ မယူချင်လို့ဆိုရင်တော့လည်း ကူညီရမှာပေါ့၊ လူတစ်ယောက်ကို ကယ်တင်တာ ကောင်းပါတယ်"

အမှန်အကန် လူပျိုကြီးတွေ ဆိုင်ထဲ မဝင်သေးဘဲ ဆိုင်ရှေ့မှာ ယောင်လည်လည် လုပ်နေကြ၏။ ကောင်မလေးတွေ လမ်းမှာ ဖြတ်သွားတာနဲ့ကြုံလျှင် မျက်နှာကြီးတွေကို တည်ထားကြသည်။ ရယ်ရသည်။

သူရက...စတိုးဆိုင်ဆီ ကမန်းကတန်းပြန်ပြေးရသည်။ စတိုးဆိုင်ရှင်က နာရီကိုလှည့်ကြည့်ပြီး သူရကို အဓိပ္ပါယ်ပါပါ ကြည့်၏။ သူရက...





"မပူပါနဲ့ဗျာ...ကျသလောက် ပေးမှာပါ"

ဖုန်းခွက်ကောက်ကိုင်ပြီး...

"ဟဲလို..."

"ဟေ့ကောင်...ဘယ်လိုဖြစ်နေတာလဲကွာ၊ ကြာလိုက်တာ..."

"အေး...နောက်မှပဲ ပြောပြတော့မယ်၊ အခု ငါ ဝေဇျူကို ခေါ်ပြီး မင်းတို့ဆီကိုပဲ လာခဲ့လိုက်တော့မယ်...အဲ့ဒီမှာပဲ စောင့်နေကြ"

"အေး...အေး...စိတ်ချပါ"

ဖုန်းပြောခ ငွေရှင်းပေးရင်း...လက်ဖက်ရည်ဆိုင်ထဲကို လှည့်ကြည့်မိသည်။ ဆိုင်ထဲမှ ကျေးဇူးရှင် လူပျိုကြီးနှစ်ယောက်က လမ်းပေါ်မှာ ဖြတ်သွားသော ကောင်မလေးတစ်ယောက်ကို ရွှန်းလဲ့သော မျက်လုံးများနှင့် လှမ်းကြည့်နေကြသည်။

"ဟေ့ကောင်...ဝေဇျူ...သွားမယ်"

"ဟေ...ဘယ်သွားမှာလဲ"

"ဆုမွန်ကို ခိုးဖို့ သွားရမယ်"

"ဟေ..."

လက်ဖက်ရည်ဖိုး ရှင်းပေးပြီး ဝေဇျူကို ခေါ်ကာ ဆိုင်ထဲမှ ကမန်းကတန်းထွက်ရ၏။ ဆိုင်ရှေ့မှ အမှန်အကန် လူပျိုကြီးများကိုလည်း ရယ်ပြရသေး၏။

ထိုပုဂ္ဂိုလ်ကြီးများက...ဝေဇျူကို အကဲခတ်ရင်း...

"ကောင်းတယ် ညီလေး...ကောင်းတယ်"

"ဗျာ..."

ဝေဇျူက ဘာမှနားမလည်။ ယောဂီဝတ်စုံနှင့်လူက...

"ညီလေး...အခုလုပ်တဲ့အလုပ်က သိပ်မှန်တယ်"

"ဟုတ်...ဟုတ်ကဲ့"

"မိန်းမကိစ္စနဲ့ ပတ်သက်လာရင် ဒီလိုပြတ်သားရတယ်"

ဝေဇျူက ကျောကို ဆန့်လိုက်ပြီး...

"ဟုတ်ကဲ့...အစ်ကိုကြီး၊ ကျွန်တော်အခုပဲ လုပ်စရာရှိတာ သွားလုပ်တော့မလို့"

ပုဂ္ဂိုလ်ကြီးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး…

''ကောင်းတယ်ညီလေး…သိပ်ကောင်းတယ်''

လက်မှာ ပုတီးကိုင်ထားသော သူကလည်း…

''ခုလို ညီလေး အမှန်တရားကို သိလိုက်တဲ့အတွက် အစ်ကိုကြီးတို့ ဝမ်းသာပါတယ်ကွာ…လုပ်စရာရှိတာကို ရဲရဲလုပ်၊ ဘဝကို ရဲရဲဖြတ်သန်းပါ၊ လောကဓံဆိုတာ တကယ်တော့ ဘာမှ မဟုတ်ပါဘူး''

''ဟုတ်ကဲ့…အစ်ကိုကြီး၊ ဟုတ်ကဲ့…''

သူရက စကားကို ဖြတ်၍…

''ကျေးဇူးပဲ အစ်ကိုကြီးတို့ရာ…ကျွန်တော်တို့ကို ခွင့်ပြုပါဦး''

''အေး…အေး…ကောင်းပြီကွယ်''

လမ်းထိပ်ရောက်မှ…

''ဝေငြူ…မင်း…ဦးထုပ်ဆောင်းဦးလေ၊ တော်ကြာ ရဲဖမ်းမယ်''

''အေး…ဆောင်းနေပါတယ်၊ မင်းက အခု ဘယ်ကို သွားနေတာလဲ''

''ထိန်လင်းတို့ သန်းထိုက်တို့ဆီလေ…''

''ဟင်…ဆုမွန်တို့အိမ်ဘက်ကို မသွားဘူးလား''

''သွားမှာပေါ့…၊ ဟိုကောင်တွေ 'နေခြည်ပွင့်'မှာရှိတယ်၊ ဝင်ခေါ်လိုက်ဦးမယ်…ပြီးမှ…''

'နေခြည်ပွင့်' စားသောက်ဆိုင်ကိုရောက်တော့ ဝေငြူက ဆိုင်ထဲသို့ပင် မဝင်။ သူရက အတင်းခေါ်ရသည်။

''လာပါဦး…မလောပါနဲ့၊ ကားတစ်စီးစီးကို ငှားရဦးမှာ…''

ထိန်လင်းနှင့်သန်းထိုက်က ဝမ်းသာအားရဖြစ်နေသည်။ ဝေငြူ မသိအောင် သူရကို လက်ဆွဲနှုတ်ဆက်ကြ၏။

ဝေငြူကိုလည်း ဝိုင်းမေးကြသည်။

''မင်း ဆုမွန်ကို ဘယ်လိုခိုးမှာလဲ''

''ဒီလိုပဲ ခိုးမှာပေါ့၊ သွားမယ်လေ''

''ဟင်…မနက်ကြီး''

''ဘာဖြစ်လဲ သူများတွေက ညဘက် မိန်းမခိုးတယ်၊ ငါက





နေ့ဘက် မိန်းမခိုးတယ်၊ ဘာဖြစ်လဲ''

''ဘယ်လိုခိုးမယ် ဆိုတာကိုရော စဉ်းစားပြီးပြီလား''

''စဉ်းစားနေတယ် ကားပေါ်ကျမှ ပြောမယ်၊ စိတ်ချရတဲ့ ကား တစ်စီးသာ ရဖို့လိုတယ်''

''အေးပါ…အခုစီစဉ်လိုက်ပါ့မယ်''

''သူရရဲ့ ဆိုင်ကယ်ကိုလည်း တစ်ခါတည်း ယူလာခဲ့''

''အေးပါ…တို့က ကားနဲ့သွားပြီး သူရက သူ့ဆိုင်ကယ်နဲ့သူ နောက်က လိုက်လာမှာပေါ့''

ထိန်လင်းက အပြင်ထွက်သွားသည်။ ပြန်လာတော့ ကားတစ်စီး ပါလာသည်။

''ဟင်…လိုင်းကားကြီး''

ထိန်လင်းငှားလာသောကားက Taxi မဟုတ်ချေ။

''ဒီနေ့ လိုင်းမဆွဲလို့ ငါ ငှားလာတာ၊ စိတ်ချရပါတယ်ကွာ''

သန်းထိုက် စိတ်ညစ်သွားပုံရသည်။ ဝေငြူကတော့ ရယ်ရယ်မောမောနှင့်…

''ဘာဖြစ်လဲကွာ သူများတွေက ကိုယ်ပိုင်ကားနဲ့ မိန်းမခိုးတယ်၊ ငါက လိုင်းကားနဲ့ မိန်းမခိုးတယ် ဘာဖြစ်လဲ''

''ဒါပေါ့ အာစရိရယ် အရေးကြီးတာက အဲ့ဒီမိန်းမ ပါလာဖို့ပါ ဟုတ်တယ် မဟုတ်လား…၊ ရွှေလက်နဲ့ခေါ်ခေါ် ရွှံ့လက်နဲ့ခေါ်ခေါ်… ခေါ်ဖြစ်ဖို့သာ လိုပါတယ်''

လိုင်းကားကြီးနှင့်အတူ ပါလာသူက ဝင်ပြော၏။ ထိုအခါကျမှ ထိုကားကို ထိန်လင်း ဘာကြောင့်ငှားလာသလဲဆိုတာ သန်းထိုက်နှင့် သူရ သဘောပေါက်သွားသည်။

''ဪ…ခင်ဗျားကိုး…''

''တိုးတိုးပြောပါဗျာ…''

ရယ်ဖြစ်ကြသည်။ ထိုစပယ်ယာ ပါလာသဖြင့် ဟိုရှေ့နေ မပါလည်း ရပြီ။ ဝေငြူကို စည်းရုံးပြောဆိုနိုင်မည့်သူ ရှိပြီ။ ပျော်ရွှင်စွာ တက်ကြွစွာ သူတို့တွေ ဆုမွန်တို့အိမ်ဘက်ကို မောင်းထွက်လာခဲ့ကြ

တော့၏။

သူရက သူ့ဆိုင်ကယ်နှင့် နောက်ဘက်မှ အေးအေးဆေးဆေး လိုက်လာသည်။ စပယ်ယာက လမ်းမှာ ဝေဠုကို ပြောသည်။

''အစ်ကို့ကို ကျွန်တော် အားကျတယ်ဗျာ''

''ဘာဖြစ်လို့လဲ၊ မိန်းမခိုးတာ အားကျစရာမှ မဟုတ်တာဘဲ''

''ဟာ…အားကျစရာပေါ့၊ အစ်ကိုကြီးရဲ့''

''ဘာဖြစ်လို့လဲ…''

''ဩော်…ဘုရားသခင်က အာဒန်ရဲ့ဘယ်ဖက်နံရိုးတစ်ချောင်းကို ထုတ်ပြီး ဧဝကို ဖန်ဆင်းထားတာလေ''

''အဲ့ဒါ…ဘာဖြစ်လဲ''

''ကိုယ်နဲ့ပေါင်းဖက်ရမယ့် ချစ်သူကို ရတာဟာ အမျိုးသား တစ်ယောက်အနေနဲ့ ကိုယ့်ရဲ့ လိုအပ်နေတဲ့ နံရိုးကို ပြန်ရတာပဲ၊ တစ်သား တည်းပေါင်းဖက်နေထိုင်ကြဖို့သာ လိုတယ်''

ဝေဠုက ပြုံး၏။ သန်းထိုက်နှင့် ထိန်လင်းတို့က တဟားဟား ရယ်ကာ…

''ဒါဖြင့် ဒီမိန်းမကို ခိုးသင့်တယ်ပေါ့''

''ကမ္ဘာဦးကတည်းက ပျောက်ဆုံးသွားခဲ့တဲ့ ကိုယ့်ပစ္စည်းပဲ၊ ဒီကနေ့မှ လာပြန်ယူတာ၊ သူတို့ကတောင် ကိုယ့်ကို ကျေးဇူးတင်ရဦးမယ်''

တဝါးဝါး ရယ်ဖြစ်ကြသည်။ ရယ်သံများအဆုံးမှာ ဝေဠုက…

''သန်းထိုက်နဲ့ ထိန်လင်း''

''ဟေ…''

''ဆုမွန်တို့ရဲ့ မျက်စောင်းထိုးအလုပ်ရုံမှာ ဖုန်းရှိတယ်…အဲ့ဒီကနေ ငါ ဖုန်းဝင်ဆက်မယ်''

''ဟင်…ဆုမွန်က ဖုန်းမကိုင်ဘူးနော်''

''အေးပါ…သိပါတယ်၊ ငါပြောပြမယ်…ဒီလို…''

ဝေဠုက သူ့အကြံကို ပြောပြ၏။ ဝေဠု၏စကားအဆုံးမှာ အားလုံးက ရင်ခုန်တက်ကြွလာကြတော့၏။

❀❀❀





''တောင်းပန်ပါတယ်…
နင့်ကို ငါ မချစ်နိုင်တာ ခွင့်လွှတ်ပါ''
သူကသာ အဲ့လိုပြောလာခဲ့ရင်…

''တောင်းပန်တာကို ခွင့်လွှတ်တယ်
မချစ်နိုင်တာကိုတော့ ခွင့်မလွှတ်ဘူး''
အဲလိုမျိုး…ကျွန်တော် ပြန်ပြောလိုက်မယ်။

…ယုံ။

(၁၆)

**အစီအစဉ်[၁]အရ...**

ဝေဠုက...ဆုမွန်တို့အိမ် မျက်စောင်းထိုးတွင်ရှိသည့် အလုပ်ရုံတွင် ဖုန်းဝင်ဆက်သည်။ သုံးမိနစ် အစိပ်ဖြစ်သော်လည်း...တစ်မိနစ်သာ ဆက်ခဲ့သည်။ ဖုန်းစကားပြောခဲ့ပုံက အောက်ပါအတိုင်းဖြစ်သည်။

''ဟဲလို...ဦးသက်မွန်လား''

''ဟုတ်ကဲ့...သက်မွန်...ပြောနေပါတယ်''

''သြော်...ဟုတ်ကဲ့...ကျွန်တော် တာဝန်သိ လုပ်သားပြည်သူတစ်ဦးပါ''

''ဟာ...ဒီအိမ်က ရဲစခန်း မဟုတ်ဘူးဗျ''

''သိပါတယ်...ဦးသက်မွန်တို့ရဲ့ အိမ်နောက်ဘက်မှာ မသင်္ကာစရာ လူတချို့ကို တွေ့ရလို့ပါ...''

''ဘာ...''

''ဟုတ်ပါတယ်...''





''ဘာလဲ...သူခိုးတွေလား၊ ဓါးပြတွေလား...ဘယ်**နှစ်ယောက်**လဲ''

''နှစ်ယောက်တည်းပါ...၊ သူခိုးဓါးပြပုံတော့ မပေါ်ပါဘူး။ တက္ကသိုလ်ကျောင်းသားပုံနဲ့ ရည်ရည်မွန်မွန်လူငယ်တွေပါ...''

''သူတို့က ဘာလုပ်နေကြတာလဲ''

''ဦးသက်မွန်တို့ အိမ်ထဲကို လှမ်းလှမ်းကြည့်ပြီး၊ **တစ်စုံတစ်**ယောက်ကို အချက်ပြခေါ်ထုတ်ဖို့ ကြိုးစားနေတဲ့ဟန် ရှိပါတယ်''

''အာ...ဟုတ်ပြီ...ဟုတ်ပြီ...သိပြီ၊ သဘောပေါက်ပြီ၊ ကျေးဇူးပဲ...အခုပဲ ကျုပ်...အဲဒီကိစ္စကို ဖြေရှင်းလိုက်မယ်...''

''ကောင်းပါပြီ...''

ဝေဠု ဖုန်းချလိုက်၏။

**အစီအစဉ်[၂]အရ...**

ဆုမွန်တို့အိမ်နောက်သို့ ထိန်လင်းနှင့်သန်းထိုက်တို့ ရောက်နေသည်။ အိမ်ထဲမှလှမ်းကြည့်လျှင် မမြင် မြင်အောင် ဟန်ရေးပြပြီး လမ်းသလားနေသည်။ အိမ်ထဲသို့လည်း ပြူးတူးပြဲတဲပုံစံ မပေါက်ပေါက်အောင် ခုန်ပေါက်ကြည့်နေကြသည်။

နောက်ဖေးပြတင်းပေါက်ကို ဖွင့်ပြီး...ဦးသက်မွန်တို့ ဇနီးမောင်နှံနှင့် အပေါင်းအပါတစ်စုတို့က လှမ်းကြည့်သောအခါ ခပ်တည်တည်လုပ်နေလိုက်ကြသည်။

''ဟေ့ကောင်တွေ ဘာလုပ်နေကြတာလဲ...''

''ဘာမှမလုပ်ပါဘူး''

''ဘာမှမလုပ်ရင် ဘာလုပ်နေတာလဲ''

''ဟင်...ဘာမှမလုပ်ပါဘူးဆိုမှ...''

''ဘာမှမလုပ်ရင် ဘာလုပ်နေတာလဲလို့ မေးနေတာ...''

"ဘာမှမလုပ်လို့ ဘာမှမလုပ်ပါဘူးဆို"

သူတို့ ထိုသို့ စကားအခြေအတင် ပြောနေကြချိန်မှာပဲ…ထို နောက်ဘက်လမ်းထဲသို့ လူတစ်ယောက် အေးအေးဆေးဆေး လျှောက် ဝင်လာသည်။ လေချွန်ပြီး…လက်ကလည်း ပေါင်ကို စည်းချက် လိုက် လာ၏။ သူကလည်း မလှမ်းမကမ်းတစ်နေရာမှာရပ်ကာ ဆုမွန်တို့အိမ်ကို မျှော်ကြည့်နေသည်။ ဟန်ကျပန်ကျ…လက်ပိုက်၍ ကြည့်နေခြင်း ဖြစ်သည်။ ထိုလူက စပယ်ယာဖြစ်ချေသည်။

အခြေအနေက မှုမှန်မဟုတ်ကြောင်း ဦးသက်မွန်လည်း ကောင်း ကောင်းရိပ်မိသည်။ ကုမ္ပဏီသို့ သွားရန် ဝတ်ထားသော တိုက်ပုံအင်္ကျီ ကိုချွတ်ကာ…

"သမီး…ဆုမွန်"

"ရှင်…"

"သွားစမ်း…"

"ဘယ်ကို သွားရမှာလဲ…အဲဒီနောက်ဖေးကိုလား"

"အံမယ်…ငါ ကောက်ပေါက်လိုက်ရရင်…"

"ဒါဖြင့် ဘယ်ကိုသွားရမှာတုန်း…ဖေဖေရဲ့"

"အိမ်ရှေ့ဘက်ကို သွားနေ…"

ဆုမွန် နှုတ်ခမ်းစူပြီး အိမ်ရှေ့ဘက်သို့ ထွက်လိုက်ရသည်။ အိမ်နောက်မှာ ရောက်နေတာ ဘယ်သူတွေမှန်းပင် မသိ။ ကြည့်ခွင့်မရခဲ့၍ မမြင်လိုက်ချေ။

ဦးသက်မွန်က နောက်ဖေးပြတင်းပေါက်မှ အော်၏။

"ဟေ့ကောင်တွေ…မင်းတို့ အခု ငါ့အိမ်နောက်က ထွက်သွား ကြစမ်း…"

ထိန်လင်းနှင့်သန်းထိုက်တို့က ရယ်ပြကြ၏။

"ဟီးဟီး…"

"မင်းတို့ သွားဆိုတာ မသွားဘူးလား…ဘာကောင်တွေလဲ"

"ဟီးဟီး"

ဦးသက်မွန်…ဒေါသအမျက်ချောင်းချောင်း ထွက်တော့သည်။





စပယ်ယာကိုပါ လှမ်းလက်ညှိုးထိုးကာ…

"ဟိုက…လက်ပိုက်ကြည့်နေတဲ့ကောင်က ဘာကောင်လဲ"

ထိုအချိန်မှာ စပယ်ယာက သူတို့အိမ်ကို မကြည့်တော့ဘဲ မိုးပေါ်ကို မျှော်ကြည့်နေပြီဖြစ်၏။ မေးကို လက်နှင့်ပွတ်ပြီး…တစ်စုံတစ်ရာ ကို အလေးအနက် စဉ်းစားနေပုံ ရှိ၏။

ဦးသက်မွန် မျက်မှောင်ကြုတ်သွားသည်။ ဒီတစ်ယောက်က ဟိုနှစ်ယောက်နှင့် တူတူပဲလား…၊ မတူဘူးလား…၊ ဘာတွေလဲ…၊ ဘယ်သူတွေလဲ…နားလည်ရ အတော်ခက်သွား၏။

"ဟေ့ကောင်…မင်းကို ငါ မေးနေတယ်…မကြားဘူးလား"

ထိုသို့ဖြင့်…။

**အာဗီအာစဉ်[၃]အာရုံ…**

ဝေဠုက ဆုမွန်တို့အိမ်ထဲသို့ အိမ်ရှေ့မှပင် ခပ်တည်တည် ဝင်သွားလိုက်သည်။ အားလုံးလိုလိုက အိမ်နောက်ဘက် ရောက်နေကြ၍ အိမ်ရှေ့မှာက ဆုမွန်တစ်ယောက်တည်း…။

"ဟင်…ဝေဠု…"

ဆုမွန် အရမ်းဝမ်းသာသွားသည်။ မျက်လုံးများ လက်ခနဲခနဲ အောင် လင်းတောက်သွား၏။ ဝေဠုက…နှုတ်ခမ်းမှာ လက်ညှိုးတေ့ ၍…

"ရှူး…တိုးတိုး…"

"ဝေဠု…တို့ကို လာခိုးတာလား"

"အင်း…"

"ဟင်…မနက်စောစောစီးစီးကြီး"

"ဒီလိုအချိန် ခိုးမှဖြစ်မှာပေါ့…မနက်ဖြန်ခါပဲ ဦးတင်ကိုကိုက လာတောင်းတော့မယ်…တို့တွေ ညဘက်…လာခိုးလိမ့်မယ်လို့ မင်း၊

အဖေက ဒီတစ်နေ့စာအတွက် သေသေချာချာ တွက်ထားမှာပေါ့၊ ညဘက် လာခိုးလို့ ဘယ်လိုမှ မလွတ်နိုင်ဘူး၊ ကဲ…ထားပါတော့…မှတ်ပုံတင် ယူလိုက်''

''ယူထားပြီးပြီ…အဆင်သင့်ပဲ၊ အခြေအနေ ထူးမှန်းသိလို့ အဆင်သင့်ထုတ်ထားတာ၊ လက်ဝတ်လက်စားတွေလည်း ချွတ်ထားပြီးပြီ…''

''အိုကေ…လာ…ဒါဖြင့်သွားကြမယ်…ကိုယ့်နောက်က…ခပ်တည်တည်လိုက်ခဲ့…''

**အာစီအာစဉ်(၄)အရ…**

တိုက်ဝန်းကြီးတစ်ခုရှေ့မှာ ဆိုင်ကယ်ကို ထိုးရပ်ပြီး ဝေဠုနှင့် ဆုမွန်တို့…အပေါ်ထပ်သို့ ကပျာကယာ ပြေးတက်သွားကြသည်။

''အေး…လာလာ…ဦး…စောင့်နေတာ ကြာသွားပြီ''

လက်ထပ်မင်္ဂလာစာချုပ်ကို အဆင်သင့်ရှိနေသော သက်သေများနှင့်အတူ သူတို့ လက်မှတ်ရေးထိုးကြ၏။ ထိုအချိန်မှာပင်…

ထိန်လင်း၊ သန်းထိုက်နှင့် စပယ်ယာလေးတို့ကလည်း နောက်နောင် ထိုနောက်ဖေးလမ်းကြားသို့ မဝင်တော့ပါဘူးဟူသော ဝန်ခံချက်ကို ရာအိမ်မှူးထံတွင် လက်မှတ်ရေးထိုးခဲ့ရသည်။

အိမ်မှာကျန်ခဲ့သော အဒေါ်အပျိုကြီးနှစ်ယောက်က ဆုမွန် ပျောက်နေတာကို သိပြီး ပျာယာခတ်နေကြသည်။ သို့သော်… ဦးသက်မွန်က ရာအိမ်မှူးထံတွင် ရောက်နေ၍ သူမတို့လည်း ဘာမှ မလုပ်တတ်။

ရာအိမ်မှူးထံမှ ပြန်ထွက်လာသော သန်းထိုက်တို့ သုံးယောက် ငှားထားသည့်ကားက အဆင်သင့် လာကြိုသည်။ လမ်းလျှောက်၍ ပြန်ရသော ဦးသက်မွန်က နားမလည်နိုင်သော မျက်လုံးများနှင့်ကြည့်ပြီး ကျန်ရစ်ခဲ့သည်။





**အာစီအာစဉ်(၅)အရ…**

ဝေဠုတို့၏ ဆိုင်ကယ်နှင့် သန်းထိုက်၊ သူရ၊ ထိန်လင်း…စပယ်ယာတို့ပါသော ကားက 'နေခြည်ပွင့်' စားသောက်ဆိုင်ရှေ့မှာ ဆုံကြသည်။

ဆုမွန်တို့အိမ်က သူ့ကို သိနေ၍ ဤပွဲတွင် ဝင်မနွှဲရသော သူရက တဖျစ်တောက်တောက် လုပ်နေသည်။ သူ့ဘဝကိုသူ အားမလိုအားမရ ဖြစ်နေ၏။ ထိုဆိုင်မှာ…သူတို့တွေ ပျော်ပျော်ရွှင်ရွှင်နှင့် စားသောက်ကြသည်။ သူရက…

''ဒီလင်…ဒီမယား အိုအောင် မင်းအောင် ပေါင်းရပါစေ…''

''တိုးတိုးပြောပါ…''

''အေး…မလောပါဘူး''

အားလုံး ရယ်လိုက်မိကြသည်။

**အာစီအာစဉ်(၅)၏ နောက်ဆက်တွဲသည်**

မထင်မှတ်ဘဲ ဖြစ်သွားခဲ့ခြင်းဖြစ်သည်။ ဝေဠုတို့အတွက် စီစဉ်ထားသော အိမ်ခန်းသို့ အသွား…

''ဟ…မြန်မြန်မောင်းပါဟ…မြန်မြန်မောင်း''

''ဖြည်းဖြည်းသွားလို့ ရပါပြီကွ…တိုးတိုးပြောပါ…ဝေဠုရယ်၊ ဘာတွေလောနေတာလဲ မလောပါနဲ့''

''ဟို…ဟိုမှာ…''

မီးပွိုင့်တွင် ဖြစ်၏။ ဝေဠု ညွှန်ပြရာကိုကြည့်တော့…ကိုယ်ဝန်အရင့်အမာကြီးနှင့် ဆိတ်မကြီး။

''အဲဒါပြောနေတာပေါ့…၊ ကျယ်ကျယ်ပြောမှာပဲ…လောမှာပဲ…အခုပဲ ငါ မိန်းမခိုးပြေးလာတယ်…ခုပဲ ငါ…ငါ ကလေးမွေးချင်လာပြီကွာ''

ငါဟာ မင်းလက်ခုပ်ထဲက ပန်းပေါ့
ပန်လိုပန် နမ်းလိုနမ်းပါ...

မင်းကတော့...
ငါ့လက်ခုပ်ထဲမှာ...သမုဒ္ဒရာ...။ ။

တာရာမင်းဝေ


ကျေးဇူးတင်ပါသည်။
မြန်မာပြည်သား
Thank You